၁၀-အဝိဇ္ဇာဒုက်

အဝိဇ္ဇာ စ၊ သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟသည်လည်း။ ဝါ၊ သစ္စာ ၄-ပါးတို့၌ မသိခြင်း မောဟသည်လည်း။ ဝါ၊ သိအပ်သည်ကို မသိတတ်သော မောဟသည်လည်း။ ဝါ၊ မသိအပ်သည်ကို သိတတ်သော မောဟသည်လည်း။ အတ္ထိ၊ ရှိ၏။

ဘဝတဏှာ စ၊ ဘဝကို တောင့်တသော လောဘသည်လည်း။ ဝါ၊ ဘဝတို့၌ တပ်မက်မောသော လောဘသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— သစ္စာ ၄-ပါးကို ဖုံးလွှမ်းတတ်သော မောဟ ရ၏။

ဒုတိယ....ကား— ဘဝကို တပ်မက်မောသော လောဘ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ အဝိဇ္ဇာ, ဘဝတဏှာ ကြဉ်သော စေတသိက် ကေ-ပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၁-ဘဝဒိဋ္ဌိဒုက်

ဘဝဒိဋ္ဌိ စ၊ ကြေ,ည်၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာအယူသည်လည်း။ ဝါ၊ မိမိကိုယ်သည်ရင်း လောကသည်ရင်း ဖြစ်လတ္တံ့ဟု ဖောက်ပြန်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ဝိဘဝဒိဋ္ဌိ စ၊ ပြတ်သည်၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာ အယူသည်လည်း။ ဝါ၊ မိမိကိုယ်သည်ရင်း, လောကသည်ရင်း မဖြစ်လတ္တံ့ဟုဖောက်ပြန်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—ဘဝဒိဋ္ဌိ ရ၏။

ဒုတိယ....ကား—ဝိဘဝဒိဋ္ဌိ ရ၏။

http://www.dhammadownload.com

စိတ်တခုယုတ် ကိုးဆယ်၊ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိကြဉ်သော စေတသိက် ဒွေပညာသ၁ ရှုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၂-သဿတဒိဋ္ဌိဒုက်

သဿတဒိဋ္ဌိ စ၊ မိမိကိုယ်သည်ရင်း, လောကသည်ရင်း မြဲ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ဥစ္ဆေဒဒိဋ္ဌိ စ၊ မိမိကိုယ်သည်ရင်း, လောကသည်ရင်း ပြတ်လတ္တံ့ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—သဿတဒိဋ္ဌိ ရ၏။

ဒုတိယ....ကား—ဥစ္ဆေဒဒိဋ္ဌိ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရှုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၃-အန္တဝါဒိဒ္ဓိဒုက်

အန္တဝါဒိဋ္ဌိ စ၊ မိမိကိုယ်သည်ရင်း, လောကသည်ရင်း အဆုံးရှိ၏ဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

အနန္တဝါဒိဋ္ဌိ စ၊ မိမိကိုယ်သည်ရင်း, လောကသည်ရင်း အဆုံးမရှိဟုဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—အန္တဝါဒိဋ္ဌိ ရ၏။

ဒုတိယ....ကား—အနန္တဝါဒိဋ္ဌိ ရ၏။

စိတ်တခုယုတ်ကိုးဆယ်၊ အန္တဝါဒိဋ္ဌိ, အနန္တဝါဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရှုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁။ ကိလေသာ ၁၀-ပါး ၌ အကျုံးဝင်သော ဒိဋ္ဌိကို—

တတ္ထ ကတမာ ဒိဋ္ဌိ၊ သဿတော လောကောတိ ဝါ။ပ။ ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဒိဋ္ဌိ။ သမ္ဘာပိ မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိ—

ဟု ဟောတော်မူခြင်းကြောင့် ဒိဋ္ဌိအကုန် ရသည်။ (ပါဠိ-၂၄၅)။

ဤဒုက်၌ ဘဝ, ဝိဘဝဒိဋ္ဌိကိုကား—

တတ္ထ ကတမာ ဘဝဒိဋ္ဌိ ။ပ။ ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဘဝဒိဋ္ဌိ—

တတ္ထ ကတမာ ဝိဘဝဒိဋ္ဌိ ။ပ။ ဝိပရိယာသဂ္ဂါဟော။ အယံ ဝုစ္စတိ ဝိဘဝဒိဋ္ဌိ-

ဟူ၍သာ ဟောတော်မူခြင်းကြောင့် ဒိဋ္ဌိ အကုန်မရ။ (ပါဠိ-၂၅၂)။

http://www.dhammadownload.com

၁၄-ပုဗ္ဗန္တာနုဒိဋ္ဌိဒုက်

ပုဗ္ဗန္တာနုဒိဋ္ဌိ စ၊ ရှေအဖိုသို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ ၀၊ ရှေအဖိုကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

အပရန္တာနုဒိဋ္ဌိ စ၊ နောက်အဖိုသို့ အစဉ်လိုက်သော မိစ္ဆာအယူသည်လည်း။ ၀၊ နောက်အဖိုကို အာရုံပြု၍ ဖြစ်သော မိစ္ဆာအယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—ပုဗ္ဗန္တာနုဒိဋ္ဌိ ရ၏။

ဒုတိယ....ကား—အပရန္တာနုဒိဋ္ဌိ ရ၏။

စိတ်တခုယုတ် ကိုးဆယ် ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၅-အဟိရိကဒုက်

အဟိရိကဋ္ဌ၊ စက်ဆုပ်အပ်သော ကာယဒုစရိုက်စသည်ကို မစက်ဆုပ်တတ်သော သဘောတရားသည်လည်း။ ၀၊ ရှက်အပ်သော ကာယဒုစရိုက်စသည်မှ မရှက်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

အနောတ္တပ္ပဋ္ဌ၊ လန့်အပ်သော ကာယဒုစရိုက် စသည်မှ မလန့်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— အဟိရိက ရ၏။

ဒုတိယ....ကား— အနောတ္တပ္ပ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ အဟိရိက, အနောတ္တပ္ပ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၆-ဟိရိဒုက်

ဟိရီ စ၊ စက်ဆုပ်အပ်သော ကာယဒုစရိုက် စသည်ကို စက်ဆုပ်တတ်သော သဘောတရားသည်လည်း။ ၀၊ ရှက်အပ်သော ကာယဒုစရိုက် စသည်မှ ရှက်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

သြတ္တပ္ပဋ္ဌ၊ လန့်အပ်သော ကာယဒုစရိုက် စသည်မှ လန့်တတ်သော သဘောတရားသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— ဟိရီ ရ၏။

ဒုတိယ....ကား— သြတ္တပ္ပ ရ၏။

http://www.dhammadownload.com

စိတ်တခုယုတ် ကိုးဆယ်၊ ဟိရီ ကြောက်မှု ကြောင့်သော စေတသိက် ပညာသ၊ ရူပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၇-ဒေါဝစ္ဆတာဒုက်

ဒေါဝစ္ဆတာ စ၊ ဆိုဆုံးမခက်သော စကားရှိသော သူ၏ အမှု၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပါပမိတ္တတာ စ၊ ယုတ်မာသော အဆွေခင်ပွန်း ရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရှိမသေ ပြုသောအခါ ဒေါသမူဒ္ဓေ၊ စေတသိက် ဗာဝီသ ရ၏။

ဒုတိယ....ကား— အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သော အခါ လောဘမူ စိတ် ၈-ခု၊ မောဟမူဒ္ဓေ၊ စေတသိက် တေဝီသ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မရှိမသေ ပြုသောအခါ ဒေါသမူဒ္ဓေ၊ အဆွေခင်ပွန်းယုတ်ကို ဆည်းကပ်သောအခါ လောဘမူ၊ မောဟမူမှ တပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၈-ဒသာဝစ္ဆတာဒုက်

သောဝစ္ဆတာ စ၊ ဆိုဆုံးမလွယ်သော စကားရှိသောသူ၏ အမှု၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ကလျာဏမိတ္တတာ စ၊ ကောင်းသော အဆွေခင်ပွန်း ရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

၁။ ရှေးဆရာမြတ်တို့ကား ဒေါသမူ သာမည၊ လောဘမူ, မောဟမူ သာမည စိတ္တုပ္ပါဒ်ကို ကောက်တော်မူကုန်၏။

တတ္ထ ကတမာ ဒေါဝစ္ဆတာ။ သဟဓမ္မိကေ ဝုစ္စမာနေ ။ ပ ။ အပ္ပဋိဿဝတာ ။ အယံ ဝုစ္စတိ ဒေါဝစ္ဆတာ။

တတ္ထ ကတမာ ပါပမိတ္တတာ။ ယေ တေ ပုဂ္ဂလာ အဿဒ္ဓါ ။ ပ ။ တံသမ္ဘဝေါ်တာ ။ အယံ ဝုစ္စတိ ပါပမိတ္တတာ။

ဟူသော ပါဠိတော် (၂၅၇) နှင့် ညီအံ့မထင်။

http://www.dhammadownload.com

ပဌမ....ကား— ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာ နားထောင်သောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာ-ကြိယာစိတ် ၈-ခု[1]၊ ဝိရတိ, အပွမည္ဘာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ဒုတိယ....ကား— အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာ-ကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု[1]၊ ဝိရတိ, အပွမည္ဘာ ကြဉ်သော စေတသိက် တေတ္တိံသ ရ၏။

ဘုရားဟောတော်မူအပ်သော သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ရှိသေစွာ နားထောင်သောအခါ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်သောအခါ မဟာကုသိုလ်, မဟာကြိယာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ-ပညာသ၊ ရှပ် အင္ဘဝိသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁၉-အာပတ္တိကုသလတာဒုက်

အာပတ္တိကုသလတာ စ၊ အာပတ်၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အာပတ္တိဝုဋ္ဌာနကုသလတာ စ၊ အာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—အာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ[2] ရ၏။

ဒုတိယ....ကား— အာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ ရှိသော ပညာ[2] ရ၏။

---

[1] ရှေးဆရာမြတ်တို့ကား မဟာကုသိုလ် သာမည စိတ္တုပ္ပါဒ်ကိုသာ ကောက်တော်မူကုန်၏၊ မဟာကြိယာ ကြွင်းခဲ့၏။

တတ္ထ ကတမာ သောဝေစ္ဆတာ။ သဟဓမ္မိကေ ဝုစ္စမာနေ။ပ။ သပ္ပဋိဿဝတာ။ အယံ ဝုစ္စတိ သောဝစ္ဆတာ။

တတ္ထ ကတမာ ကလျာဏမိတ္တတာ။ယေ တေ ပုဂ္ဂလာ သဒ္ဓါ။ပ။ တံ သမ္ဘဝတိ။ အယံ ဝုစ္စတိ ကလျာဏမိတ္တတာ—

ဟူသော ပါဠိ (၂၅၈) နှင့် ညီအံ့မထင်။

[2] ရှေးဆရာမြတ်တို့ကား မဟာကုသိုလ်ဉာဏသမ္ပယုတ် သာမည္ညကိုသာ ကောက်တော်မူကုန်၏။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်၌ ရှိသော ပညာ ကြွင်းခဲ့၏။

တတ္ထ ကတမာ အာပတ္တိကုသလတာ။ပ။ အမောဟော ဓမ္မဋ္ဌိတယော သမ္ပဿဒိဋ္ဌိ။ အယံ

http://www.dhammadownload.com

၂၁-ဓာတုကုသလတာဒုက်

အာပတ်, အာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာ-ကြိယာ ဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရှပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၀-သမာပတ္တိကုသလတာဒုက်

သမာပတ္တိကုသလတာ ၈၊ ရူပစျာန်, အရူပစျာန် တည်းဟူသော သမာပတ် ၈-ပါး, သမာပတ် ၉-ပါးတို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

သမာပတ္တိဝုဋ္ဌာနကုသလတာ စ၊ သမာပတ်မှ ထခြင်း၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— သမာပတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်-စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ဒုတိယ....ကား— သမာပတ်မှ ထခြင်းကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

သမာပတ်, သမာပတ်မှ ထခြင်း ၂-ပါးကို သိစွမ်းနိုင်သော မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရှပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၁-ဓာတုကုသလတာဒုက်

ဓာတုကုသလတာ စ၊ တဆယ့်ရှစ်ပါးသော မာတ်တို့၌ လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

မနသိကာရကုသလတာ စ၊ တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ လိမ္မာသော သူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဝုစ္စတိ အာပတ္တိကုသလတာ။

တတ္ထ ကတမာ အာပတ္တိဝုဋ္ဌာနကုသလတာ။ ပ။ အမောဟော မမ္မေဝိစယော သမ္မာ-ဒိဋ္ဌိ။ အယံ ဝုစ္စတိ အာပတ္တိဝုဋ္ဌာနကုသလတာ-ဟူသော ပါဠိတော် (၂၅၈)။

တတ္ထ သဟဝတ္ထုနာ တာသံ အာပတ္တိနံ ပရိစ္ဆေဒေနနကပညာ အာပတ္တိကုသလတာ နာမ။ သယ ကမ္မဝါစာယ အာပတ္တိဝုဋ္ဌာနပရိစ္ဆေဒေနနကပညာ ပန အာပတ္တိဝုဋ္ဌာန-ကုသလတာ နာမ ဟူသော အဋ္ဌကထာ (၄၂၃) တို့နှင့် မညီ။

http://www.dhammadownload.com

ပဌမ ကား— တဆယ့်ရှစ်ပါးသော ဓာတ်ကို သိစွမ်းနိုင်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုဌ် ရှိသော ပညာ ရ၏။

ဒုတိယ.. ကား— တဆယ့်ရှစ်ပါးသော ဓာတ်ကို နှလုံးသွင်းနိုင်သော မဟာ-ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခုရှိဌ်သော ပညာ ရ၏။

ဓာတ် တဆယ့်ရှစ်ပါးကို သိစွမ်းနိုင်, နှလုံးသွင်းနိုင်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခုဌ်ရှိသော ပညာမှ ဘပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန် ကား ဒုက်မုတ်။

၂၂-အာယတနကုသလတာဒုက်

အာယတနကုသလတာ စ၊ တဆယ့်နှစ်ပါးသော **အာယတန**တို့ဌ် လိမ္မာ သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဋ္ဌိစ္စသမုပ္ပါဒကုသလတာ **စ၊** တဆယ့်နှစ်ပါးသော **အင်္ဂါ**ရှိသော ပဋ္ဌိစ္စ-သမုပ္ပါဒ်ဌ် လိမ္မာသော သူ၏ အဖြစ်သည်လည်း။ **အတ္ထိ**၊ ရှိ၏။

ပဌမ....ကား—တဆယ့်နှစ်ပါးသော **အာယတန**ကို သိစွမ်းနိုင်သော မဟာ-ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေ၊ မဂ်စိတ် ၄-ခုဌ်ရှိသော ပညာ ရ၏။

၁။ အဘိညာဉ်ဒွေဌ် ရှိသော ပညာကို အသိုမှု၍ ကောက်သနည်း။

ဓာတုဝိသယာ သမ္ဘာပိ ပညာ ဓာတုကုသလတာ။ **မူလဋ္ဌိကာ (၁၈၃)**။

မဂ်စိတ် ၄-ခုဌ် ရှိသော ပညာကို အသိုမှု၍ ကောက်သနည်း။

ဆမ္ဘသနပညာ၊ သာ မဂ္ဂသမ္ပယုတ္တာ အနိစ္စာဒိသမ္ဘသနကိစ္စံ သာဓေတိ၊ နိစ္စ-သညာဒိပဟာနတော။ **မူလဋ္ဌိကာ (၁၈၃)**။

အဋ္ဌာရသန္နံ ဓာတူနံ ဉဏဟ မနသိကာရ သဝန ဓာရဏ ပရိစ္ဆေဒ ဇာနနက ပညာ ဓာတုကုသလတာ နာမ ။ ပ ။ တီသုပိ ဝါ တောသု ကုသလတာသု ဉဏဟော မနသိ-ကာရော သဝနံ သမ္ဘသနံ ပဋ္ဌိဝေဓော ပစ္စဝေက္ခဏာတိ သမ္ဘံ ဝဋ္ဋတိ။ တတ္ထ သဝန-ဉဏဟ ပစ္စဝေက္ခဏာ လောကိယာ၊ ပဋ္ဌိဝေဓော လောကုတ္တရော၊ သမ္ဘသနမနသိ-ကာရော လောကိယလောကုတ္တရမိဿကာ။ **အဋ္ဌကထာ (၆၂၄)**။

http://www.dhammadownload.com

ဒုတိယ....ကား— တဆယ့်နှစ်ပါးသော အင်္ဂါရှိသော ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိစ့ဖ်မ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေ၊ မဂ်စိတ် ၄-ခုဟူရှိသော ပညာ ရတတ်။

အာယတန ၁၂-ပါး, ပဋ္ဌိစ္စသမုပ္ပါဒ် ၁၂-ပါးကို သိစ့ဖ်မ်းနိုင်သော မဟာ-ကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ အဘိညာဉ် ဒွေ မဂ်စိတ် ၄-ခုဟူရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၃-ဌာနကုသလတာဒုက်

ဌာနကုသလတာ စ၊ အကြောင်းဟုတ်သည်ဟု လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အဌာနကုသလတာ စ၊ အကြောင်းမဟုတ်သည်ဟု လိမ္မာသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— စက္ခုပသာဒသည် စက္ခုဝိညာဉ်၏ အကြောင်းတည်း၊ သရက်စေ့သည် သရက်ပင်၏ အကြောင်းတည်း စသည်ဖြင့် အကြောင်း ဟုတ်သည်ကို သိစ့ဖ်မ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေဟူ ရှိသော ပညာ ရတတ်။

ဒုတိယ....ကား— စက္ခုပသာဒသည် သောတဝိညာဉ်၏ အကြောင်းမဟုတ်၊ သရက်စေ့သည် ထန်းပင်၏ အကြောင်းမဟုတ် စသည်ဖြင့် အကြောင်း မဟုတ်သည်ကို သိစ့ဖ်မ်းနိုင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာ-ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ်ဒွေဟူ ရှိသော ပညာ ရတတ်။

အကြောင်းဟုတ်သည် မဟုတ်သည်ကို သိစ့ဖ်မ်းနိုင်သော မဟာကုသိုလ် မဟာ-ကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဘိညာဉ် ဒွေဟူ ရှိသော ပညာမှတပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၄-အင္ဇဝဒုက်

အင္ဇဝေါ စ၊ ဖြောင့်မတ်သောသူ၏အဖြစ်သည်လည်း။ ဝါ၊ ဖြောင့်မတ်သော စိတ်၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

မဒ္ဒဝေါ စ၊ နူးညံ့သောသူ၏ အဖြစ်သည်လည်း။ ဝါ၊ နူးညံ့သော စိတ်၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

http://www.dhammadownload.com

ပဌမ...ကား— ကာယုဇုကတာ, စိတ္တုဇုကတာ[1] ရ၏။

ဒုတိယ....ကား— ကာယမုဒုတာ, စိတ္တမုဒုတာ[2] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ ကာယုဇုကတာ, စိတ္တုဇုကတာ, ကာယမုဒုတာ, စိတ္တမုဒုတာ ကြဉ်သော စေတသိက် အဌစတ္တာလီသ၊ ရှုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၅-ခန္ဓိဒုက်

ခန္ဓိ စ၊ သည်းခံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

သောရစ္စဉ္ဉ၊ ကောင်းသောအမှုဌ် မွေ့လျော်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— သည်းခံခြင်း အဒေါသ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဌတိံ သ[3] ရ၏။

ဒုတိယ .... ကား— သီလစေကနှာ ပြဓာန်းသော မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊လောကုတ္တရာစိတ် ၈-ခု၊အပွမညာ-ကြဉ်သော စေတသိက် ဆတ္တိံ သ ရ၏။

သည်းခံခြင်း အဒေါသ၊ သီလစေတနှာ ပြဓာန်းသော မဟာကုသိုလ်, မဟာ-ကြိယာမှတပါး လောကီစိတ် ကောသိတိ၊စေတသိက် ဒွေပညာသ၊ ရှုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

---

[1]။ အဌဝမဒ္ဒဝနိဒ္ဒေသေ **နိစ္စစိတ္တာ**တာတိ ပဒမတ္တမေဝ ဝိသေသော။ပ။ သေသံ **စိတ္တုဇုကတာ**စိတ္တမုဒုတာနံ ပဒဘာဇနိယေ **အာဂတ**မေဝ—

ဟူ၍ မိန့်သော အဌကထာ(၄၂၄)ဆရာမြတ် အလိုသော်ကား စိတ္တုဇုကတာ, စိတ္တမုဒုတာ ကိုသာ ကောက်လိုရှိပ်ရှိ၏။

ရှေးဆရာမြတ်တို့ကား ပညာကိုလည်း ကောက်တော်မူကုန်၏။ ပါဠိ, အဌကထာ, ဋီကာ အထူးမထင်။

[2]။ ပဌမပုဒ်၏အရ သည်းခံခြင်းကို ကောက်သည်တွင် အဌကထာ (၄၂၅) ၌—

အတ္တမနတာ စိတ္တဿာတိ သောမနဿဝသေန စိတ္တဿ သကမနတာ—

ဟူ၍ မိန့်ရကား သောမနဿသဟဂုတ်ကိုသာ လို၏။

ဋီကာ (၁၈၄) ၌—

အတ္တမနော ဂါ ပုဂ္ဂလော တဿ ဘာဝေါ အတ္တမနတာ။ သာ န သတ္ဓိဿာတိ ပုဂ္ဂလဒိဋ္ဌိနိဝါရဏတ္ထံ စိတ္တဿာတိ ဝုတ္တံ—

ဟူ၍ မိန့်ရကား သာမညလည်း သင့်လေ၏။

http://www.dhammadownload.com

၂၆-သာခလျဒုက်

သာခလျဥ္ဇ၊ နှုးညံ့ပြေပြစ် ချစ်ဖွယ်သော စကား ရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဋိသန္ထာရော စ၊ အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရတို့ဖြင့် ပျူငှါလောကဝတ် အစေ့အစပ် ပြုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ .... ကား — ချစ်ဖွယ်သောစကားကို ဆိုသောအခါ မဟာကုသိုလ်စိတ် ဂ-ခု၊ မဟာကြိယာစိတ် ဂ-ခု၊ စေတသိက် အင္ဌတိ သ ရ၏။

ဒုတိယ .... ကား — ပျူငှါ လောကဝတ် အစေ့အစပ် ပြုသောအခါ မဟာ-ကုသိုလ်စိတ် ဂ-ခု၊ မဟာကြိယာစိတ် ဂ-ခု၊ စေတသိက် အင္ဌတိ သ ရ၏။

ချစ်ဖွယ်သောစကားကို ဆိုသောအခါ ပျူငှါ လောကဝတ် အစေ့အစပ် ပြုသောအခါ မဟာကုသိုလ်, မဟာကြိယာမှ တပါး စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရှပ် အင္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၇-ဣန္ဒြေယသုအဂုတ္တဒ္ဓါရတာဒုက်

ဣန္ဒြေယသု၊ ဣန္ဒြေ ၆-ပါးတို့၌။ အဂုတ္တဒ္ဓါရတာ စ၊ မစောင့်အပ်သော တံခါး ရှိသောသူ၏ အဖြစ်သည်လည်း။ ဝါ၊ တံခါးကို မစောင့်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဘောဇနေ၊ ဘောဇဉ်၌။ အမတ္တညုတာ စ၊ အတိုင်းအရှည်ကို မသိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ .... ကား — လောဘမူစိတ် ဂ-ခု၊ ဒေါသမူဒွေ[1]၊ စေတသိက် ဆဋ္ဌိသ ရ၏။

ဒုတိယ .... ကား — လောဘမူစိတ် ဂ-ခု၊ မောဟမူဒွေ[2] စေတသိက် တေဝီသ ရ၏။

၁။ ပဌမပုဒ်၏ အရကို လောဘမူကိုသာ မကောက်မူ၍ ဒေါသမူကိုလည်း အသို့မူ၍ ကောက်သနည်း။

ယတ္ထာဓိကရဏမေနံ စက္ခုန္ဒြိယံ ။ပ။ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယ္ယုံ ။ပါဠိတော် (၂ဖ၁)။

၂။ ဒုတိယပုဒ်၏ အရကို လောဘမူကိုသာ မကောက်မူ၍ မောဟမူကိုလည်း အသို့မူ၍ ကောက်သနည်း။

တတ္ထ စ အသန္ဓုဋ္ဌိတာ လောဘော၊ အမတ္ထညုတာ အပ္ပဋိသံ ၊ စ မောဟော ဣ ဣမေ ဒွေ ဓမ္မာ ဘောဇနေ အမတ္ထညုတာတိ ဝေဒိတဗ္ဗာ။ ဋီကာ (၁ဂ၆)။

http://www.dhammadownload.com

ကုသိုလ် ကေဝိသ၊ ဝိပါက် ဆတ္တိ ံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌ-တိ ံသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၇-ဣန္ဒြိယသုဂုတ္တဒ္ဓါရတာဒုက်

ဣန္ဒြိယသု၊ ဣန္ဒြေ ၆-ပါးတို့၌။ ဂုတ္တဒ္ဓါရတာ စ၊ စောင့်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။ ၀ါ၊ တံခါးကို စောင့်သောသူ၏ အဖြစ်သည်လည်း။ ၀ါ၊ ပိတ်အပ်သော တံခါးရှိသောသူ၏ အဖြစ်သည်လည်း။ ၀ါ၊ တံခါးကို ပိတ်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— မဟာကုသိုလ်စိတ် ဂ-ခု၊ မဟာကြိယာစိတ် ဂ-ခု၊ လောကုတ္တရာစိတ် ဂ-ခု ံ၊ စေတသိက် အဋ္ဌတိ ံသ ရ၏။

ဒုတိယ.. ကား— ဘောဇဉ်ကို ဆင်ခြင်၍ သုံးဆောင်သောအခါ မဟာ-ကုသိုလ်စိတ် ဂ-ခု၊ မဟာကြိယာစိတ် ဂ-ခု၊ ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် တေတ္တိ ံသ ရ၏။

မဟာကုသိုလ်, မဟာကြိယာမှ တပါး လောကီစိတ် ၆၅-ခု၊ ဝိရတိကြဉ်သော စေတသိက် ကျေနပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၂၉-မုဋ္ဌဿစ္စဒုက်

မုဋ္ဌဿစ္စ၌၊ လွတ်သော သတိရှိသောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

အသမ္ပဇညဉ္စ၌၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာမရှိသော သူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

၁။ ပဌမပုဒ်၏ အရကား သီလအရာတွင် မဟာကုသိုလ်,မဟာကြိယာ, လောကုတ္တရာကို သာ အသို့မှ၍ ကောက်သနည်း။

ပါတိမောက္ခသံဝရတောပိ စ မဂ္ဂဖလသမ္ပယုတ္တမေव သီလं အဓိသိလ်။ ပါရာဇိကတ်ဘဏ္ဍကထာ (၆-၂-၂)။

မဟာရှေ့တက်ကို အသို့မှ၍ ကောက်သနည်း။

သီလသမ္ပဒါ ပန ရူပါရူပါဝစရာ ဒုက္ခိတိ သမ္ဘဝတော ယောဂေတမ္ဗာ။ မူလ-ရှိကား (၁-၇-၂)။

http://www.dhammadownload.com.

ပဌမ....ကား—သတိ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒုတိယ....ကား—ပညာ၏ ဆန့်ကျင်ဘက် အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၀-သတိသမ္မေညဒုက်

သတိ စ၊ အောက်မေ့တတ်သော သတိသည်လည်း။ အတ္ထိ၊ ရှိ၏။

သမ္မေညဥ္စ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—သတိ ရ၏။

ဒုတိယ....ကား—ပညာ ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သတိ, ပညာ ကြဉ်သော စေတသိက် ပညာ၁၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၁-ပဋ္ဌိသခ်ါနဗလဒုက်

ပဋ္ဌိသခ်ါနဗလဥ္စ၊ ဆင်ခြင်ခြင်းဌ် မတုန်မလှုပ်သည်ဖြစ်ရ၍ ဆင်ခြင်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

ဘာဝနာဗလဥ္စ၊ ဝိရိယကို အရင်းမူသဖြင့် ဗောဇ္ဈင် ၇-ပါးကို ပွါးစေသော ပုဂ္ဂိုလ်အားဖြစ်သော မတုန်မလှုပ်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—ပညာ ရ၏။

ဒုတိယ....ကား— ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ ရ၏။

အကုသိုလ်စိတ် ဒွါဒသ၊ ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ ပညာကြဉ်သော စေတသိက် ကေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၂-သမထဝိပဿနာဒုက်

သမထော စ၊ ဆန့်ကျင်ဘက် အကုသိုလ်ကရားတို့ကို ငြိမ်းစေတတ်သော သမာဓိသည်လည်း။ အတ္ထိ၊ ရှိ၏။

http://www.dhammadownload.com

ဝိပဿနာ စ၊ သခါရတရားတို့ကို အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် အထူးထူးသော အခြင်းအရာဖြင့် ရှုတတ်သော ပညာ သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— သမ္မာသမာဓိ ၁ ရ၏။

ဒုတိယ....ကား— ပညာ ၁ ရ၏။

စိတ် တခုယုတ် ကိုးဆယ်၊ သောဘနစိတ်၌ရှိသော ကေဂ္ဂတာ, ပညာ ကြဉ်သော စေတသိက် ကေပညာသ၊ ရူပ် အဋ္ဌဝိသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၃-သမထနိမိတ္တဒုက်

သမထနိမိတ္တဥ္စ၊ ရှေးသမထ သည်ပင် နောက်သမထ၏ အကြောင်း သည်လည်း။ ဝါ၊ နောက်သမထ၏ အကြောင်းဖြစ်သော ရှေးသမထသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဂ္ဂါဟနိမိတ္တဥ္စ၊ ရှေးလုံ့လသည်ပင် နောက်လုံ့လ၏ အကြောင်းသည်လည်း။ ဝါ၊ နောက်လုံ့လ၏ အကြောင်းဖြစ်သော ရှေးလုံ့လသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—နောက်နောက်သော သမထ၏ အကြောင်းဖြစ်သော ရှေးရှေးသော သမထ ဟုဆိုအပ်သော သမ္မာသမာဓိ ၂ ရ၏။

၁။ ပဌမပုဒ်၏ အရကွင်း ကုသိုလ်သမာဓိကိုသာ မကောက်ပဲ သမ္မာသမာဓိ သာမညကို အသိုမှု၍ ကောက်သနည်း။

သမာဓိသာမညကိုသာသော်လည်း မကောက်ပဲ သမ္မာသမာဓိ ဝိသေသကို အသိုမှု၍ ကောက်သနည်း။

ဒုတိယပုဒ်၏ အရတွင် ဝိပဿနာ ပညာကိုသာ မကောက်ပဲ အသိုမှု၍ ပညာသာမညကို ကောက်သနည်း။

တတ္ထ ကတမော သမထော။ ယော စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ အယံ ဝုစ္စတိ သမထော။

တတ္ထ ကတမာ ဝိပဿနာ။ ယာ ပညာ ပဇာနနာ ။ ပ ။ အမောဟော ဓမ္မဝိစယော သမ္မာဒိट्ठि။ အယံ ဝုစ္စတိ ဝိပဿနာ။ ပါဋိတော် (၂၆၂)။

သတိ စ သမ္မဇညဉ္စ ပဋိသံခါနုဗလဉ္စ ဘာဝနာဗလဉ္စ သမထော စ ဝိပဿနာ စ သမထနိမိတ္တဉ္စ ပဂ္ဂါဟနိမိတ္တဉ္စ ပဂ္ဂါဟော စ အဝိက္ခေပေါ စ သီလသမ္ဘဒါ စ ဒိट्ठिသမ္ဘဒါ စာတိ ဣမေဟိ ပန ဆဟိ ဒုကေဟိ စတုဘူမကာပိ လောကိယလောကုတ္တရဓမ္မာ ဝ ကထိတာ။ အဋ္ဌကထာ (၄၃၃)။

၂။ တတ္ထ ကတမံ သမထနိမိတ္တံ။ ယော စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ သမထနိမိတ္တံ။

http://www.dhammadownload.com

ဒုတိယ....ကား— နောက်နောက်ဆော လုံ့လ၏ အကြောင်းဖြစ်သော ရှေးရှေးသော လုံ့လ ဟုဆိုအပ်သော သမ္မာဝါယာမ[1] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သမ္မာသမာဓိ, သမ္မာဝါယာမ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၄-ပဋ္ဌါဟဒုက်

ပဋ္ဌါဟော စ၊ သမ္မယုတ်တရားတို့ကို ချီးမြှောက်တတ်သော လုံ့လသည်၊ လည်း။ အတ္ထိ၊ ရှိ၏။

အဝိက္ခေပေါ စ၊ မပျံ့လွင့် တည်ကြည်သော သမာဓိသည်လည်း။ အတ္ထိ ရှိ၏။

ပဌမ....ကား— သမ္မာဝါယာမ[2] ရ၏။

ဒုတိယ....ကား— သမ္မာသမာဓိ[3] ရ၏။

စိတ်တခုယုတ် ကိုးဆယ်၊ သမ္မာဝါယာမ, သမ္မာသမာဓိ ကြဉ်သော စေတသိက် ပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၅-သီလဝ်ပတ္တိဒုက်

သီလဝိပတ္တိ စ၊ သီလ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိဝိပတ္တိ စ၊ ကောင်းသော အယူ၏ ပျက်စီးခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ.....ကား— အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ရ၏။

ဒုတိယ.....ကား– မိစ္ဆာဒိဋ္ဌိ ရ၏။

ကုသိုလ် ကေဝီသ၊ ဝိပါက် ဆတ္တိံသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌ-တိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁-တတ္ထ ကတမံ ပဋ္ဌါဟနိမိတ္တံ။ ယော စေတသိကော ဝီရိယာရမ္ဘော ။ပ။ သမ္မာဝါယာ-မော။ ဣဒံ ဝုစ္စတိ ပဋ္ဌါဟနိမိတ္တံ။ ပါဠိတော် (၂၆၃)။

၂-တတ္ထ ကတမော ပဋ္ဌါဟော။ ယော စေတသိကော ဝီရိယာရမ္ဘော ။ပ။ သမ္မာဝါယာ-မော။ အယံ ဝုစ္စတိ ပဋ္ဌါဟော။

တတ္ထ ကတမော အဝိက္ခေပေါ။ ယာ စိတ္တဿ ဌိတိ ။ပ။ သမ္မာသမာဓိ။ အယံ ဝုစ္စတိ အဝိက္ခေပေါ။ ပါဠိတော် (၂၆၃)။

http://www.dhammadownload.com

၃၆-သီလသမ္ပဒါဒုက်

သီလသမ္ပဒါ စ၊ သီလ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိသမ္ပဒါ စ၊ အယူပညာ၏ ပြည့်စုံခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ.....ကား—— မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ စေတသိက် အဌတိံသ ရ၏။

ဒုတိယ.....ကား —— သမ္မာဒိဋ္ဌိ[1] ရ၏။

အကုသိုလ်စိတ် ဒွါဒသ၊ အဟိတ်စိတ် အဋ္ဌာရသ၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ပဉ္စတိံသ၊ ပညာ ကြဉ်သော စေတသိက် ဧကပညာသ၊ ရူပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၇-သီသဝိသုဒ္ဓိဒုက်

သီလဝိသုဒ္ဓိ စ၊ သီလ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော သီလသည်လည်း။ အတ္ထိ၊ ရှိ၏။

ဒိဋ္ဌိဝိသုဒ္ဓိ စ၊ အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ.....ကား — လောကုတ္တရာစိတ် ၈-ခု၊ စေတသိက် ဆတ္တိံသ[2] ရ၏။

ဒုတိယ.....ကား —— ကမ္မဿကတဉာဏ်, သစ္စာနုလောမိက ဟုဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

လောကီစိတ် ကောသီတိ၊ ကမ္မဿကတာဉာဏ်, သစ္စာနုလောမိက ဟုဆိုအပ်သော ဝိပဿနာဉာဏ် ကြဉ်သော စေတသိက် ဒွေပညာသ၊ ရူပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၁။ သမ္ဘာပိ သမ္မာဒိဋ္ဌိ ဒိဋ္ဌိသမ္ပဒါ။ **ပါဠိတော်** (၂၆၃)။

၂။ ဤ ၂-ဒုက်တို့တွင် ပါဠိတော်၌ (၂၆၃-၂၆၄)။

သဗ္ဗောပိ သီလသံဝရော သီလသမ္ပဒါ။

သဗ္ဗောပိ သီလသံဝရော သီလဝိသုဒ္ဓိ။—

ဟူ၍ လာသောကြောင့် ထို ၂-ဒုက်၏အရကို မဟာကုသိုလ်, မဟာကြိယာ, လောကုတ္တရာစိတ် သာမည ကောက်သင့်လျက် သီလသမ္ပဒါ၏ အရကို လောကီသီလ,

သီလဝိသုဒ္ဓိအရကို လောကုတ္တရာသီလဟု ဝိသေသကောက်သည်မှာ—

သီလဝိသုဒ္ဓိနိဒ္ဒေသော ကိဉ္စာပိ သီလသမ္ပဒါနိဒ္ဒေသေန သမာနော၊ တတ္ထ ပန ဝိသုဒ္ဓိ-သမ္ဘဝတံ ပါတိမောက္ခသံဝရသီလं ကထိတံ၊ ဣဓ ဝိသုဒ္ဓိပဘဏ္ဍं သီလं—

ဟူ၍ မိန်သော ဗုဒ္ဓမတညုတ အဋ္ဌကထာ (၄၃၃)ဆရာမြတ်၏ အလိုတော်နှင့် အညီတည်း။

ဝိသုဒ္ဓိပဘဏ္ဍ မဂ္ဂဖလသီလं ဝုစ္စတိ။ **ဋီကာ** (၁၇၇)။

http://www.dhammadownload.com

၃၈-ဒိဋ္ဌိဝိသုဒ္ဓိခေါ်ပနဒုက်

ဒိဋ္ဌိဝိသုဒ္ဓိခေါ် ပန၊ အယူ၏ အထူးသဖြင့် စင်ကြယ်ခြင်းသည်လည်း။ ဝါ၊ အထူးသဖြင့် စင်ကြယ်သော အယူသည်လည်း။ အတ္ထိ၊ ရှိ၏။

ယထာဒိဋ္ဌိသာ စ ပဓာနံ၊အထူးသဖြင့် စင်ကြယ်သော ဉာဏ်အားလျော်သော လွှဲလသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— ကမ္မသကတဉာဏ်, သစ္စာနုလောမိက-ဟု ဆိုအပ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ၏။

ဒုတိယ....ကား—ထိုဉာဏ် ၄-ပါးနှင့်ယှဉ်သော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်၊ လောကုတ္တရာစိတ် ၈-ခု၌ ရှိသော ဝီရိယ ရ၏[1]။

စိတ်တခုယုတ် ကိုးဆယ်၊ နှစ်ပုဒ်အရ ဉာဏ်, ဝီရိယ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရုပ် အဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

၃၉-သံဝေဇနီယဌာနဒုက်

သံဝေဇနီယေသု ဌာနေသု၊ ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော ဇာတိ, ဇရာ, ဗျာဓိ, မရဏ တည်းဟူသော အကြောင်းတို့ကြောင့်။ ဝါ၊ တို့မှ။ သံဝေ-ဂေါ် စ၊ ထိတ်လန့်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

သံဝိဂ္ဂသာ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့မှ ထိတ်လန့်သော ပုဂ္ဂိုလ်၏။ ယောနိသော ပဓာနဿ၊ အသင့်အားဖြင့် လုံ့လပြုခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့မှ ထိတ်လန့်သောဇာခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၌ ရှိသော ပညာ ရ၏။

ဒုတိယ....ကား—ကုသိုလ် ကေဝိသ၊ ဖိုလ်စိတ် ၄-ခု၌ရှိသော သမ္မာဝါယာမ ရ၏[2]။

---

[1]-ယထာဒိဋ္ဌိသာ စ အနုရူပဒိဋ္ဌိသာ ကလျာဏဒိဋ္ဌိသာ တံသမ္ပယုတ္တမေဝ ပဓာနံ။ အဋ္ဌကထာ (၉၆)။

ဒိဋ္ဌိဝိသုဒ္ဓိ ခေါ် ပနာတိ ပဒသာ နိဒ္ဒေသေ **ယာ** ပညာ ပဇာနနာတိအာဒီဟိ ပဒေဟိ ဟေဋ္ဌာ ဝုတ္တာနိ ကမ္မသကတညာဏာဒီနေဝ စတ္တာရိ ဉာဏာနိ ဝိဘတ္တာနိ။ **ယထာဒိဋ္ဌိသာ** စ ပဓာနဿ ပဒသာ နိဒ္ဒေသေ **ယော ဧကသိကော** ဝီရိယာရမ္ဘော-အာဒီဟိ ပဒေဟိ နိဒ္ဒိဋ္ဌံ ဝီရိယံ ပညာဂတိကမေဝ။ **အဋ္ဌကထာ**(၄၃၄)။

[2]-သံဝေဂဒုကနိဒ္ဒေသေ **ဇာတိ အာဒိဟိ** ဇာတိ ဘယတော ဒိဋ္ဌာ ဌိတညာဏံ။ **အဋ္ဌကထာ**။ (၄၃၄)။

သမ္မာပဓာန်ကို ထောက်၍ ဖိုလ်၌ ရှိသော ဝီရိယကို ကောက်သည်။

http://www.dhammadownload.com

စိတ်တခုယုတ် ကိုးဆယ်၊ သံဝေဂပညာ၊ ကုသိုလ် ကေဝိသ၊ ဖိုလ်စိတ် ၄-ခုဌ ရှိသော သမ္မာဝါယာမ ကြဉ်သော စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မှတ်။

၄၀-အသန္တုဋ္ဌိတာကုသလဓမ္မဒုက်

ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားကို၌။ အသန္တုဋ္ဌိတာ စ၊ မရောင့်ရဲသော သူ၏ အဖြစ်သည်လင်္ဂ ။ ဒ,ဏ္ဍိ၊ ရှိ၏။

ပဓာနသို့၊ ကုသိုလ်တရားကို ပွါးစေခြင်း ကျိုးငှါ အားထုတ်ခြင်း၌။ အပ္ပဋိဝါနိတာ စ၊ မဆုတ်နစ်သောသူ၏ အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား—ကုသိုလ် ကေဝိသ၊ စေတသိက် အဋ္ဌတိ်သ ရ၏ ။

ဒုတိယ....ကား—ကုသိုလ်စိတ် ကေဝိလ၌ ရှိသော သမ္မာဝါယာမ ရှိ၏ ။

အကုသိုလ်စိတ် ဒ္ဒါဒသ၊ ဝိပါက်စိတ် ဆတ္တိ်သ၊ ကြိယာစိတ် ဝီသ၊ စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မှက်။

၄၁-ဝိဇ္ဇာဒုက်

ဝိဇ္ဇာ စ၊ မောဟကို ဖျက်ဆီး၍ ထင်စွာပြူတတ်သော ပညာသည်လည်း။ အတ္ထိ၊ ရှိ၏။

ဝိမုတ္တိ စ၊ ဆန့်ကျင်ဘက် နိဝရဏတို့မှ ကောင်းစွာလွတ်သော သမာပတ် ၈-ပါးသည်လည်း။ ဝါ၊ အလုံးစုံသော ကိလေသာတို့မှ စင်စစ်လွတ်သော နိဗ္ဗာန်သည်လည်း။ အတ္ထိ၊ ရှိ၏။

သံဝိဂ္ဂဿ စ ယောနိသော ပဓာနဋ္ဌိ ဣဓ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ **အကုသလာနံ** ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ။ပ။ ပဒဟတိ။

ဤပါဠိတော် (၂၄၄) ကို တိုက်ရိုက်ကောက်မူ ကုသိုလ် ကေဝိသ၌ ရှိသော ဝီရိယကို ကောက်သင့်၏။ ဝါ၊ မဟာကုသိုလ်၌ ရှိသော ဝီရိယကို ကောက်သင့်၏။ ခဲ၏၊ ကြံလေ။ ၁-ရှေးဆရာမြတ်တို့ကား—

ပဌမ....ကား— လောကီကုသိုလ်,ဒုတိယ....ကား— လောကုတ္တရာကုသိုလ်ကို ကောက်တော်မူကုန်၏။

ဤဓေကစ္စော ဟိ အာဒိတောဝ ပဓာနံ ကတ္တုကာမတ္တာ ဝါ။ပ။ ပါဠိပဒီကံ ဝါ ဒဿတိ၊ သော တေန အသန္တုဋ္ဌော ။ပ။ စတ္တာရောပိ ပစ္စယေ ဒေတိ၊ တတြာပိ ။ အသန္တုဋ္ဌော ။ပ။ ပဌ ဝီရိယံ သမာဒိယတိ၊ တတြာပိ အသန္တုဋ္ဌော ဟုတ္ဝာ ပဌ ။ပ။ တေ-ပိဋကံ ဒုဒ္ဓဝစနံ ဂဏှာတိ၊ အဋ္ဌ သမာပတ္တိယော ဘာဝေတိ၊ ဝိပဿနံ ။ ။ ဟုတ္ဝာ အရဟတ္တံ ဂဏှာတိ၊ အရဟတ္တပ္ပတ္တိတော ပဌာယ မဟာသန္တုဋ္ဌော နာမ ဟောတိ—ဟူသော ဂဏ္ဌကထာ(၄၃၄) နှင့် ညီအံ့သို့ မထင်။

http://www.dhammadownload.com

ပဌမ....ကား—ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အာသဝက္ခယဉာဏ် ရ၏။

ဒုတိယ....ကား—မဟာဂ္ဂုတ်ကုသိုလ်စိတ် ၉-ခု၊ ကြိယာစိတ် ၉-ခု၊ စေတသိတ် ပဉ္စတိ သ၊ နိဗ္ဗာန် ရ၏။[1]

ကာမစိတ် စတုပညာသ၊ မဟာဂ္ဂုတ်ဝိပါက် စိတ် ၉-ခု၊လောကုတ္တရာစိတ် ၈-ခု၊ ဝိဇ္ဇာ ၃-ပါး ကြဉ်သော စေတသိက် ဒွေပညာသ၊ ရူပ် အဋ္ဌဝီသ-ကား ဒုက်မုတ်။

၄၂-ခယေဉာဏဒုက်

ခယေ၊ ကိလေသာတို့၏ ကုန်ခြင်းကို ပြုတတ်သော အရိယာမဂ် ၄-ခု၌ ဉာဏ်၊ ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

အနုပ္ပါဒေ၊ ထိုထိုသို့သော မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့၏ မပြစ်ခြင်း အဆုံးရှိသော အရိယာဖိုလ် ၄-ခု၌။ ဉာဏ်၊ ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။

ပဌမ....ကား— မဂ်စိတ် ၄-ခု၌ရှိသော ပညာ ရ၏။

ထို ပညာသည် သခ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ မဂ္ဂသစ္စာတည်း။

ဒုတိယ....ကား— ဖိုလ်စိတ် ၄-ခု၌ ရှိသော ပညာ ရ၏။

ထို ပညာသည် သခ်ါရက္ခန္ဓာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်၊ သစ္စဝိမုတ်တည်း။

စိတ်တခုယုတ် ကိုးဆယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ကြဉ်သော စေတသိက် ဒွေ-ပညာသ၊ ရူပ် အဋ္ဌဝီသ၊ နိဗ္ဗာန်ကား ဒုက်မုတ်။

သုတ္တန္တိက ဒုကမာတိကာ အရကောက် ပြီး၏။

နာမရူပဒုက် အဆုံးတွင် "ဝိဇ္ဇာ စ၊ အဝိဇ္ဇာ စ။ဘဝတဏှာ စ၊ ဝိဘဝတဏှာ စ"ဟု ဒုက်ပွါး စာ အချိုရှိသည်၊ ပါဠိလွန် ပါဠိပျက်။ "အဝိဇ္ဇာ စ၊ ဘဝတဏှာ စ"သာ လိုသည်။

သာခလျဒုက် အဆုံးတွင်လည်း "အဝိဇ္ဇာ သာ စ၊ သောစေယျဉ္စ"ဟု ဒုက်ပွါးစာ အချိုရှိသည်။ပါဠိလွန် ပါဠိပျက်၊ ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် မညီ။ ၄၄-ဒုက်ပင်လည်း ရှိခဲ့၏။

ထိုသုတ္တန္တိက ၄၂-ဒုက်တွင် နာမရူပဒုက်, သတိသမ္ပဇညဒုက်, သမထဝိပဿနာဒုက် ဤ ၃-ဒုက်သည် **သမ္ဘလဒ္ဓနာမဒုက်**။ ကြွင်းသည့် ၃၉-ဒုက်ကား **အာဒိလဒ္ဓနာမဒုက်**။

အဝိဇ္ဇနဒုက်, နိဗ္ဗတ္တိဒုက်,ပညတ္တိဒုက်,နာမရူပဒုက် ဤ ၄-ဒုက်သည် **နိဗ္ဗေဓသမ္ဘဒုက်**။ ကြွင်းသည့် ၃၈-ဒုက်ကား**သမ္ဘဒေဓသဒုက်**။

---

[1] ဝ-တတ္ထ အဋ္ဌ သမာပတ္တိယော သယံ ဝိက္ခဏ္ဍိတကိလေသေဟိ ဝိမုတ္တာ ဝိမုတ္တိတိ ဝုတ္တာ၊ နိဗ္ဗာနံ ပန သဗ္ဗကိလေသေဟိ အစ္စန္တံ ဝိမုတ္တတ္တာ ဝိမုတ္တိတိ။ အဋ္ဌကထာ(၄၃၅)။

http://www.dhammadownload.com

နိဂမန

၁။ သာသနောဘာသိတေ ရမ္မေ၊ ပုရေ အမရနာမကေ။
ဝုဇဝေနိယပိတ္တိမှိ၊ သေဋ္ဌေ ဝိဟာရဗာကရေ။

၂။ တိပေဋကအလင်္ကာရ-သိရိဇေမဟာဓမ္မ-
ရုဇဂုရုတိ နာမေန၊ သုတော ယော ဂရု မေဓာဝီ။

၃။ နာနာဂန္ထေသု ကုသလော၊ ပရိပ္ပဝါဒမဒ္ဒနော။
အနေကသတသိဿာနံ၊ ဝါစေန္တော သုစိဝုတ္တိကော။

၄။ မလနိဿဋ္ဌစန္ဒောဝ၊ ဝိဟာသိ မူလသာသနံ။
ဓိတိမေရုသမော စက္ကေ၊ ဂရုနာ တေန ဝါစိတံ။

၅။ နာနာနယေဟိ သမ္ဘဒ္ဓံ၊ မာတိကာဒ္ဒယပါဋိယာ။
ယုဂသောတူနမတ္ထာယ၊ သရူပတ္ထနိဿယကံ။

၆။ လိခါမဟံ ယထာသည်၊ ဝေရတေဇောတိ နာမိကော။
ဒ္ဒိသဟဿသတံတိဏ္ဏော၊ သာသနေ ဧကတိ သိယေ။

၇။ သက္ကရုဇေ နဝတာလီ-သိယေ ဧကသဟဿကေ။
သတေ အာသင်္ဘိမာသဿ၊ ဇုဏှပက္ခေ တိဒဿိကေ။

၈။ ဗုဒ္ဓဝါရေဝ သော ခေမံ၊ တိဓဿဝံ နိဋ္ဌိတော သုခါ။
သိဒ္ဓတ္ထ သမ္ဘပါဏိနံ၊ ရုဇော ရက္ခတု ဘူမိကံ။

သာသနောဘာသိတေ၊ သာသနာတော်ရောင်ဖြင့် ပြောင်ပြောင် တောက်ပ သည် ဖြစ်၍။ ရမ္မေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိထသော။ ရုဇဝေနိယဝိတ္တိမှိ၊ မင်းကေရာ၏ နေရာဖြစ်၍ နှစ်လိုအပ်သော သဝိညာဏကရတနာ, အဝိညာဏက-ရဟနာမျိုး အပေါင်းနှင့် ပြည့်စုံထသော။ ပုရေ အမရနာမကေ၊ အမရပုရ မည် သော ပြည်ကြီး၌။ သေဋ္ဌေ၊ အထူးသဖြင့် ချီးမွမ်းအပ်မြတ်သော။ ဝိဟာရ ဗာ-ကရေ၊ ဗားကရာကျောင်း၌။ တိပေဋက အလင်္ကာရ သိရိဇေ မဟာဓမ္မရုဇဂုရု တိ နာမေန၊ တိပိဋကာလင်္ကာရ သိရိဇေ မဟာဓမ္မရုဇဂုရု ဟူသော တံဆိပ် နာမံ တော်ဖြင့်။ သုတော၊ ထင်ရှားတော်မူထသော။ မေဓာဝီ၊ မိုးကြိုးစက်ကဲ့သို့ ထက်မျက်သော ပညာ ရှိတော် မူထသော။ နာနာဂန္ထေသု၊ အထူးထူးသော ကျမ်းဂန်တို့၌။ ကုသလော၊ လိမ္မာသည်ဖြစ်၍။ ပရိပ္ပဝါဒမဒ္ဒနော၊ သာသနာ တော်မှ တခြားတမူ သူတပါးအယူကို နှိပ်နင်းနိုင်သော အစွမ်းရှိတော်မူထသော။ စက္ကေ၊ ကောင်းကင်စက်ဝန်း လေးကျွန်းအပေါ်၌။ မလနိဿဋ္ဌစန္ဒောဝ၊ ဆီးနှင်း မြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင် စင်ကြယ်ထွန်းပသော လမင်းကဲ့သို့။ စက္ကေ၊ ဘုရားရှင် သာသနာတော်၌။ သုစိဝုတ္တိကော၊ စင်ကြယ် သန့်ရှင်းသော အကျင့် ရှိတော်မူထသော။ ဓိတိမေရုသမော၊ မြင့်မိုရ်တောင်ကဲ့သို့ မတုန်မလှုပ် ခိုင်ခံ့

http://www.dhammadownload.com

တည်ကြည်ခြင်း သမာဓိ ရှိတော်မူထသော။ ယောဂရှု၊ အကြင် ဆရာတော် ဘုရားသည်။ အနေကသတသိဿာနံ၊ အရာမက မျှားစွာသော တပည့်သားတို့အား။ မူလသာသနံ၊ သာသနာတော်၏ မူလအရင်းဖြစ်သော ပါဠိ အဋ္ဌကထာ ဋီကာ လက်သန်း ဆန်း အုလက်ာ သဒ္ဒါ ကလပ် စသော ကျမ်းဂန်ကို။ ဝါ-စေန္တော၊ ပို့သချတော်မူလျက်။ ဝိဟာသိ၊ နေတော်မူ၏။

တေန ဂရုနာ၊ ထို တိပိဋကာလက်ာရ သိရီဇေ မဟာဓမ္မ ရာဇဂုရု ဟု တံဆိပ် နာမ်တော်ရှိသော ဆရာတော် ဘုရားသည်။ ဝါစိတံ၊ ပို့သချတော်မူအပ်သော။ နာနာနယေဟိ၊ အထူးထူးသော နည်းတို့နှင့်။ သမ္ဘန္ဓံ၊ ပြည့်စုံသော။ မာတိကာဒ္ဒယ-ပါဠိယာ၊ အဘိဓမ္မမာတိကာ, သုတ္တန္တမာတိကာ နှစ်ပါးစုံ ပါဠိတော်၏။ သရူပတ္ထ-နိဿယက်၊ မှီရာ အတ္ထနိဿယ သရူပ် အရကောက်ကို။ ယုဝသောတူနံ၊ နုနယ် ပျိုမျစ် စာသင်သစ်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ ဝရတေဇောတိ နာမိကော၊ ဝရတေဇော အမည်ရှိသော။ အဟံ၊ ငါသည်။ ယထာသည်၊ သင်သော အခါ မှတ်မိပါသမျှ။ လိခါမိ၊ ရေးသား၏။ တိဿာ မာတိကာဒ္ဒယပါဠိယာ၊ ထို အဘိဓမ္ম-မာတိကာ, သုတ္တန္တမာတိကာ နှစ်ပါးစုံ ပါဠိတော်၏။ သော သရူပတ္ထနိဿယကော၊ သင်သောအခါ မှတ်မိပါသမျှ ငါရေးသားထားအပ်သော ထိုမှီခိုရာ အတ္ထနိဿယ သရူပ် အရကောက်သည်။ သာသနေ၊ ဘုရားသခင် သာသနာတော်သည်။ ကေတိ သိယေ၊ ၃၁-ခု အလွန်ရှိသည်ဖြစ်၍။ ဒ္ဒိသဟဿသတံတိဏ္ဏော၊ ၂၃၀၀-ရောက်လတ်သော်။

သက္ကရာဇေ၊ ကောဇာသက္ကရာဇ်သည်။ နဝတာလီသိယေ၊ ၄၉-ခု အလွန်ရှိသည်ဖြစ်၍။ ဇေသဟဿကေသတေ၊ ၁၁၀၀-ရောက်လတ်သော်။ အာသင္ဌ-မာသဿ၊ ဝါဆိုလ၏။ ဇုဏ္ဏပက္ခေ၊ လဆန်းပက္ခ၌။ တိဒသိကေ၊ ၁၃-ရက်မြောက် ဖြစ်သော။ ဗုဓဝါရေ၊ သုံးလူ့ထိပ်တင် ချစ်ရှင်ဘုန်းဟေ့ ပွင့်သည့်နေ့၌။ ခေမံ၊ ဘေးငြိမ်းလျက်။ သုခံ၊ ချမ်းသာစွာ။ နိဋ္ဌိတော ဣဝ၊ ပြီးသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ သမ္ဘပါဏီနံ၊ ခပ်သိမ်းသော သတ္တဝါတို့အား။ ခေမံ၊ ဘေးငြိမ်းလျက်။ သုခါ၊ ကိုယ်, စိတ်၏ ချမ်းသာခြင်းတို့သည်။ သိဒ္ဓန္တု၊ ပြီးစေကုန်သတည်း။ ရာဇာ၊ ရေမြေသခင် ဘုရင်မင်းမြတ် သမ္ဘုတိနတ်သည်။ ဘူမိကံ၊ မြေအပြင်၌ နေသော သတ္တဝါအပေါင်းကို။ ရက္ခတု၊ မင်းကျင့်တရား ၄-ပါးသင်္ဂဟ ကောင်း မူလဖြင့် ကောက်မသင်္ကြိုဟ် ကြည်ညိုဖြောင့်ဖြောင့် စောင့်တော်မူစေသတည်း။

ကမ်းနီမြို့ကျေး *ပြားရိုးသုံး ဟူ၍ သမုတ်ခေါ်ဝေါ်အပ်သောရွာ၌ ပဋ္ဌိသန္ဓေ အားဖြင့် ဖြစ်၍ ဝရတေဇော အမည်ရှိသော သူမြတ်သည် ဇနိန္ဒာဘိဝေ အမည် ရှိသော ပဌမပဏ္ဍင်းသစ် ရှေးရှု အရှိအသေ တောင်းပန်သောကြောင့် သာသနာ

---

* မရိုးတုံ

http://www.dhammadownload.com

တော်၏ စည်ပင် ပြန့်ပွါးခြင်းကို တောင့်တလျက် အဘိဓမ္မာဒေသနာတော်ကို သင်ကြားဆောင်ရွက် လေ့ကျက်ကုန်သော သူတော်ကောင်း အပေါင်းတို့အား ချီးမြှင့်ခြင်း အကျိုးငှါ ဗားကရာ ဆရာတော်ဘုရားကြီး၏ နည်းကို အမှီတဲ့ သဟဲပြု၍ ရေးစီရင်အပ်သော မြတ်သော အနှစ်သဖွယ်ဖြစ်၍ ဒီဋ္ဌဓမ္မိက သမ္ပရာယိက အကျိုး ၂-ပါးကို တောင့်တ ရှာမှီးလေ့ရှိသော ပညာရှိ သူတော်ကောင်း အပေါင်းတို့သည် အလွန် နှစ်သက်မြတ်နိုး ဆောင်ရွက် လေ့ကျက် အောက်မေ့ အပ်သော မာတိကာ ကျမ်း၏ အသစ်ဖြစ်သော အမှီသည် ဤတွင် အပြီးသတ်၏။

မာတိကာ အရကောက် ပြီး၏။

http://www.dhammadownload.com

၅-ဒုကမာတိကာ ဇာတ်လမ်းချီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒုကမာတိကာချီး

ဆုက်နှင့် ဂေါဓိုက အရေအတွက်

၁။ ဟေ, ဓုဋ္ဌာ, အာသဝနှင့်၊ သံယောဇဉ်, ဂန္ထာ။
ဩဃ, ယောဂါနှင့်၊ နီ, ဃာ, မဟာနီနှာ၊ ဟောတဲ့ ဥပါ။
ကိလေသာ, နောက်မှာပင်ဖို့။

ဆယ်သုံး သချေနှင့်၊ "ဒုက်" စဉ်ရေ မှန်မလွဲအောင်၊ ခဲပ သတိ။

http://www.dhammadownload.com

ဒုက်နှင့် ဂေါစ္ဆကခွဲ

၂။ ဒုက်စူဋ္ဌာ, မဟန္တနှင့်၊ နောက်ဆုံးက ပိဋ္ဌလာ။
ဤသုံးဖြာ မည်နာမ၊ မှတ်ကြ "ဒုက်"သာ။
ကြွင်းသေသာ သခ်္ခာဆယ်၀။
"ဂေါစ္ဆက" နာမ်နှင့်၊ စိန္တေယျ မြတ်ဘုရား၊ ဟောထားသည်ပ။

စူဋ္ဌန္တရဒုက် အရေအတွက်

၃။ သပ္ပစ်မှာ သခ်ီဖက်လို့၊ သနိစ္စက် ပဋ္ဌေး။
ရှုပိယ် လောကိယ၊ ဟောပြ မသွေ။
ကေနစိ ဝိညေယ္ယ၊ မှတ်ပါလေ မလွဲ။
သတ်သခ်္ခာ၊ "ဒုက်စူဋ္ဌာ" စဉ်မပျက်အောင်၊ သိုဏ်းကွက်ရှုနဲ့။

မဟန္တရဒုက် အရေအတွက်

၄။ ရမ်, စိ, စေ သမ်နှစ်ခု၊ သ, ဒွေပြု နုယှဉ်ခါ။ ဟောလိုက်ကြပါ။
နှ, ဘ,တ္တိ စဉ်အလာ၊ အဗ္ဗ ပါဒိန္ဒော။
စုဒ္ဒသ "ဒုက်မဟာ" ငယ်၊ တွေးဆကာ ဉာဏ်ရေးနှင့်ဟော။

ပိဋ္ဌဒုက် အရေအတွက်

၅။ ဒဿန, ဘာ၀နာ၊ ဟေတုမှာ နှစ်ဖြာယှက်ပါလို့၊ သဝိတက်, ဝိစာရာ၊ ဟောပြ မှန်စွာ။
ဒွေပိတိငယ်နှင့်၊ သတိငယ် ဉာဏ်ကူလို့၊ သ,ပေက္ခာ, ကာမာရကို၊ နည်းပြ စဉ်လာ။
ရှုပနှင့် အရှုပါ၊ ပရိယာ, နိယျာနိကို၊ တွေးသိသေချာ၊ နိယတာမလွဲ။
ဥတ္တရဝယ်နှင့်၊ သရဏ သည်နှစ်ဖြာ၊ ဆုံးသတ်ခါ နောက်မှာချိတ်ပါလို့၊ "ဒုက်ပိဋ္ဌ" ဌာရသာ၊ သောတုဇာ လူယဉ် လှငယ်တို့၊ စဉ်ကမာ နေရာ ကျအောင်၊ တွေးဆစမြဲ။

http://www.dhammadownload.com

သပ္ပဒေသဒုက်စဉ်ချီး

၆။ စ-ကိုးထွေ ဂေါ်ဌက၊ ဆုံး-သုံးဝ ယူလေ။ ။ကိ-အဆုံး လေးဒုက် နေသည်၊ မဟန္တေ သံဒေ့။ ။ဒုက် တေတ္တိ သပ္ပဒေကို၊ သောတုတ္တေ ခဲကြိတ်လှိုတွေ့။

အဘိမ္မေတ္ထမဠရီလာအချီး ပြီး၏။

တုတ်လှမ်းဆရာတော်၊ အရှင်စန္ဒမာလာ မဟာထေရ်ကျော်

စီရင်တော်မူသော မာတိကာချီး ပြီး၏။

http://www.dhammadownload.com

၆-ဒုကမာတိကာအရကောက် အဓိပ္ပာယ်

၁-ဟေတုဒုက်

ဒုကမာတိကာ အရကောက် အဓိပ္ပာယ်ကို ဆိုပေအုံ့-
အဘယ့်ကြောင့် ဒုက်မည်သနည်း။
ပရမတ္ထတရား ၄-ပါးကို နှစ်ခုပြု၍ ဟောအပ်သောကြောင့် ဒုက်မည်၏။
အဘယ့်ကြောင့် ဟေတုဂေါစ္ဆက မည်သနည်း။

အဟေတုက သဟေတုက အစရှိသော သဒ္ဒါအားဖြင့်လည်းကောင်း၊ အဟိတ် သဟိတ် အစရှိသော အနုက်အားဖြင့်လည်းကောင်း အချင်းချင်း စပ်သည်ဖြစ်၍ ပန်းတို့၏အချက်ကဲ့သို့ ပန်းလက်အစရှိသည်တို့၌ ပန်းစသည်တို့၏ အပေါင်းကဲ့သို့ဖြစ်၍ တည်သည်၏အဖြစ်ကြောင့် ဟေတုဒုက်အစရှိသော ၆-ဒုက်တို့သည် ဟေတုဂေါစ္ဆက မည်၏။

ထိုဒုက်သည် သဒ္ဒါ,အနုက်အားဖြင့် အဘယ်သို့စပ်သနည်း။
သဟေတုကဒုက်, ဟေတုသမ္မယုတ္တဒုက်တို့သည် ဟေတုဒုက်၌ ဟိတ်တရားတို့နှင့် စပ်၏။

http://www.dhammadownload.com

ဟေတုသဟေတုကဒုက်သည် ဟေတုဒုက်, သဟေတုကဒုက်နှင့် စပ်၏။
ဟေတုဟေတုသမ္မယုတ္တဒုက်သည် ဟေတုဒုက်,ဟေတုသမ္မယုတ္တဒုက်နှင့် စပ်၏။
နဟေတုသဟေတုကဒုက်သည် ဟေတုဒုက်, သဟေတုကဒုက်နှင့် စပ်၏။
ဤသို့ သဒ္ဓါအားဖြင့်ရင်း, အနက်အားဖြင့်ရင်း ယှဉ်၍ ဟောအပ်ကုန်သော ဒုက်တို့၏ အချင်းချင်း စပ်သည်ကို သိအပ်၏။

ဟေတုဂေါစ္ဆက ပဌမဒုက်၌ ဟေတုသည် — (၆-၃၄၂, ၆-၁၄၃)။

၁။ ဟေတုဟေတု၊
၂။ ဥတ္တမဟေတု၊
၃။ ပစ္စယဟေတု၊
၄။ သာဓာရဏဟေတု — ဟူ၍ ၄-ပါးရှိ၏။

ထို ၄-ပါးတို့တွင် ဤ၌ ဟေတုဟေတုကိုသာ လိုအပ်သောကြောင့် ဟိတ် ၆-ပါးကို ကောက်ရသတည်း။

သဟေတုကဒုက် ပဌမပုဒ်၌ မောဟမူဒ္ဓေ၌ မောဟကို ယှဉ်ဆက် ဟိတ်မရှိ အဟေတုကဖြစ်သောကြောင့် ကြဉ်ရလေသည်၊ မောဟကိုကြဉ်လျက် စေတသိက် မလျော့သည်ကား လောဘမူ,ဒေါသမူတို့၌ ယှဉ်သော မောဟကို မကြဉ်သော ကြောင့် မလျော့လေသတည်း။

ဟေတုသမ္မယုတ္တဒုက်သည် သဟေတုကဒုက်နှင့် တူလျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း။

ဒေသနာဝိလာသအားဖြင့်ရင်း, ဝေနေယျဇ္ဈာသယအားဖြင့်ရင်း၊ **တနည်း** **မှာ** — တရားကိုယ် မထူးသော်လည်း ပုဒ်အနက်ထူးသောကြောင့် ဟောတော်မူသည်ဟု မှတ်။

ဒုက်ရင်းပင် ၃-ဒုက်ကို **မြတ်စွာဘုရား ပွါး၍ ပြတော်မူသည်မှာ** — ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ " ဟေတူ စေဝ ဓမ္မာ သဟေတုကာ စ။ သဟေတုကာ စေဝ ဓမ္မာ နစ ဟေတူ " ဤကား **စတုတ္ထဒုက်**။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ " ဟေတူ စေဝ ဓမ္မာ ဟေတု-သမ္မယုတ္တာ စ။ ဟေတုသမ္မယုတ္တာ စေဝ ဓမ္မာ နစ ဟေတူ " ဤကား ပဉ္စမဒုက်။

ဒုတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ " နဟေတူ ဓမ္မာ သဟေတု-ကာပိ။ နဟေတူ ဓမ္မာ **အဟေတုကာပိ** " ဤကား **ဆဋ္ဌဒုက်**။

http://www.dhammadownload.com

ပေါင်း မြတ်စွာဘုရား ပွါးတော်မူအပ်သော အနုလောမ ၂-ဒုက်၊ ဗျတိ-ရေကဒုက် ၁-ပါး အားဖြင့် ၃-ဒုက်တည်း။

ဤကဲ့သို့ အစကို ကိုင်ရှုပြသဖြင့် သိလောက်ပြီဟု မိန့်တော်မူ၏။

ဗုဒ္ဓမတညူဆရာကြီးတို့ ဆက်၍ ပွါးဟန်မှာ — ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဟေတူ စေဝ မမ္မာ အဟေတုကာ စ။ အဟေတုကာ စေဝ မမ္မာ နု စ ဟေတူ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဟေတူ စေဝ မမ္မာ ဟေတု-ဝိပ္ပယုတ္တာ စ။ ဟေတုဝိပ္ပယုတ္တာ စေဝ မမ္မာ နု စ ဟေတူ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ ဤကား ဗုဒ္ဓမတညူ ဆရာကြီးတို့ ပွါးသော အနုလောမ ၂-ဒုက်၊ ၎င်း ၂-ဒုက်ကို **သမ္ဘဝဒုက်** ဆိုသည်။

မြတ်စွာဘုရား ပွါးတော်မူအပ်သော ၂-ဒုက်နှင့် ပေါင်းသော် အနုလောမ ၄-ဒုက် ဖြစ်၏။

မြတ်စွာဘုရားသခင်သည် ခပ်သိမ်းသောဒုက်ကို ပွါးရှာ၌ အောက်အောက်သော ဒုက်ကို အခံပြု၍ အထက်အထက်သော ဒုက်ကို ထည့်ရှာ၌သာ ဒုက်ဖြစ်သင့်၏။ အထက်အထက်သော ဒုက်ကို အခံပြု၍ အောက်အောက်သော ဒုက်ကို ထည့်ရှာ၌ ဒုက်မဖြစ်သင့်ဟု ထင်မှတ်ရာသောကြောင့် အထက်အထက်သော ဒုက်ကို အခံပြု၍ အောက်အောက်သော ဒုက်ကို ထည့်ရှာ၌လည်း ဒုက်ဖြစ်သင့်သည်၏ အဖြစ်ကို သိစေခြင်းငှါ ဆဋ္ဌဖြစ်သော ဗျတိရေက ဒုက်ကို ပွါး၍ ပြတော်မူသည်ကို အဋ္ဌကထာ (၇၉)ဆရာ နှလုံးသွင်း၍ —

ဒုတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတူ ဓမ္မာ သဟေတု-ကာပိ။ ဟေတူ ဓမ္မာ အဟေတုကာပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

တတိယဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "နု ဟေတူ ဓမ္မာ ဟေတု-သမ္မယုတ္တာပိ။ နု ဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ "ဤကား အဋ္ဌကထာ ၂-ဒုက်တည်း"။

မူလဋ္ဌိကာ(၄၉)ဆရာသည် အဋ္ဌကထာဆရာ၏ လက်စကို ဆက်၍ ပဌမဒုက်၏ ပဌမပုဒ်ကို တတိယဒုက်၌ ထည့်သော်လည်း ဒုက်ဖြစ်သင့်သည်၏ အဖြစ်ကို သိစေခြင်းငှါ တတိယဒုက်၌ ပဌမဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတူ ဓမ္မာ ဟေတုသမ္မယုတ္တာပိ။ ဟေတူ ဓမ္မာ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ "ဤကား မူလဋ္ဌိကာ တဒုက်တည်း"။

http://www.dhammadownload.com

အနုဋ္ဌိကာ (၅၃) ဆရာကလည်း ဤသို့အားဖြင့် ပွါးရာ၌သာ ဒုက်ဖြစ်သင့်သည်၊ ပဌမဒုက်၌ ဒုတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "သဟေတုကာ ဓမ္မာ ဟေတူပိ။ သဟေတုကာ ဓမ္မာ နဟေတူပိ" ဟူသောဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမဒုက်၌ ဒုတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "အဟေတုကာ ဓမ္မာ ဟေတူပိ။အဟေတုကာ ဓမ္မာ နဟေတူပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမဒုက်၌ တတိယဒုက်၏ ပဌမပုဒ်ကို ထည့်၍ "ဟေတုသမ္မယုတ္တာ ဓမ္မာ ဟေတူပိ။ ဟေတုသမ္မယုတ္တာ ဓမ္မာ နဟေတူပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

ပဌမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "ဟေတုဝိပ္ပယုတ္တာ ဓမ္မာ ဟေတူပိ။ ဟေတုဝိပ္ပယုတ္တာ ဓမ္မာ နဟေတူပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။ "ဤကား အနုဋ္ဌိကာ ၄-ဒုက်တည်း"။

ဤဟေတုဂေါစ္ဆကကို မှီ၍ ခပ်သိမ်းသော ဂေါစ္ဆကတို့ကိုလည်း မှတ်လေ။

၂-စူဠန္တရဒုက်

အဘယ်ကြောင့် စူဠမည်သနည်း။ တပါးသော ဒုက်တို့အောက် ငယ်ယောကြောင့် စူဠမည်၏။

အဘယ်ကြောင့် အန္တရမည်သနည်း။ ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက ၂-ပါးတို့၏ အကြား၌ ဖြစ်သောကြောင့် အန္တရမည်၏။

၁၃-ကေနစိဝိညေယျဒုက်

စူဠန္တရ ကေနစိဝိညေယျဒုက်၌—

အဋ္ဌကထာ (၄၀၀) နည်းအားဖြင့် ကတ္တား တူ ကံပြား၊ အာရမ္မဏိကတူ အာရုံပြား။ တနည်း — ကတ္တား အာရမ္မဏိကတူ၊ ကံ အာရုံပြား။

မူလဋီကာ (၅၁) နည်းအားဖြင့် ကတ္တားပြား ကံတူ၊ အာရမ္မဏိကပြား အာရုံတူ။ တနည်း—ကတ္တား အာရမ္မဏိကပြား၊ ကံ အာရုံတူ။

ဋီကာကျော်နည်းအားဖြင့် ဝိညာတမ္ဘတူ ဝိညာဏ်ပြား။ တနည်း—ကံတူ ကတ္တားပြား။ တနည်း—အာရုံတူ အာရမ္မဏိကပြား။

http://www.dhammadownload.com

၁၆-အာသဝသမ္ပယုတ္တဒုက်

အာသဝသမ္ပယုတ္တဒုက် ပဌမပုဒ်၌ ဒေါသမူဒ္ဓေ, မောဟမူဒ္ဓေ၌ မောဟသည် ယှဉ်ဘက် မရကောင်းသောကြောင့် ကြဉ်ရသည်။

၁၉-အာသဝဝိပ္ပယုတ္တ သာသဝဒုက်

ဟေတုဂေါစ္ဆက ဆဋ္ဌကဲ့သို့ အာသဝဂေါစ္ဆက ဆဋ္ဌ၌ "နော အာသဝါ ခေါ ပန ဓမ္မာ သာသဝါပိ။ အနာသဝါပိ" ဟု ဟောတော်မူကောင်းလျက် "အာသဝဝိပ္ပယုတ္တာ ခေါ ပန။ပ။ ပိ" ဟု ဆဋ္ဌဒုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း။

ဤအရာ၌ ဟေတုဂေါစ္ဆကမှာ ကေုပ္ပါဒ အစရှိသော သမ္ပယောဂ လက္ခဏာနှင့် ပြည့်စုံသောတရားကို ကောက်ရသည်။ ထိုကြောင့် ပဌမဒုက်၏ ဒုတိယပုဒ်ကို ဒုတိယဒုက်၌ ထည့်ရလေသည်။

ဤအာသဝဂေါစ္ဆက ဆဋ္ဌမှာ အာရုံ-အာရမ္မဏိက အဖြစ်ဖြင့် ဟောတော်မူသည်။ ထိုကြောင့် ဒုတိယဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ ဆဋ္ဌ-ဒုက်ကို ဟောတော်မူလေသတည်း။

၂၀-သဒ္ဓေါဘနဒုက်

သဒ္ဓေါဘန ဂေါစ္ဆက ပဌမဒုက်၏ ပဌမပုဒ်၌ သံယောဇဉ် တရားကိုယ် ဂ-ပါးကိုသာ ကောက်ခြင်းသည် "နဝ သံယောဇနာ" ဟု သင်္ဂြိုဟ်၌ ဆိုသည် မဟုတ်လော ဟူမူ။

သင်္ဂြိုဟ်၌ သုတ္တန်နည်း, အဘိဓမ္မာနည်း ၂-ပါးကိုပေါင်း၍ တရားကိုယ် ၉-ပါး ယူလေသည်။

ဤ၌ အဘိဓမ္မာနည်းသို့ လိုက်သဖြင့် ဥဒ္ဒစ္စကိုမျှ၍ ဂ-ပါးသာ ကောက်ရလေသတည်း။ "ဂန္ဌဂေါစ္ဆကဌ၌ ကြဉ်ဟန်ကို နောက်နည်းကို မှီလေ"။

၃၂-ဩဃဒုက်

ဩဃ, ယောဂမှာ အာသဝနှင့် တူ၏။ ဒေသနာဝိလာသ, ဝေနေယျဗျာသယ အားဖြင့်သာ ဟောတော်မူသည်။

http://www.dhammadownload.com

၅၀–ပရုမာသဇုက်

ပရုမာသဂေါ စ္ဆကဋ္ဌ နောက်ဒုက်မျှားကဲ့သို့ ပရုမာသ ပရုမာသသမ္ဘယုတ္တ ဇုက်ကို အဘယ့်ကြောင့် မဟောသနည်း။

ယင်းသို့ ဟောခဲ့သော် ဒုက်ပုဒ်၏အရကား ရှိသင့်၏။ ပရုမာသတရားကိုယ် တခုတည်းဖြစ်၍ ယှဉ်ဘက်မရှိရကား ပဌမပုဒ်အရ မရှိသင့်။ ထို့ကြောင့် ဟောတော်မမူသတည်း။

"သည်မှတပါး ကြဉ်သည်မျှားမှာ နောက်နည်းကို မှီလေ"။

ပရုမာသတရားကိုယ်ကို ကြဉ်ရသည်ကား သမ္ဘယုတ်မရကောင်းသော ကြောင့်တည်း။

၅၉–စိတ္တသံသဋ္ဌဇုက်

မဟန္တရ စိတ္တသံသဋ္ဌ ပဌမဇုက် ပဌမပုဒ်၌ စိတ္တဇရูပ် သံသဋ္ဌဖြစ်ပါ၏ဟူမူ။

တကွဖြစ်ကာမျှကို သံသဋ္ဌမဆိုလို၊ အထူးကို သိနိုင်ခဲသည်ဖြစ်၍ ရောယှက်သည်ကို သံသဋ္ဌဆိုလိုသည်။ ထို့ကြောင့် စိတ္တဇရูပ်ကို စင်စေသည်။

"ပိဋ္ဌိဒုက်မှာလည်း တိုက်ကနည်းဖြင့် သိရု၏"။

မာတိကာအရကောက် အဓိပ္ပာယ်ပြီး၏။

http://www.dhammadownload.com

၇-မာတိကာဂဏ္ဌိနှင့် သာဓကစာနုက်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုद္ဓဿ

ဧကမာတိကာဂဏ္ဌိ

၁-ဟေတုဒုက်

ဟေတုဂေါစ္ဆက ပဌမဒုက်၌ ဟေတုသည်— (၆-၃၄၂-ဌီ-၁၄၃)။

၁။ ဟေတုဟေတု၊
၂။ ဥတ္တမဟေတု၊
၃။ ပစ္စယဟေတု၊
၄။ သာဓာရဏဟေတု— ဟူ၍ ၄-ပါးတည်း။

ထိုတွင်ကား ဟေတုဟေတုကိုသာ ဤ၌ လိုအပ်သောကြောင့် ဟိတ် ၆-ပါး ကို ကောက်ရသည်။

အကယ်၍ ဥတ္တမဟေတုကို လိုအုံ့၊ ကုသိုလ် အကုသိုလ်ကို ကောက်ရဆု၏။
အကယ်၍ ပစ္စယဟေတုကို လိုသည်ဖြစ်အုံ့၊ ပစ္စည်းတရားအကြောင်းဟူသမျှကို ကောက်ရဆု၏။

အကယ်၍ သာဓာရဏ ဟေတုကို လိုသည်ဖြစ်အုံ့၊ အဝိဇ္ဇာ စသည်ကို ကောက်ရဆု၏။

ယင်းသို့ မလိုသောကြောင့် ထို ၃-ပါး၊ ကို စင်စစ်လိုရ်—

၄၈။ မူလဌေန ဟေတုသခ်ါတာ မြော-ဟူ၍ အဌကထာ (၈၉) ဆရာ မိန့်တော်မူပြီ။

ဟေတုဓမ္မာ, ဟေတု ဓမ္မာ ဟူ၍ သမာသ်,ဝါကျ ၂-ပါး ရှတ်သင့်ကြောင်းကို အဌကထာ (၈၉), ဋီကာ (၄၉) ၌ မိန့်ပြီ။

သဟေတုကဒုက် ဒုတိယ၌ မောဟမူဒွေ၌ မောဟကို ယူ၍ ပဌမ၌ ကြည့်ရသည်ကား ထိုမောဟ၌ ဟိတ်ယှဉ်ဘက် မရှိရကား အဟေတုက ဖြစ်သောကြောင့် တည်း။

မောဟကိုကြည့်လျက် စေတသိက် မလျှော့သည်ကား လောဘမူ, ဒေါသမူနှင့် ယှဉ်သည့်မောဟ ကြွင်းသောကြောင့်တည်း။ ဤနည်းအတူ အရာရာ၌ ယူလေ။

သာဓကနုက်

၄၈။ မူလဌေန၊ ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေတတ်သော အဖြစ်တည်း ဟူသော သဘာဝ်အနက်ကြောင့်။ ၀ါ၊ မူလ၏ အဖြစ်ကြောင့်။ ဟေတုသခ်ါတာ၊ ဟိတ် ဟု ဆိုအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ဟေတုဓမ္မာ၊ မည်ကုန်၏။

http://www.dhammadownload.com

၂-သဟေတုကဒုက်

သဟေတုက ဆိုသည်၌လည်း ဇနကဟိတ်, သမ္ပယောဂဟိတ် ၂-ပါးတို့၏ သမ္ပယောဂဟိတ်ကိုသာ ရည်၍ ဆိုသည်။ အကယ်၍ ဇနကဟိတ်ကို ရည်၍ ဆိုခြားအုံ့၊ ပဋ္ဌမပုဒ်၌ပင် အဟိတ်စိတ္တဇရုပ်တို့သည် ဝင်ကုန်ရာ၏၊ နိဗ္ဗာန်သာ ဒုတိယ၌ ဝင်ရာ၏၊

ထိုသို့ မလိုအပ်သောကြောင့် ဇနကဟိတ်ကို စင်စစ်လိုရ၍ အဋ္ဌကထာ (၇၉) ၌—

> ၄၉။ သမ္ပယောဂတောပဝတ္တေန ယဟ ဟေတုနာတိ သဟေတုကာ-ဟု မိန့်ပြီ။

၃-ဟေတုသမ္ပယုတ္တဒုက်

ဟေတုသမ္ပယုတ္တဒုက်သည် သဟေတုကဒုက်နှင့် တူလျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်း ဟူခြားအုံ့။

ဒေသနာဝိလာသအားဖြင့်ရင်း, ဝေနေယျဗျာသယ အားဖြင့်ရင်း ဟောတော်မူပြန်သည် ဟူလေ။

> ၅၀။ ဒေသနာဝိလာသေန ပန တထာ ဗုဇ္ဈနာနံ ဝါ ပုဂ္ဂလာနံ အဇ္ဈာသ-ယဝသေန ဝုတ္တာ။ အဋ္ဌကထာ (၇၉)

ထနည်းကား—တရားကိုယ် မထူးသော်လည်း ပုဒ်အနက် ထူးသောကြောင့် ဟောတော်မူပြန်သည်။

သာဓကနုက်

> ၄၉။ ယေ မေ္ဘာ၊ တို့သည်။သမ္ပယောဂတော၊အညီအညွတ် ကေပ္ပါ၊ အစရှိသော အပြား တို့နှင့် ဟုဠ်သော အားဖြင့်။ ပဝတ္တေန၊ ဖြစ်သော။ ဟေတုနာ၊ ဟိတ်နှင့်။ သဟ၊ တကွ။ ပဝတ္တန္တိ၊ ကုန်၏။ ဗျတိ တသ္မာ၊ ကြောင့်။ တေ မေ္ဘာ၊ တို့သည်။ သဟေတုကာ၊ မည်ကုန်၏။
>
> ၅၀။ ပန၊ ထိုသို့ပင် အနက် အဓိပ္ပါယ် အထူးအခြား မရှိသော်လည်း။ဒေသနာဝိလာ-သေန ဝါ၊ ဒေသနာတော်ကို တင့်တယ်စမ္ပယ်စေတတ်သော သမ္ပဏ္ဍိတဉာဏ်တော်ဖြင့်ရင်း။ တထာ-တေဟိ ပကာရေဟိ၊ ထိုသို့ သဟေတုက ဟေတုသမ္ပယုတ္တ အပြားတို့ဖြင့်။ ဗုဇ္ဈနာနံ၊ သစ္စာလေးပါး တရားကိုသိလတ္တံ့ ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ အဇ္ဈာသယဝသေန ဝါ၊ အလိုဆန္ဒ၏ အစွမ်းအားဖြင့်ရင်း။ (ဒေ့ ဒုကာ၊ သဟေတုကဒုက် ဟေတုသမ္ပယုတ္တဒုက် နှစ်ဒုက် တို့ကို။ ဘာဝတာ၊ သည်။) ဝုတ္တာ၊ ကုန်၏။

http://www.dhammadownload.com

၅၁။ ဓမ္မနာနတ္ထာဘာဝေပိ ဟိ ပဒတ္ထနာနတ္ထေန ဒုကန္ဓရံ ဝုစ္စတိ။ ဒ္ဋိကာ (၄၉)

၅၂။ ဘေတေန ပကာရန္တရာပေက္ခံ ဒုကန္ဓရဝစနန္တိ ဒဿေတိ။ **အနုဋ္ဌိကာ (၅၃)**။ ဤအတူ တရားကိုယ်တူလျက် ဟောရာ၌ ဆိုလေ။

၆-နဟေတု သဟေတုကဒုက်

သမ္ဘဝဒုက်သည် **အဋ္ဌကထာနည်း (၈၉), ဋ္ဌိကာနည်း (၄၉), အနုဋ္ဌိကာ-နည်း (၅၃)** အားဖြင့် မျှားလှစ္စာ၏။ ထိုကျမ်းတို့မှ လိုသော် ယူကုန်လင့်။

ဋ္ဌိကာဆရာကား သမ္ဘဝဒုက်ကို ပယ်လည်းပယ်၏၊ ခွင့်ပြုယောင်လည်း မူ၏။

အနုဋ္ဌိကာဆရာမြတ်ကား တရားမင်းဘုရား မဟောသည်ကို မဆိုအပ်ပြီ၊ ဟောရာ၌သာ တည်စကောင်းသောဟု မိန့်တော်မူ၏။

၅၃။ ဓမ္မာနံ ဝါ သဘာဝကိစ္စာဒိ ဟောတေတမ္ဘာကာရဏ္ဍ ယာထာဝတော ဇာနဏ္ဍေန ဓမ္မသာမိနာ ယတ္ထကာ ဒုကာ ဝုတ္တာ၊ တတ္ထကေသု ဌာတမ္ဘံ။ အဒ္ဓါ ဟိ တေ ဒုကာ နဝတ္ထမ္ဘာ၊ ယေ ဘဂဝတာ နဝုတ္တာတိ ဝေဒိတမ္ဘံ။ **အနုဋ္ဌိကာ (၅၄)**

ဂေါစ္ဆကသဒ္ဒါသည် သဒ္ဒါ, **အနက်**အားဖြင့် အချင်းချင်း စပ်သော ဒုက် အပေါင်း၌ ထင်သော အနိပ္ဖန္နပါဠိပဒိကပုဒ်ဟူ၍ အချိုဆရာတို့ ဆိုစကုန်၏။

သာဓကနက်

၅၁။ ဟိ သစ္စံ၊ ၏။ ဓမ္မနာနတ္ထာဘာဝေပိ၊ တရားကိုယ်တို့၏ ထူးသည်၏အဖြစ် မရှိသော်လည်း။ ပဒတ္ထနာနတ္ထေန၊သဟေတုကပုဒ် သမ္ဘယတ္ထပုဒ်,**အနက်**တို့၏ ထူးသည်၏ အဖြစ်ကြောင့်။ ဒုကန္ဓရံ၊ ဒုက်အထူးကို။ ကတ္တာ၊ ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

၅၂။ ဘေတေန၊ ဤပဒတ္ထနာနတ္ထေန ဟူသောပုဒ်ဖြင့်။ ဒုကန္ဓရဝစနံ၊ ဒုက်အထူးကိုဟောတော်မူခြင်းသည်။ ပကာရန္တရာဒေက္ခံ၊ ပကာရ အထူးကို ငဲ့ခြင်းရှိ၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ ဒဿေတိ၊ ပြတော်မူ၏။

၅၃။ ဝါ၊ တနည်းကား။ ဓမ္မာနံ၊ ပရမတ္ထတရားတို့၏။ သဘာဝကိစ္စာဒိ ၊ သဘာဝကိစ္စ အစရှိသည်ကိုငင်း။ ဟောတေတမ္ဘာကာရဏ္ဍ၊ သိစေအပ်သော အခြင်းအရာကိုလည်း။ ယာထာ-ဝတော၊ မဟောက်မပြန်သောအားဖြင့်။ ဇာနဏ္ဍေန၊ သိတော်မူသော။ ဓမ္မသာမိနာ၊ တရား၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝါ၊ တရားကြောင့် လူနတ်တို့၏ အရှင် ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ ယတ္ထကာ၊ အကြင်မျှလောက်ကုန်သော။ ဒုကာ၊ ဒုက်တို့ကို။ ဝုတ္တာ၊ ကုန်၏။ တတ္ထကေသု၊ ထိုမျှအတိုင်းအရှည်ရှိကုန်သော ဒုက်တို့၌။ ဌာတမ္ဘံ၊ တည် သင့်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ယေ ဒုကာ၊ ထို့ကို။ ဘဂဝတာ၊ သည်။ နဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။ တေ ဒုကာ ၊ တို့သည်။ ဝါ၊ တို့ကို။ အဒ္ဓါ၊ မချွတ်ကေန်။ ဝတ္ထမ္ဘာ၊ ဆိုအပ်ကုန်သည်။ နဿိယုံ၊ မဖြစ်ကုန်ရာ။ ဣတိ၊ သို့။ ဝေဒိတမ္ဘံ၊ သိအပ်၏။

http://www.dhammadownload.com

ဂေါ စ္ဆကသဒ္ဒါသည် ပန်းချက်, ပန်းလက်ကို ဟောရင်း။ ဥပမာ-တဒ္ဒုတ် အားဖြင့်ကား—

၅၄။ "ဂေါ စ္ဆကမိဝ ဂေါ စ္ဆက်"ဟု ကြံ၍ ဒုက်အပေါင်းကို ဟောသည်။ ဤသို့လည်း အချို့ ဆိုစကုန်၏။

အဋ္ဌကထာ (၇၉) မိန့်ဆိုရိပ်ကို ထောက်၍ သင့်ရာမှာသာ အကြောင်း။

၇-သပ္ပစ္စယဒုက်

အဋ္ဌသာလိနီ အဋ္ဌကထာ (၉၀) ဒုကမာတိကာ အဖွင့်၌ သပ္ပစ္စယဒုက်၏ သံဝဏ္ဏနာကို—

> ၅၅။ စူဠဋ္ဌိရဒုကေသု အတ္ထနော နိပ္ပါဒကေန သဟ ပစ္စယေနာတိ သပ္ပစ္စယာ။ နတ္ထိ ဧတေသံ ဥပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ ပစ္စယောတိ အပ္ပစ္စယာ—ဟု ဖွင့်ဆိုတော်မူသည်။

ဂင်းဖွင့်ဆိုတော်မူသည့်အရာကို စိစစ်ခြင်း အနုယောဂနှင့်တကွ အဓိပ္ပါယ်ကို ပြပေအုံ့။

အပ္ပစ္စယာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏ သံဝဏ္ဏနာကို မိန့်ဆိုသော အဋ္ဌ-ကထာဆရာ သည် "နတ္ထိ ဧတေသံ ပစ္စယောတိ" ဟူသော သမာသ်ဝါကျကို ပြ သဖြင့်ပင် အပ္ပစ္စယပုဒ်၏ အနက် ပြီးကောင်းလျက် "ဥပ္ပါဒေ ဝါ ဋ္ဌိတိယံ ဝါ" ဟူ သော ၂-ပါဒကို အပိုအကဲ မိန့်သည်ကား နိဗ္ဗာန်၌ ဥပါဒ် ခဏ ဋ္ဌိခဏ ရှိအပ် ကောင်းသကဲ့သို့ သောတုဇနတို့အား ယုံမှား တွေးတောဘွယ်ရှိအောင် မိန့်ဆို တော်မူယောင်တကားဟု စိစစ်စောဒနာဘွယ်ရှိသည်၊ ယင်းသို့ စိစစ်စောဒနာ မူရာ၌။

သာဓကနက်

၅၄။ ဂေါ စ္ဆကမိဝ၊ ပန်းချက် ပန်းလက်နှင့် တူ၏။ ဣတိ၊ ထို့ကြောင့်။ ဂေါ စ္ဆက်၊ ဂေါ စ္ဆက မည်၏။

၅၅။ စူဠဋ္ဌိရဒုကေသု၊ စူဠဋ္ဌိရဒုက်တို့၌။ အတ္ထနော၊ ကို။ ဝေါ ၊ ရှိ။ ဝေဒိတမ္ဘော၊ အပ်၏။ ယေ ဓမ္မာ၊ တို့သည်။ အတ္ထနော၊ မိမိကို။ နိပ္ပါဒကေန၊ ပြီးစေတတ်သော။ ပစ္စယေန၊ ပစ္စယပွန်တရားနှင့်တူသော ကာလရှိသော ဟေတု သဟဇာတ အစရှိသောအကြောင်း, ပစ္စယုပွန်တရားနှင့်တူသော ကာလမရှိသော အနန္တရ,သမနန္တရ အစရှိသောအကြောင်း,ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော အာရမ္မဏ, အဓိပတိ အစရှိသော အကြောင်းတရားနှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ သပ္ပစ္စယာ၊ သပ္ပစ္စယ မည်ကုန်၏။ ဧတေသံ ဓမ္မာနံ၊ တို့အား။ ဥပ္ပါဒေ ဝါ၊ ဥပါဒ်ခဏ၌ဝင်း။ ဋ္ဌိတိယံ ဝါ၊ ဋ္ဌိခဏ၌ဝင်း။ ပစ္စယောဟု၊ ဆိုအပ်ပြီးသော သမာနကာလ, အသမာနကာလ, ကာလဝိမုတ်ဖြစ်သော အကြောင်း သုံးပါးသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ တေ ဓမ္မာ၊ တို့သည်။ အပ္ပစ္စယာ၊ ကုန်၏။

http://www.dhammadownload.com

ဝိဿဇ္ဇနာကား—

ငါ့ရှင် အနုယောဂ်ဆရာဆိုတိုင်း "**နတ္ထိ ကေသံ ပစ္စယောတိ**" ဟူသော သမာသ်ဝါကျဖြင့် အပ္ပစ္စယပုဒ်၏ အနက်မျှသည် ပြီးကောင်းလျက် "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ဟူသောပုဒ် ၂-ခုကို ဖြည့်သွင်း၍ မိန့်ဆိုခြင်းသည်ကား "**အပ္ပစ္စယာ ဓမ္မာ**" ဟူသောပုဒ်၌ ပဋိသေဓတ္ထဇောတကဖြစ်သော အ-အက္ခရာ၏ သာမတ္ထိယ သဘောနှင့်တကွ သပ္ပစ္စယပုဒ်၏ အနက်ကို ပြည့်စုံစွာ သိစေခြင်းအကျိုးငှါ ဆိုတော်မူသည်။

အဘယ်သို့ **အပ္ပစ္စယာ ဓမ္မာ** ပုဒ်၌ အ-အက္ခရာသည် ပဋိသေဓတ္ထဇောတက ဖြစ်သနည်းဟူမူ—

ပစ္စယုပ္ပန်ဖြစ်သော နာမ်, ရူပ်တရားသည် ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်သည် ပစ္စယုပ္ပန်တရား မဟုတ်ခဲ့ရကား ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏အဖြစ်ကို မြစ်၍ ပစ္စည်းတရားနှင့် စပ်ခြင်းမရှိသည်၏အဖြစ်ကို ထွန်းတင်,ပြတတ်သည် ဟူလို။

အပ္ပစ္စယာ ဓမ္မာပုဒ်၌ အ-အက္ခရာသည် ငါ့ရှင် ပရိဟာရ်ဆရာဆိုတိုင်း ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၏ အဖြစ်ကို မြစ်၍ ပစ္စည်းတရားနှင့် စပ်ခြင်းမရှိသည်၏ အဖြစ်ကို ထွန်းတင် ပြတတ်သည် ဖြစ်ရကား "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ပုဒ်ကို မဆို မမိန့်ပဲပင် နိဗ္ဗာန်တရား၏ **အပ္ပစ္စယ** အဖြစ်ကို ထင်ရှားစွာ သိအပ်သည်ဖြစ်၍ ဤ၌ ယင်း ၂-ပုဒ်ကို မိန့်ဆိုခြင်း၌ အကျိုးမထင်၊ ဆိုခဲ့တိုင်းသော ယုံမှားတွေးတောဘွယ်ရှိစရာ အပြစ်သာမြင်သည် ဟူငြားအုံ့—

ငါ့ရှင် အနုယောဂဆရာ....အဋ္ဌကထာ ဆရာကို ငါ့ရှင် ဤသို့စကား မထိပါးကောင်း၊ သင့်မြတ်သော အကြောင်းယုတ္တိဖြင့်သာ သိမှတ်အပ်သည်။

သိမှတ်သင့်သော အကြောင်းယုတ္တိကား - "**သပ္ပစ္စယာ ဓမ္မာ**" ဟူသော ပဌမပုဒ်၏ အနက်ကို—

"**အတ္ထနော နိပ္ပါဒကေန သဟ ပစ္စယေနာတိ သပ္ပစ္စယာ**" ဟု **အဋ္ဌကထာ (၉၀)**ဆရာ မိန့်ဆိုသောကြောင့် **သပ္ပစ္စယာ ဓမ္မာ**-၏ အရဖြစ်သော စိတ်, စေတသိက်, ရူပ် ဟူသော ပစ္စယုပ္ပန်တရားသည် အကြောင်းနိပ္ပါဒက ဖြစ်သော ပစ္စည်းတရားနှင့် စပ်ခြင်းရှိသည်၊ ပစ္စယုပ္ပန်ဖြစ်သော ဤ နာမ်,ရူပ်တရား၏ ပစ္စည်းတရားနှင့်စပ်ခြင်းရှိသည်၏အဖြစ်သည်လည်း(အဖြစ်ကိုလည်း)ထိုပစ္စယုပ္ပန် နာမ်,ရူပ်တရား၏ ဥပါဒ်ခဏ,ဌိတိခဏ,ဘင်ခဏ၌သာ ရှိသည်,ရအပ်သည်၊ ဘင်ခဏ၌ မရှိ, မရအပ်။

ပဋိသေဓ ဟူသည်လည်း မြစ်အပ်ကောင်း, ပယ်အပ်ကောင်းသော ဝတ္ထု သဘောရှိရာ ရအပ်ရာ ဌာနဌ်သာ မြစ်ရခြင်း, ပယ်ရခြင်း အကျိုးရှိသည်၊ မြစ်

http://www.dhammadownload.com

ကောင်း, ပယ်ကောင်းသော ဝတ္ထုသဘော မရှိရာ, မရရာ ဌာနဌ် မြစ်ရခြင်း, ပယ်ရခြင်း အကျိုးမရှိ။

ဤ **အပ္ပစ္စယာ ဓမ္မာ** ဟူသော ဒုတိယပုဒ်သည်လည်း သပ္ပစ္စယာ ဓမ္မာ ဟူသော ပဌမပုဒ်ဖြင့် ပြတော်မူအပ်သော ပရမတ္ထဓမ္မ သဘာဝကို မြစ်တော်မူသောအားဖြင့် ပဌမပုဒ်အရမှတပါး အသီးအခြားဖြစ်သော ပရမတ္ထသဘာဝကို ပြတော်မူသောအရာ ဖြစ်သောကြောင့် ပဋိသေဓတ္ထဇောတက ဖြစ်သော အ-အက္ခရာသည် ပဋိသေဓ မြစ်သည်ရှိသော် မြစ်ကောင်း, ပယ်ကောင်းသော ဝတ္ထုသဘော ရှိရာ,ရရာဌာန မဟုတ်သော ပစ္စယုပ္ပန် နာမ်,ရုပ်တရား၏ ဘင်ခဏာဌ် သပ္ပစ္စယ ဖြစ်သော အကြောင်းကို မြစ်လေသလောဟုတ်ကား တော်သော်မ ဖြစ်ရာ၊ စင်စစ်ကား ဥပါဒ်ခဏ, ဌီခဏ ၂-ပါးဌ်သာ အကြောင်းဖြစ်သော ပစ္စည်းတရား ရှိသည်, ရအပ်သည်ဖြစ်၍ ထို ၂-ပါးသောခဏဌ် ရအပ်ကောင်းသော ပစ္စယ ဖြစ်သောအကြောင်းကို မြစ်သောအားဖြင့် အကြောင်းဖြစ်သော ပစ္စည်းတရား မရှိ ဟူလေသလောဟု ဖြစ်သော သောတုဇနတို့အား ယုံမှားသော်ကား ကင်းစေ ကြောင်းဖြစ်သော ပဋိသေဓ၏ သဘောသာမတ္ထိုးယနှင့် တကွ ပစ္စယပုဒ်၏ အနက်သဘောကို ပြည့်စုံစွာ သိစေခြင်းအကျိုးငှါ "**နတ္ထိ ဓေတသံ ပစ္စယောတိ**" ဟု သာမန်ဝါကျဖြင့်သာ မပြီးစေပဲ "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**"ဟူသော နှစ်ပါဒကို ထပ်ဖြည့်၍ အဌကထာသခင် အရှင်မြတ် မိန့်ဆိုတော်မူသည်။ နိဗ္ဗာန်ဌ် ဥပါဒ်ခဏ, ဌီခဏ ရအပ်ကောင်းသောကြောင့် ဆိုသည်မဟုတ်။

နိဗ္ဗာန်ဌ် ဥပါဒ်ခဏ,ဌီခဏ မရမရှိ ဟုသိအပ်သော အကြောင်းယူတို့ကား—

ခဏ ၃-ပါးနှင့်ပြည့်စုံသောပရမတ္ထတရားအပေါင်းဌ် ထိုက်သည်အားလျော်စွာ အစရှိသောအကြောင်း, ဟေတု, အာရမ္မဏ အစရှိသော အကြောင်းဖြစ်သော ပစ္စည်းနှင့် စပ်ခြင်းရှိသော သဘောကို ရအပ်သည်ချည်း။

ရအပ်ရာတွင် နိဗ္ဗာန်ဟူသော ပရမတ္ထဓမ္မဌ် ပစ္စယသဘာဝမရှိဟု မြစ်တော်မူသည်ဖြစ်က သဘာဝနှင့် သဘာဝတ္ထတရားသည် အသီးအခြား မရကောင်းသောကြောင့် သဘာဝဝန္ဓဖြစ်သော ဥပါဒ်ခဏ, ဌီခဏလည်း မရမရှိဟု ယုံမှားသော်ကား မကပ်မငြိ သိမှတ်အပ်သင့်သည့်အနက် ပြီးကောင်းတော့သည်။ "**နတ္ထိ ဓေတသံ**" စသည်ဖြင့် ပြတော်မူသော ဝါကျဌ်လည်း "**ဓေတသံ**"ကို သမ္ဗန်အနက်ယူ၍ "**ပစ္စယော နတ္ထိ**"မှာ ယှဉ်၊ "**ဥပ္ပါဒေ ဝါ ဌိတိယံ ဝါ**" ၂-ပုဒ်မှာ မယှဉ်သင့်၊ ယင်း ၂-ပုဒ်ကိုမူကား ယခုပြဆိုခဲ့သော သဘာဝတ္ထအဓိပ္ပါယ်ကို သောတုဇနတို့ သိစေလိုသောကြောင့် ပြဆိုတော်မူသည်ဟု ယုံကြည်လေးမြတ်မှတ်အပ်သည်ဟူလို။

ဒုတ္ထိဇာနံ ဌာနမိဒံ သာဓုကံ သလ္လက္ခေတမ္ဗံ။

http://www.dhammadownload.com

၈-သခ်ံတဒုက်

စူဠဒုက္ခရဒုက်၌ အရ တရားကိုယ်သည် နိဗ္ဗာန်သာဖြစ်လျက် "**အပ္ပစ္စယာ၊ အသခ်ံတာ**" ဟူ၍ အဘယ်ကြောင့် ဗဟုဝုစ် ဟောတော်မူသနည်း ဟူ၍ပြောအံ့၊ မဆုံးဖြတ်အပ်သေးသော အနက်အပိုင်းအခြားရှိသည်ကို ပြသည်၏အစွမ်းအားဖြင့် မာတိကာ ထားကာမျှ ဖြစ်သောကြောင့် ဟောတော်မူသည် ဟူလေ။

၅၆။ **ဇ**ဏ္ဍ **စ** **အပ္ပစ္စယာ** **အသခ်ံတာ**တိ ဗဟုဝစနနိဒ္ဒေသော အဝိနိစ္ဆိတတ္ထ-ပရိစ္ဆေဒဒဿနဝသေန မာတိကာ ဌပနတော ကတောတိ ဝေဒိတမ္ဗော။

ဟူ၍ လာသော ဋီကာ (၅၁)-နှင့်ရင်း, သဒ္ဒနီတိနှင့်ရင်း အညီတည်း။

တနည်း— ဗဟုဝုစ် ဒေသနာအယဉ်၌ ကျပါသောကြောင့် ဟောတော်မူသတည်း။

၅၇။ ဗဟုတ္ထာနမ္ပိ ကေတ္ထေ၊ သမာရောပနတော ဗဟု-ဝစနံ ဒေသနာသောတေ၊ ပတိတတ္ထာ စ မနျတေ။

ဟူ၍လာသော **သဒ္ဒတ္ထဘေဒစိန္တာ** (ဂါထာနံပါတ်-၁၃၅) နှင့်အညီ။

ယင်း **ဘေဒစိန္တာ** စကားကို **သဒ္ဒနီတိ** ဆရာ ပယ်၏။

ပယ်ဟန်ကား— ဒေသနာ အယဉ်၌ ကျသည်ဆိုသော် ဘုရားသခင်ပင် သတိ-သမ္ပဇဉ်ကင်း၍ ဗဟုဝုစ်စပ်၍ ဟောမိလေသည်ဟု စကားကျရကား မသင့်သည်သာ ဤသို့ပယ်၏။

၅၈။ ကေစိ ပန ဒေသနာသောတပါတဝသေန ဗဟုဝစနပ္ပယောဂါ-တိပိ ဝဒန္တိ၊ တံ နဂဟေတမ္ပံ။ နဟိ တထာဂတော သတိသမ္ပ-ဇညရဟိတော ဓမ္မံ ဒေသေတိ။ ယုတ္တိပိ စ နဒိဿတိ။

သာဓကနက်

၅၆။ စ၊ ဆက်၍ဆိုဦးအံ့။ တ္ထေ၊ ဤစူဠဒုက္ခရဒုက်၌။ အပ္ပစ္စယာ အသခ်ံတာတိ၊ ဟူ၍။ ဗဟု-ဝစနနိဒ္ဒေသော၊ ဗဟုဝုစ် ဂိဘက်ဖြင့် ပြတော်မူခြင်းကို။ အဝိနိစ္ဆိတတ္ထပရိစ္ဆေဒဒဿနဝသေန၊ မဆုံးဖြတ်အပ်သော အနက်ကို ပိုင်းခြားခြင်းကို ပြသည်၏ အစွမ်းဖြင့်။ မာတိကာဌပနတော၊ မာတိကာကို ထားအပ်သောကြောင့်။ ကတော၊ ပြုတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတမ္ဗော၊ သိအပ်၏။

၅၇။ ဗဟုတ္ထာနမ္ပိ၊ များစွာသော အနက်တို့ကိုလည်း။ ကေတ္ထေ၊ တခုတည်းသော အနက်၌။ သမာရောပနတော စ၊ တင်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဒေသနာသောတေ၊ ဗဟုဝုစ် ဒေသနာ အယဉ်၌။ ပတိတတ္ထာ စ၊ ကျသည်၏ အဖြစ်ကြောင့်ရင်း။ ဗဟုဝစနံ၊ ဗဟုဝုစ်ကို။ မနျတေ၊ သိအပ်၏။

၅၈။ ပန၊ ကေစိဝါဒကို ဆိုဦးအံ့။ ကေစိ၊ အချို့သော ဆရာတို့သည်။ ဒေသနာသောတ-ပါတဝသေန၊ ဗဟုဝုစ် ဒေသနာအယဉ်၌ ကျသည်၏ အစွမ်းအားဖြင့်။ ဗဟုဝစနပ္ပယောဂါ၊

http://www.dhammadownload.com

ဤကား လာသည်ပါ၏။(သဒ္ဒနီတိပဒမာလာ-ပဌမဘာဂ-ဘူဓောတုက)ကြီယာ ပဒမာလာ မှာရှု။

သဒ္ဓသာရတ္ထဒေဝနီ (ဂါထာနံပါတ်-၈၃) ၌လည်း ပိုင်းခြားထိုက်သည်ကို မပိုင်းခြားရာ၌ဖြစ်၍ ဗဟုဝုစ်ဟောသည်ဟု တထွေလာ၏။

၅၉။ အဗဟုတ္ထေ သတိယော၀၊ အတ္ထနိ စ ဂရှသု စ။
အပရိစ္ဆေဒါရဟစ္ဆေဒေ၊ ဣတျာဒီသု ဗဟု ဘ၀ေ။

သည် စကားသုံးရပ်တွင် မူလဌီကာစကားသာ သဘောကိုထောက်သော် သင့်တင့်လှသည်ဟု ဆရာတို့ မိန့်ကုန်၏။

၉-သနိဒဿနဒုက်

သနိဒဿနဒ္ဓကား ရှုပါရုံ တခုပင် ဖြစ်မူလည်း အတိတ်, အနာဂတ် စသော အပြားကိုင်ခဲ့၍ ဗဟုဝုစ် ဟောတော်မူသည် ဟု ယူရမည်။

၁၃-ဓေကနစိဝိညေယျဒုက်

ကေနစိဝိညေယျဒုက်၌ အရသည် ပဌမ ဒုတိယ၌ပင် တူခဲ့၊ ယင်းသို့တူသော် ဘယ်သို့ ဒုက်ဖြစ်နိုင်မည်နည်း၊ ဒုက်မဖြစ်ရာပြီတကား ဟူငြားအုံ့၊ ဝိညေယျ အရ ဓမ္မ ပြားသောကြောင့် ဖြစ်ချေ၏ ဟူလေ။ ဤကား **အဋ္ဌကထာ** (၉၀) ဆရာ အလိုတော်။

အကျယ်အဓိပ္ပါယ်ကား— ကေနစိ ၂-ပုဒ်၏ အရကို စက္ခုဝိညာဉ် ယူခိုက် ဝိညေယျ အရသည် ရှုပါရုံဖြစ်၏၊ နဝိညေယျ အရသည် သဒ္ဒါရုံစသော အကြွင်းအာရုံ ၅-ပါးဖြစ်၏။

သာဓကနက်

ဗဟုဝုစ်နှင့် ယှဉ်ခြင်းတို့သည်။ဟောဘွယ်၊ ဖြစ်ကုန်၏။ဣတိပိ၊သို့လည်း။ ဝဒဘွယ်၊ဆိုကုန်၏။တံ၊ ထို ကေစိဆရာတို့ စကားကို။ နဂဟေတဗ္ဗံ၊ မယူအပ်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ဟိ ယသ္မာ၊ အကြောင်းကြောင့်။ တထာဂတော၊ မြတ်စွာဘုရားသည်။ သတိသမ္ဘဝေ၊ သတိသမ္ဘဝ၌ မှ ကင်းသည်ဖြစ်၍ ။ဓမ္မံ၊ကို။ နဒေသေတိ၊ ဟောတော်မမူ။ယုတ္တိပိ စ၊ အသင့်ယုတ္တိသည်လည်း။ နဒိဿတိ၊ မထင်။ တသ္မာ၊ ထိုကြောင့်။ နဂဟေတဗ္ဗံ၊ မယူအပ်။

၅၉။ အဗဟုတ္ထေ၊ တခုတည်းသော အနက်သည်။ သတိယော၀ ရှိလျက်သာလျှင်။ အတ္ထနိ စ၊ မိမိ၌ဌင်း။ ဂရှသု စ၊ အလေးပြုအပ်သော သူတို့၌ဌင်း။ အပရိစ္ဆေဒါရဟစ္ဆေဒေ စ၊ ပိုင်းခြားထိုက်သောအရာကို မပိုင်းခြားရာ၌ဌင်း။ ဣတျာဒီသု၊ တို့၌။ ဗဟု၊ ဗဟုဝုစ်သည်။ ဘ၀ေ၊ ဖြစ်၏။

http://www.dhammadownload.com

ဤအတူ သောတ, ဃာန, ဇိဝှါ, ကာယဝိညာဉ်၌ လှည့်၍ လှည့်၍ ယူလေ။

မနောဝိညာဉ်၌ကား အတိတ်, အနာဂတ်, ပစ္စုပ္ပန် တရား ၃-ပါးတွင် တပါးပါးကို အာရုံပြုခိုက် ဝိညေယျအရသည် အာရုံပြုအပ်သော တပါးပါးဖြစ်၏။ နဝိညေယျ အရသည် အာရုံ မပြုအပ်သော တပါးပါးဖြစ်၏။ ဤသို့ ဝိညေယျ၏အရ ထူးသောကြောင့် ဒုက်ခြစ်သည် ဟူလိုသည်။

ဌီကာ (၅၁) ဆရာအလိုကား— ကေနစိအရ ဝိညာဉ်ပြားသောကြောင့် ဒုက်ခြစ်သည် ဟူလိုသည်။

အဓိပ္ပါယ်အကျယ်ကား—ရှေး ကေနစိ အရကို စကျွဝိညာဉ် ယူ၍ ဝိညေယျ အရသည် ရှုပါရုံဖြစ်၏။ နောက် ကေနစိ အရကို သောတဝိညာဉ်စသည် ယူ၍ နဝိညေယျ အရသည် ရူပါရုံ ၎င်းပင် ဖြစ်၏။ ဤအတူ ကြွင်းသော ဝိညာဉ် အာရုံ၌လည်း နည်းတူယူလေ။ ဤသို့ ကေနစိ အရ ဝိညာဉ်ပြားသောကြောင့် ဒုက်ခြစ်သည် ဟူလိုသည်။

ဤ အဋ္ဌကထာ, ဋီကာ ဆရာဝါဒ ၂-ပါးတွင် အဋ္ဌကထာဆရာဝါဒကိုသာ အနုဋီကာ (၅၅) ဆရာနှင့် ဂုဏ္ဌတ္ထဝိနိစ္ဆယဆရာတို့ နှစ်သက်တော်မူကြ၏။ မူလ-ဋီကာဆရာဝါဒ ကိုကား နှစ်သက်တော်မမူကုန်။

၁၅-သာသဝဒုက်

အာသဝေါဟူကဉ် သာသဝဒုက်ဝယ် သ-သဒ္ဒါသည် သဟသဒ္ဒါ၏ ကာရိယ ဖြစ်၍ တကွဖြစ်ခြင်းအနက်ကို ဟော၏။ ယင်းသို့ ဟောသောကြောင့် တကွ ဖြစ်သည်ဆိုက သမ္မယုတ်ပင် ဖြစ်သောကြောင့် အာသဝသမ္မယုတ္တဒုက်နှင့် အရ တူကောင်းပါသည် ဟူငြားအုံ့။

သမ္မယုတ်အားဖြင့် တကွဖြစ်သည်ကို မဆိုလို၊ အာရမ္မဏအားဖြင့် တကွ ဖြစ်သည်ကိုသာ ဆိုလိုသည်၊ ထိုကြောင့် အာရုံပြုထိုက်သည်ကိုသာ ကောက်ရ လေသည်။ အာသဝသမ္မယုတ္တဒုက်နှင့် အရမတူလေ ဆိုရ၏၊ ထိုကြောင့် **အဋ္ဌ-ကထာ (ဇ၀) ၌—**

> ၆၀။ **အတ္ထာနံ အာရမ္မဏံ ကတ္တာ ပဝတ္တေဟိ သဟ အာသဝေဟိတိ သာသဝါ—ဟု မိန့်ပြီ။**

သာဓကနှက်

၆၀။ ယေ ဓမ္မာ၊ တို့သည်။**အတ္ထာနံ**၊**မိမိကိုယ်**ကို။ **အာရမ္မဏံ ကတ္တာ**၊**အာရုံပြု**၍။**ပဝတ္တေ-ဟိ**၊ ဖြစ်ကုန်သော။ **အာသဝေဟိ**၊ **အာရမ္မဏိကဖြစ်**သော **အာသဝေါ**တရားတို့နှင့်။**သဟ**၊**တကွ**။ **တတ္ထ**ဖြစ်ကုန်၏။ ဗုဒ္ဓတိ တသ္မာ၊ကြောင့်။ **တေ** ဓမ္မာ၊ တို့သည်။**သာသဝါ**၊**သာသဝတို့** မည်ကုန်၏။

http://www.dhammadownload.com

၁၆-အာသဝသမ္ပယုတ္တဒုက်

အာသဝသမ္ပယုတ္တဒုက် ပဌမပုဒ်၌ ဒေါသမူဒ္ဓေ၊ မောဟမူဒ္ဓေ၌ မောဟကို ကြည့်ရှုကား၊ ထိုစိတ်၌ မောဟမှတပါး အာသဝမရှိ၍ ယှဉ်ဘက်သမ္ပယုတ် မရကောင်းသောကြောင့်တည်း၊ ကြင်းသောဒုက်, ကြင်းသောဂေါစ္ဆကတို့၌ ဤနည်းအတူ ကြံလေ။

၁၉-အာသဝဝိပ္ပယုတ္တသာသဝဒုက်

ဟေတုဂေါစ္ဆက ဩသာနဒုက်ကဲ့သို့ "နော အာသဝါ ခေါ ပန မဿ သာသဝါပိ။ အနာသဝါပိ" ဟု ဟောတော်မူကောင်းလျက် "အာသဝဝိပ္ပယုတ္တာ ခေါ။ ပ။ ပိ" ဟု အဆုံးဒုက်ကို အဘယ့်ကြောင့် ဟောတော်မူလေသနည်း ဟူ၍ပြားအံ့။

သမ္ပယုတ်အားဖြင့် သာသဝမဖြစ်၊ အာရုံ, အာရမ္မဏိကဖြစ်၍ ဝိပ္ပယုတ်အားဖြင့် သာသဝဖြစ်သည်ကို ပြတော်မူလို၍ ဟောတော်မူသတည်း။

အဖြေကား— သဟေတုကဆိုလျှင် ဟိတ်နှင့်တကွဖြစ်သည် ဟူသကဲ့သို့ သာသဝဆိုသော်လည်း အာသဝနှင့် တကွဖြစ်သည် မယူရ၊ အာရုံ, အာရမ္မဏိက ဖြစ်၍ အခြားသာ ယူရမည်ဟု ပြတော်မူခြင်းငှါ ဆိုသည်။

> ၆၁။ ဩသာနဒုကေ "နော အာသဝါ ခေါ ပနာ"တိ အဝတ္ဘာ "**အာ-သဝဝိပ္ပယုတ္တာ ခေါ ပနာ**"တိ ဝစနံ သာသဝါနံ သဟေတုကာနံ ဝိယ သမ္ပယုတ္တေဟိ တံသဟိတတာ နေ ဟောတိတိ ဒဿနတ္ထံ။ မူလဋ္ဌိကာ။ (၅၃)

တနည်းကား—နော အာသဝါ ခေါ ပန ဟု ယှဉ်ခြင်းလျှင် ပဌမပုဒ်သည် စတုတ္ထဒုက်၌ ဒုတိယပုဒ်နှင့် တူခဲ့ရာ၏၊ ဒုတိယပုဒ်သာ အထူးဖြစ်ရာ၏၊ ဒုတိယ

သာဓကနက်

၆၁။ ဩသာနဒုကေ၊ အဆုံးဒုက်၌။နော အာသဝါ ခေါ ပနာတိ၊နော အာသဝါ ခေါ ပန ဟူ၍။အဝတ္ဘာ၊မဟောမူ၍။အာသဝဝိပ္ပယုတ္တာ ခေါ ပနာဟိ၊အာသဝဝိပ္ပယုတ္တာ ခေါ ပန ဟူ၍။ ဝစနံ၊ ဟေတုဂေါစ္ဆကမှ အထူးဟောတော်မူခြင်းသည်။ သဟေတုကာနံ၊ သဟိတ်တရားတို့၏။ သမ္ပယုတ္တေဟိ၊ သမ္ပယုတ်ဟိတ်တို့နှင့်။ သဟိတတာ၊ တကွဖြစ်သည်၏ အဖြစ်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ သာသဝါနံ၊ သာသဝ တရားတို့၏။ ဝါ၊ အာသဝေါ၏ အာရုံ ဖြစ်ကုန်သော တရားတို့၏။ တံသဟိတတာ၊ ထိုအာသဝေါတရားတို့နှင့် တကွ ဖြစ်သည်၏ အဖြစ်သည်။ နေ ဟောတိ၊ မဖြစ်။ ဣတိ-ဣမဿ အတ္ထ ဝိသေသဿ၊ ဤသို့သော အနက်အထူးကို။ ဒဿနတ္ထံ၊ ပြရခြင်းအကျိုးရှိသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

တပုဒ်တည်းဖြင့် ဒုက်မဖြစ်သင့်လေသောကြောင့် "အာသဝဝိပ္ပယုတ္တာ ခေါ် ပန်" ဟူ၍သာ ယှဉ်တော်မူသတည်း။ ဤလည်း ဋ္ဌိကာနည်းပင်။

ယင်းသို့သော် ဟေတုဂေါစ္ဆကဒ္ဌလည်း "ဟေတုဝိပ္ပယုတ္တာ ခေါ် ပန်" ဟု ယှဉ်သော်ယှဉ်ကောင်းပါ၏တကား ဟူငြားအုံ့၊ "သဟေတုကာပိ" ဟူ၍ သဟေ-တုကတရားသည် ဟေတုဝိပ္ပယုတ် မဖြစ်သင့်ရကား မဟောသင့်သောကြောင့် မယှဉ်သည် ဟူရာ၏။ ဤလည်း ဋ္ဌိကာနည်းပင်။

အဋ္ဌကထာဆရာကား "နော အာသဝါ ခေါ် ပန်" ဟူ၍လည်း ယှဉ်သင့်သည်ပင် ဟု-မိန့်၏။

၂၀-သညောဇနဒုက်

သညောဇနဂေါစ္ဆကပဌမဒုက်ဌ သံယောဇဉ် တရားကိုယ် ၈-ပါးသာ ကောက်ခြင်းသည် သင်္ဂြိုဟ်ဌ "နဝ သံယောဇနာ မတာ" ဟူ၍ ဆိုသည်နှင့် မတန်-ဟူငြားအုံ့၊ သင်္ဂြိုဟ် (၄၈) ဌ သုတ္တန်နည်း, အဘိဓမ္မာနည်း ၂ ပါးကို ပေါင်း၍ တရားကိုယ် ၉ ပါး ယူလေသည်။ ဤဌကား အဘိဓမ္မာနည်းသို့ လိုက်သဖြင့် ဥဒ္ဒစ္စကိုချ၍ ၈-ပါး ကောက်လေသည်ဟု ဆိုရာ၏။

၂၁-သညောဇနဝိပ္ပယုတ္တသညောဇနိယဒုက်

အဆုံးဒုက်ဌ ဟေတုဂေါစ္ဆက အဆုံးဒုက်ကဲ့သို့ "နော သညောဇနာ ခေါ် ပန်" ဟု ယှဉ်၍ မဟောခြင်းဌ အကြောင်းကို အာသဝဂေါစ္ဆကဌ ကဲ့သို့ သိလေ။

၂၆-ဂန္ထဒုက်

ဂန္ထဂေါစ္ဆကဌ ဒန္ထဇဒုတိယကရာ ထနှင့်သာ ဝဂ္ဂန္ထ နှ-တင်၍ ရှုတ်ရမည်၊ ဒန္ထဇ စတုတ္ထကွဇရာ ဓနှင့်ဌင်း, မုဒ္ဓဇ ဒုတိယကွဇရာ ဌနှင့် မုဒ္ဓဇ ဏပေါင်း၍ဌင်း ရှိတတ်၏။ အဋ္ဌသာလိနီ ဂဏ္ဌိဌကား ဒန္ထဇ စတုတ္ထကွဇရာ ဓ-လည်း သင့်သောဟု ဆိုဏ်။ ကျမ်းဂန် မြင်ရာမှာသာ အကြောင်း၊ ဂန္ထသမ္ပယုတ္တပုဒ်ဌ ကြည်ဟန်မျှား နောက်ကနည်းကိုမှီ၍ သိလေ။

၃၂-ဩဃဒုက်

ဩဃဂေါစ္ဆက, ယောဂဂေါစ္ဆကတို့ဌ အာသဝဂေါစ္ဆကနှင့်အတူ ဒေသနာ-ဝိလာသ, ဝေနေယျဇ္ဈာသယ အားဖြင့် ဟောတော်မူပြန်သည်သာ။ ဆိုဘွယ် ပရမတ်ရေး အကောက်ဌ ခက်ရန်မရှိ။

http://www.dhammadownload.com

၄၄-နီဝရဏဒုက်

နီဝရဏဂေါ စ္ဆကဋ္ဌလည်း ကြဉ်သည်များကို နောက်ကနည်းအတိုင်း ယူလေ။

၅၀-ပရာမာသဒုက်

ပရာမာသဂေါ စ္ဆကဋ္ဌ ဒိဋ္ဌိစေတသိက်တခုတည်းကိုလျှက် "ပရာမာသာ ဓမ္မာ" ဟူ၍ ဗဟုဝုစ်ဟောသည်ကား အတိတ်စသောအားဖြင့် ပြားသည်ကို ရည်၍ ဟောသည်။ ထိုကြောင့်သာလျှင် ခန္ဓာဖွဲ့ရသည်။

ပစ္စုပ္ပန်စသော တခုကိုသာ ရည်သည့် အရာများ၌ကား သမုဒါယူပစာအား ဖြင့် ဖွဲ့ရသည်။

ထိုဥပစာကား ၁၀-ပါးနည်း၌ မပါ၊ ၃၆-ပါးနည်း၌သာ ဂုဏူပစာကို ဌာန ပစာသို့ သွင်း၍ သမုဒါယူပစာကို အခြားယူသောကြောင့် ပါ၏။

ထိုသို့ သမုဒါယူပစာဖြင့် ဖွဲ့အပ်ကြောင်းကို—

၆၂။ ဝေဒနာဒီသု ပေ'ကသ္မိံ၊ ခန္ဓ-သဒ္ဒါ တု ရုဋ္ဌိယာ။
သမုဒ္ဒါဒေကဒေသေ တု၊ သမုဒ္ဒါဒိရဝေါ ယထာ—
ဟု သစ္စသံခိပ် ဂါထာနံပါတ် (၆) ၌ မိန့်ပြီ။

၅၂-ပရာမာသသမ္ပယုတ္တဒုက်

နောက် ဂေါစ္ဆကများကဲ့သို့ "ပရာမာသာ စေဝ ဓမ္မာ ပရာမာသသမ္ပယုတ္တာ စ" အစရှိသည်ဖြင့် ပရာမာသပရာမာသသမ္ပယုတ္တဒုက်ကို အဘယ့်ကြောင့် ဟောတော်မမူသနည်း ဟူငြားအံ့။

ယင်းကဲ့သို့ ဟောချေသော် ဒုတိယပုဒ်အရမူကား ရှိသင့်၏၊ ပရာမာသ တရားကိုယ် တခုတည်း ဖြစ်၍ ယှဉ်ဘက် မရှိရကား ပဌမပုဒ်အရ မရှိသင့်၊ ယင်း သို့ မရှိသောကြောင့် ဟောတော်မမူသည် ဟူလေ။

သည်မှတပါး ကြဉ်သည်များမှာ နောက်နည်းကို မှီလေ။

သာဓကနက်

၆၂။ တု၊ မုချနက်မှတပါး ဥပစာနက်ကို ဆိုဦးအံ့။ ခန္ဓသဒ္ဒါ၊ ခန္ဓသဒ္ဒါသည်။ ဝေဒနာ-ဒီသု၊ ဝေဒနာကွန္ဓာ စသည်တို့တွင်။ ကေသ္မိံ မ္မိ၊ တပါးပါးသော ခန္ဓာ၌လည်း။ ရုဋ္ဌိယာ၊ တင်စားသောအားဖြင့်။ (ဝတ္ထုတိ၊ ဖြစ်၏။) တု၊ ဥပမာအားဖြင့်သော်ကား။ သမုဒ္ဒါဒေက-ဒေသေ၊ သမုဒ္ဒရာ စသည်၏ တစိတ်တဒေသ၌။ သမုဒ္ဒါဒိရဝေါ၊ သမုဒ္ဒအစရှိသော သဒ္ဒါ သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့တည်း။

http://www.dhammadownload.com

ပရာမာသသမ္ပယုတ္တဒုက်၌ တရားကိုယ်ကို ကြည့်ရသည်ကား ဆိုပြီးသည့် နည်းဖြင့် သမ္ပယုတ် မရကောင်းသောကြောင့်တည်း။

၅၉-စိတ္တသံသဋ္ဌဒုက်

မဟန္တရဒုက်၌ စိတ္တသံသဋ္ဌဒုက်ဝယ် ပဌမပုဒ်၌ စိတ္တဇရူပ်သည်လည်း သံသဋ္ဌဖြစ်ကောင်းရကား ဝင်သင်ပါ၏ ဟူကြောင်းအံ့။

တက္ကဖြစ်ကာမျှကို သံသဋ္ဌမဆိုလို၊ အထူးကို သိနိုင်ခဲသည်ဖြစ်၍ ရောယှက်သည်ကို သံသဋ္ဌ ဆိုလိုသည်၊ ထိုကြောင့် စိတ္တဇရူပ် စင်လေသည်။

ဖ၃။ ယေသံ ရူပါနံ စိတ္တံ သဟဇာတပစ္စယော ဟောတိ၊ တေသံ စိတ္တဿ စ သုဝိညေယ္ယနာနတ္တန္တိ နိရန္တရဘာဝါနုပဂမနံ ဝေဒိတဗ္ဗံ။ ဋီ။ (၅၄)

၆၀-စိတ္တသမုဋ္ဌာနဒုက်

စိတ္တသမုဋ္ဌာနဒုက်၌ ပဌမပုဒ်၏ အရဖြစ်သော စိတ္တဇရူပ် သတ္တရသတွင် ဝိညတ်ဒွေသာ စိတ္တဇကေန် ဖြစ်ရကား ထိုကို ကြည့်၍ အကြွင်း ပန္နရသကို ကမ္မဇ, အာဟာရဇ, ဥတုဇအားဖြင့် ဒုတိယပုဒ်၌ ကောက်ပြန်ရလေသည်။

၆၆-အဗ္ဗတ္တိကဒုက်

အဗ္ဗတ္တိကဒုက်၌ အဗ္ဗတ္တသည်—

၁။ ဂေါစရဗ္ဗတ္တ၊
၂။ နိယကဗ္ဗတ္တ၊
၃။ အဗ္ဗတ္တဗ္ဗတ္တ၊
၄။ ဝိသယဗ္ဗတ္တ ဟူ၍ ၄-ပါးတည်း။ အဋ္ဌကထာ (၈၈)။

ထိုတွင် အာရုံ သာမညသည် ဂေါစရဗ္ဗတ္တ၊ မိမိသန္တာန်၌ ဖြစ်သော တရားဟူသမျှသည် နိယကဗ္ဗတ္တ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန အဗ္ဗတ္တိကာယတန ၆-ပါးသည် အဗ္ဗတ္တဗ္ဗတ္တ၊ ဖလသမာပတ်သည် ဝိသယဗ္ဗတ္တ မည်၏။

သာဓကနက်

ဖ၃။ စိတ္တံ၊ စိတ်သည်။ ယေသံ ရူပါနံ၊ အကြင်စိတ္တဇရူပ်တို့၏။ သဟဇာတပစ္စယော၊ သဟဇာတပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ တေသဉ္စ ရူပါနံ၊ ထိုစိတ္တဇရူပ်တို့၏ငင်း။ စိတ္တဿ စ၊ စိတ်၏ငင်း။ သုဝိညေယ္ယနာနတ္တံ၊ သိလွယ်သော ထူးသော အနက်ရှိသည်၏အဖြစ်သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ နိရန္တရဘာဝါနုပဂမနံ၊ နိရန္တရဘာဝါနုပဂမနကို။ ဝေ၊ အခြားမရှိသည်၏ အဖြစ်သို့ ရောက်ခြင်းကို။ ဝေ၊ မပြက်ဖြစ်သော ကောက်ခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။

http://www.dhammadownload.com

ထိုတွင် ဤ၌ အဋ္ဌတ္တဋ္ဌတ္တကို လိုသောကြောင့် စိတ် ၇၉-ခု၊ ပသာဒရူပ် ၅-ခုကိုသာ ကောက်ရသည်။

အဋ္ဌတ္တတိက်၌ကား နိယကဋ္ဌတ္တကို ရည်၍ မိမိသန္တာန်၌ စိတ်, စေတသိက်, ရူပ်ကို အကုန် ကောက်ရသည်။ ဤသို့ အဋ္ဌတ္တတိက်နှင့် အဋ္ဌတ္တိကဒုက် အထူးမှတ်၊ **အဋ္ဌကထာ**(၉၂) နှင့် အညီ။

"ဥပါဒါနဂေါ့ဌက, ကိလေသဂေါ့ဌကတို့၌ ဆိုဘွယ်မရှိပြီ၊ ကြည်ဟန်မျှားမှာ နောက်နည်းကို မှီလေ"။

၇၃-ဒဿနေနပဟာတမူဒုက်

ပိဋ္ဌိဒုက်တွင် ဒဿနဒုက် အစရှိသော ၄-ဒုက်၌ ဒဿနတိက်က ဆိုပြီးသည်ကို မှီလေ။

ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၊ ဒေါသမူဒ္ဒေ၌ **အပါယဂမနီယဖြစ်သော** ဟူသည်ကား— အပါယ် ၄-ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သည်ကို ဆိုသည်။

အပါယဂမနီယမဖြစ်သော ဟူသည်ကား— အပါယ် ၄-ဘုံ၌ ပဋိသန္ဓေကို မဖြစ်စေတတ်သည်ကို ဆိုသည်။

၇၄-၉၂-သဝိတက္ကဒုက် ။ပ။ ဥပေက္ခာသဟဂတဒုက်

သဝိတက္ကဒုက်, သဝိစာရဒုက်, သပ္ပီတိကဒုက်, ပီတိသဟဂတဒုက်, သုခသဟဂတဒုက်, ဥပေက္ခာသဟဂတဒုက် ဤ ၆-ဒုက်တို့၌ ပဌမက ကြည်သည်ကို ဒုထိယ၌ ကောက်ပြန်ရသည်။ တပါး တပါးစီသာဖြစ်၍ သမ္ပယုတ် မရကောင်းသောကြောင့်တည်း။

ကာမတဏှာ၏ ကျင်လည်ရာသာဖြစ်သောကြောင့် ရူပဘုံ၌ ဖြစ်လျှင်းမူလည်း ရူပ်ဟူသမျှကို **ကာမာဝစရဒုက်** ၌သာ ကောက်ရသည်။ ရူပါဝစရဒုက်၌ မကောက်ရ။

ဝဋ္ဋမူလကို စင်စစ် ဖြတ်တတ်သောကြောင့် မဂ် ၄-ခုကိုသာ **နိယျာနိက**-အရ ကောက်ရသည်။

ထိုကဲ့သို့ စင်စစ် မဖြတ်တတ် ပဋိပ္ပဿဒ္ဓိမျှသာဖြစ်သောကြောင့် ဖိုလ် ၄-ခုကို အနိယျာနိက အရသို့ သွင်းရလေသည်။ **အဋ္ဌကထာ** (၉၂)နှင့် အညီ။

http://www.dhammadownload.com

၉၈-နိယတဒုက်

နိယတဒုက်၌ မိစ္ဆတ္တတိက်က ဆိုပြီးသည်ကို မှီလေ။

၉၉-သဉ္ဇတ္တရဒုက်

သဉ္ဇတ္တရဒုက်၏ သံဝဏ္ဏနာကို ဖွင့်ဆိုမသော အဋ္ဌကထာ(၉၃) ဆရာ သည်---

ဖြေ။ အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တိတိ ဥတ္တရာ၊ အတ္တာနံ ဥတ္တရိတုံ သမတ္ထောဟိ သဟ ဥတ္တရေဟီတိ **သဉ္ဇတ္တရာ**။ နတ္ထိ ဧတေသံ ဥတ္တရာတိ **အနုတ္တရာ**-ဟု မိန့်သည်။

ဤ၌ သံဝဏ္ဏေတမ္ဘုပုဒ်၏ **အနက်**ကို ပြရင်း **ပဓာနကား**—

ဥတ္တရန္တိတိ ဥတ္တရာ၊ **သဟ ဥတ္တရေဟီတိ သဉ္ဇတ္တရာ**၊ **နတ္ထိ ဧတေသံ ဥတ္တရာတိ အနုတ္တရာ**-ဟူသည်တည်း။

ထိုတွင် ဥတ္တရန္တိ ဟူသောပါဠိဖြင့် သ-ဟူသော နှ-ဟူသော နိပါတ်နှင့် သမာသ်ပုဒ်အဖြစ်ဖြင့် မရောမယှက် သက်သက် ဥတ္တရသဒ္ဒါ၏ ကတ္တုတ္ထဘာဝကို ပြသည်။ ပဇဟန္တိပုဒ်ဖြင့် ဥတ္တရပုဒ်၏ ပဇဟနအနက်၌ ဖြစ်သည်ကို ပြသည်။ **အရကား**—**လောကုတ္တရာတရားတည်း**။

ဥတ္တရန္တိ၌ ပဇဟနအနက်ရှိသော ဥပုဒ္ဒ တရစောတ်သည် သကမ္မကစောတ် ဖြစ်၍ ကံကို ငဲ့ရကား အညေ ဓမ္မေ ပါဠိကို မိန့်သည်။ ဤကား အနုသန္ဓိ စကားစပ်ရုံမျှ ဆိုလိုက်သည်။

အရှင် အဋ္ဌကထာဆရာ "အညေ ဓမ္မေ ဥတ္တရန္တိ ပဇဟန္တိ"ပါဠိဖြင့် တပါးသော တရားတို့ကို စွန့်ပယ်တတ်ကုန်သောကြောင့် လောကုတ္တရာ တရားသည် ဥတ္တရမည်ကုန်သော ဟူပြီ၊

ထိုဥတ္တရမည်သော လောကုတ္တရာ တရားသည် စွန့်အပ် ပယ်အပ်သော ဥဿုဒိတမဂ္ဂဖြစ်သော အညဓမ္မကား အဘယ်နည်း၊ ဤသို့ စုဒ်ရှိရကား "**အတ္တာနံ**" ဟူသောပါဠိကို မိန့်သည်။

သာဓကနက်

ဖြေ။ ယေ ဓမ္မာ၊ တို့သည်။**အညေ**၊ **မိမိမှ** တပါးကုန်သော။ **ဓမ္မေ**၊ **တို့ကို**။ **ဥတ္တရန္တိ ပဇဟန္တိ**၊ **ပယ်စွန့်တတ်ကုန်၏**။ဤတို့ တသွေးကြောင့်။တေ ဓမ္မာ၊ **တို့သည်**။ **ဥတ္တရာ**၊ **ကုန်၏**။ ယေ ဓမ္မာ၊**တို့သည်**။ **အတ္တာနံ**၊ **မိမိကို**။ **ဥတ္တရိတုံ**၊ **ပယ်စွန့်ခြင်းငှါ**။ **ဝါ**၊ **လွန်ခြင်းငှါ**။သမတ္ထောဟိ၊ **စွမ်းနိုင်ကုန်သော**။ **ဥတ္တရေဟိ**၊**စွန့်နိုင် လွန်နိုင်ကုန်သော** **တရားတို့နှင့်**။**သဟ**၊ **တကွ**။ **ဝတ္ထန္တိ**၊ **ကုန်၏**။ဤတို့ တသွေး ကြောင့်။**တေ** ဓမ္မာ၊ **တို့သည်**။ **သဉ္ဇတ္တရာ**၊**ကုန်၏**။ **ဧတေသံ** ဓမ္မာနံ၊ **တို့အား**။ **ဥတ္တရာ**၊ **မိမိကို စွန့်နိုင်**,**လွန်နိုင်သောတရား**တို့သည်။ **နတ္ထိ**၊ **မရှိကုန်**။ဤတို့ တသွေး ကြောင့်။ **တေ** ဓမ္မာ၊ **တို့သည်**။ **အနုတ္တရာ**၊ **မည်ကုန်၏**။

http://www.dhammadownload.com

အဓိပ္ပါယ်ကား— စွန့်အပ်,ပယ်အပ်သော ဥတ္တရိတမ္ဘဖြစ်သော အညမ္မ ကိုကား သဉ္ဇတ္တရမမ္မ တပါး အသီးအခြား မရကောင်းပြီ၊ သဉ္ဇတ္တရမမ္မ၏ အရ ဖြစ်သော တေဘူမက တရားပင် ဟူလို။

ဤ အတ္ထာနံပ၊ ၌ဖြင့် တေဘူမကတရားကို ဥတ္တရိတမ္ဘအဖြစ်ဖြင့် ပြသော ကြောင့် သဟ-ဟူသော နှ-ဟူသော နိပါတ်နှင့် သမာသ်ဖြစ်သော ဥတ္တရ ပုဒ်ကို "ဥတ္တရိတမ္ဘာတိ ဥတ္တရာ"ဟု ကမ္မသာဓ် ပြုအပ်သင့်သည့်အရာကို အတ္ထာ-ပတ္တိ,နေယျတ္ထအားဖြင့် ပြတော်မူသည်။

အရှင် အဋ္ဌကထာဆရာ....ဥတ္တရိတမ္ဘဖြစ်သော အညမ္မသည် သဉ္ဇတ္တရမမ္မ၏ အရဖြစ်သော တေဘူမကပင် ဖြစ်သည်ဟူသော် "သဟ ဥတ္တရေဟိတိ သဉ္ဇတ္တရာ" ဟူသော သမာသ်ဝါကျအနက်သည် တေဘူမကတရားနှင့် တကွဖြစ်၏-ဟူသော အနက် ဖြစ်ရာသည်မဟုတ်လော စုဒ်ရှိရကား "ဥတ္တရိတုံ သမတ္ထောဟိ" ပါဠိကို မိန့်သည်။

အဓိပ္ပါယ်ကား — ကမ္မသာဓ်ဖြင့် ပြီးသော ဥတ္တရပုဒ်သည် ကမ္မပဋ္ဌာန, ဘာဝပဋ္ဌာနအားဖြင့် ၂-ပါး ရှိသည်တွင် ဘာဝပဋ္ဌာန ဖြစ်၍ ဒြဗ်အားဖြင့် မပြားသော်လည်း သနိဒဿနပုဒ်ကဲ့သို့ ဘာဝ,ဘာဝဝန္တ အဖြစ်ဖြင့် အထူးမှတ်၍ "သဟ ဥတ္တရေဟိတိ သဉ္ဇတ္တရာ"ဟု သမာသ်ဝါကျ ဖြစ်သင့်သော အရာကို အဋ္ဌကထာဆရာ သိစေတော်မူသည် ဟူလို။ ဤကား—

> ၆၅။ ဥတ္တရိတမ္ဘဿ အညဿ နိဒ္ဒိဋ္ဌဿ အဘာဝါ နိဒ္ဒိသိယမာနာ
> သဉ္ဇတ္တရာ ဓမ္မာဝ ဥတ္တရိတမ္ဘာတိ **အတ္ထာနန္တိ** အာဟ—

ဟူသော ဋီကာ (၅၅) ကို အနုမာနအားဖြင့် ဉာဏ်သက်ဝင်သမျှ ပြဆိုသော ငါကို့အလို။ "ဣဒမ္ပိ ဒုတ္ထိဇာနဋ္ဌာနံ"။

ဆရာမြတ်တို့ ကောက်သော သရုပ်တွင် ခက်စနိုးရာ၌
အမြှောက်မျှကို ဆိုအပ်သော ဒုကမာတိကာဂဏ္ဌိ
ပြီး၏။

သာဓကနှက်

၆၅။ ဥတ္တရိတမ္ဘဿ၊ လောကုတ္တရာတရားတို့သည် လောကီတရားအဖြစ်ကို စွန့်အပ်သော။ နိဒ္ဒိဋ္ဌဿ၊ အောက်ပဒဋ္ဌပြုအပ်သော။ အညဿ၊ အတ္ထာနံ ဟူသော ကမ္မ တပါးသော ကံ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ နိဒ္ဒိသိယမာနာ၊ ပဌမပဒဋ္ဌ ပြအပ်ကုန်ပြီးသော။ သဉ္ဇတ္တရာ ဓမ္မာဝ၊ သဉ္ဇတ္တရ ဖြစ်ကုန်သော လောကီတရားတို့ကိုသာလျှင်။ (လောကုတ္တရေဟိ၊ တို့သည်။)ဥတ္တရိတမ္ဘာ၊ စွန့်အပ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ အတ္ထာနန္တိ၊အတ္ထာနံ ဟူ၍။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ အာဟ၊ ၏။

http://www.dhammadownload.com

http://www.dhammadownload.com

ပဏာမ ပုဗ္ဗကာဂန္ထာရန္တာ

၁။ အနန္တဂုဏံ သမ္မုဒ္ဓံ၊ ဓမ္မံ သမ္မုဒ္ဒပူဇိတံ။
နိရဂ်ဏောရသံ သံဃံ၊ နတ္ဘာ မေ သိရသာ ဂုရုံ။

၂။ သောတုဇနေဟိ သက္ကစ္စံ၊ ရစယိဿာမိ ယာစိတောဝ။
ဓာတုကထာယ ဥဂ္ဂဟ ဝ-ခုနုတ္ထံ နဝနိဿယံ။

၁။ အဟံ၊ ငါသည်။ အနန္တဂုဏံ၊ အဆုံးမရှိသော ကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံတော်မူသော။ သမ္မုဒ္ဓဠ၊ ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင် အစရှိသော ပရမတ္ထ တရားအပေါင်းကို လက်ပေါ် တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော မြတ်စွာဘုရားကိုဝင်း။ သမ္မုဒ္ဓပူဇိတံ၊ မြတ်စွာဘုရားတို့သည် ဂေါစရာသေဝနာ, ဘာဝနာသေဝနာ၏ အစွမ်းဖြင့် အဖန်တလဲလဲ အမြဲမပြတ် မှီဝဲဆည်းကပ် ပူဇော်အပ်သော။ ဓမ္မဠ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိ ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုဝင်း။ နိရဂ်ဏံ၊ ကိလေသာလည်း မရှိထသော။ ဝါ၊ ကိလေသာဟူ မြူအညစ်အကြေးမှလည်း ကင်းဝေးထသော။ ဝါ၊ ကင်းဝေးပြီးသော မကောင်းမှု အကုသိုလ်လည်း ရှိထသော။ ဩရသံ၊ မြတ်စွာဘုရားရင်နှစ် သားတော်စစ်လည်း ဖြစ်ထသော။ သံဃဠ၊ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန် လေးယောက် ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်ကိုဝင်း။ နတ္ဘာ နမာမိ၊ ရှိခိုးပါ၏။ နတ္ဘာ၊ ရှိခိုးပြီး၍။ မေ၊ ငါ၏။ ဂုရုဠ၊ အမရပူရ ဒုတိယ မြို့တည်ဖြစ်သော ကေရာဇ်မင်းမြတ်သည် မဂ်လာအိမ်တော် စံသည်မှစ၍ ကိုးကွယ်တော်မူအပ်သော **သူရိယဝံသာဘိ သိရီပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု** တံဆိပ်နာမ် ရှိတော်မူသော သံဃရာဇာဆရာတော်မြတ်ကိုလည်း။သိရသာ၊ ဦးဖြင့်။ နတ္ဘာ နမာမိ၊ ရှိခိုးပါ၏။ နတ္ဘာ၊ ရှိခိုးပြီး၍—

၂။ သောတုဇနေဟိ၊ စာသင်သားတို့သည်။ ဝါ၊ စာသင်ပျိုနု အခြေပြုတို့သည်။သက္ကစ္စံ၊ ရိုသေစွာ။ ယာစိတောဝ၊ တောင်းပန်အပ်သည်ဖြစ်၍။ဝါ၊တောင်းပန်အပ်သော။အဟံ၊ ငါသည်။ဥဂ္ဂဟ ဝ ခုနုတ္ထံ၊ ပရိယတ္တိဥာဏ်၏ ပြန့်ပွါးခြင်းအကျိုးငှါ။ ဝါ၊ ပရိယတ္တိဥာဏ်ကို ပြန့်ပွါးစေခြင်းအကျိုးငှါ။ ဓာတုကထာယ၊ ဓာတုကထာပါဠိတော်၏။ နဝနိဿယံ၊ အသစ်ဖြစ်သော နိဿကို။ဝါ၊ အသစ်ဖြစ်သော မှီရာကို။ ရစယိဿာမိ၊ စီရင်ပေအုံ့။ ဝါ၊ ရေးသားပေအုံ့။

http://www.dhammadownload.com

၈-ဓာတုကထာအရဇကာဂ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဥဒ္ဒေသ

ဝိဘင်းကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဓာတုကထာကျမ်းကို ဟောတော်မူ၏၊ ထို ဓာတုကထာကျမ်းသည် ဥဒ္ဒေသ, နိဒ္ဒေသ အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထို နှစ်ပါး တို့တွင် ဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ ထိုဥဒ္ဒေသ သည် မာတိကာမည်၏၊ ထိုမာတိကာသည် နယမာတိကာ, အဘိဓမ္မတ္ထရမာတိကာ, နယမုခမာတိကာ, လက္ခဏမာတိကာ, ဗာဟိရမာတိကာ အားဖြင့် ငါးပါး အပြားရှိ၏။

၁-နယမာတိကာ

ထို ငါးပါး တို့တွင် နယမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို နယ-မာတိကာသည်လည်း—

၁။ ပဌမနယ မာတိကာ၊
၂။ ဒုတိယနယ မာတိကာ၊
၃။ တတိယနယ မာတိကာ၊
၄။ စတုတ္ထနယ မာတိကာ၊
၅။ ပဉ္စမနယ မာတိကာ၊
၆။ ဆဋ္ဌနယ မာတိကာ၊
၇။ သတ္တမနယ မာတိကာ၊
၈။ အဋ္ဌမနယ မာတိကာ၊
၉။ နဝမနယ မာတိကာ၊
၁၀။ ဒသမနယ မာတိကာ၊
၁၁။ ဧကာဒသမနယ မာတိကာ၊

http://www.dhammadownload.com

၁၂။ ဒ္ဒါဒသမနယ မာတိကာ၊
၁၃။ တေရသမနယ မာတိကာ၊
၁၄။ စုဒ္ဒသမနယ မာတိကာ အားဖြင့် ၁၄-ပါး အပြားရှိ၏။

ထို ၁၄-ပါးတို့တွင် ပဌမနယမာတိကာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— **သင်္ဂဟော အသင်္ဂဟော** ဟူသည်တည်း။

သင်္ဂဟော၊ **အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှ**သော ဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယ-တန ဤမျှသော ဓာတ်တို့ဖြင့် ရေတွက် အပ်၏။ **အသင်္ဂဟော**၊ **အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော** ဓာတ်တို့ဖြင့် **မ**ရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ဓာတ်တို့ဖြင့် **မ**ရေတွက်အပ်။

ပဌမနယမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုတိယနယ-မာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား **သင်္ဂဟိတေန အသင်္ဂဟိတံ** ဟူ သည်တည်း။

သင်္ဂဟိတေန၊ **စက္ခာယတန အစရှိသည်သည် ခန္ဓာ**ဖြင့်**သာ ရေတွက်အပ်** သည်ဖြစ်၍ ။ **အသင်္ဂဟိတံ**၊ **အာယတန**, **ဓာတ်**တို့ဖြင့် **မ**ရေတွက်**အပ်**သော **စက္ခာ-**ယတန**ကြဉ်**သော **ရူပ် သတ္တဝီသ အစရှိ**သည်ကို။ **အသင်္ဂဟိတံ**၊ **အဘယ်မျှ**သော **ခန္ဓာ** အဘယ်မျှသော **အာယတန** အဘယ်မျှသော **ဓာတ်**တို့ဖြင့် **မ**ရေတွက်**အပ်**သနည်း၊ ဤမျှ**သော ခန္ဓာ** ဤမျှ**သော** **အာယတန** ဤမျှ**သော ဓာတ်**တို့ ဖြင့် **မ**ရေတွက်**အပ်**။

တနည်းကား— **သင်္ဂဟိတေန**၊ **စက္ခုဝိညာဏဓာတ် အစရှိ**သည်**သည် ခန္ဓာ**, **အာ**ယတန**တို့**ဖြင့်**သာ ရေတွက်**အပ်**သည်**ဖြစ်**၍**။ **အသင်္ဂဟိတံ**၊ **ဓာတ်**ဖြင့် **မ**ရေ**တွက်**အပ်**သော **စက္ခုဝိညာဏဓာတ်** ကြဉ်**သော ဆဝိညာဏဓာတ် အစရှိ**သည်ကို။ **အသင်္ဂဟိတံ**၊**အ**ဘယ်**မျှ**သော **ခန္ဓာ** **အ**ဘယ်**မျှ**သော **အာ**ယတန **အ**ဘယ်**မျှ**သော **ဓာတ်**တို့ဖြင့် **မ**ရေတွက်**အ**ပ်**သ**နည်း၊ ဤ**မျှ**သော **ခန္ဓာ** ဤ**မျှ**သော **အာ**ယတန ဤ**မျှ**သော **ဓာ**တ်**တို**့ဖြင့် **မ**ရေတွက်**အ**ပ်။

ဒုတိယနယမာတိကာကို.....၌ **တ**တိယနယမာတိကာကို **ဟော**တော်**မူ**၏၊ **ဟော**ဟန်**ကား**—**အသင်္ဂဟိတေန သင်္ဂဟိတံ** ဟူသည်တည်း။

အသင်္ဂ**ဟိ**တေန**၊ ဝေဒနာ**ကွ**န္ဓာ **အ**စရှိ**သ**ည်**သ**ည် **ခ**န္ဓာ**ဖ**ြင့်**သ**ာ **မ**ရေ**တ**ွက်**အ**ပ်**သ**ည်**ဖ**ြစ်**ရ**ှ။ **သ**င်္ဂ**ဟ**ိတံ၊ **အ**ာ**ယ**တန **ဓ**ာတ်**တ**ို့**ဖ**ြင့် **ရ**ေ**တ**ွက်**အ**ပ်**သ**ော **သ**ညာ, **သ**ခ်ါရ, **ဃ**ုခ**မ**ရ**ပ**်**သ**ော**ဌ**ာ**ဏ**သ**, **နိ**ဗ္ဗာန် **အ**စရှိ**သ**ည်**က**ို။ **သ**င်္ဂ**ဟ**ိတံ၊ **အ**ာ**ဘ**ယ်**မ**ျှ**သ**ော **ခ**န္ဓာ **အ**ဘ**ယ**်**မ**ျှ**သ**ော **အ**ာ**ယ**တန **အ**ဘ**ယ**်**မ**ျှ**သ**ော **ဓ**ာတ်**တ**ို့**ဖ**ြင့် **ရ**ေ

http://www.dhammadownload.com

တွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ခေတ်တို့ဖြင့် ရေတွက်အပ်၏။

တတိယနယမာတိကာကို.....၌ စတုတ္ထနယမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား— **သင်္ဂီတေန သင်္ဂီတံ** ဟူသည်တည်း။

သင်္ဂီတေန. သမုဒယသစ္စာ အစရှိသည်သည် ခန္ဓာ အာယတန ခေတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ ကြည့်သော သစ်ရိကခန္ဓာ ၄၉-ခု အစရှိသည်သည်။ သင်္ဂီတံ၊ ခန္ဓာ အာယတန ခေတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို။ သင်္ဂီတံ၊အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ခေတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသောခေတ်တို့ဖြင့် ရေတွက်အပ်၏။

စတုတ္ထနယမာတိကာကို.....၌ ပဉ္စမနယမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား—**အသင်္ဂီတေန အသင်္ဂီတံ** ဟူသည်တည်း။

အသင်္ဂီတေန၊ ရူပကခန္ဓာ အစရှိသည်သည် ခန္ဓာ အာယတန ခေတ်တို့ဖြင့် မရေတွက်အပ်သော ဝိညာဏကခန္ဓာ အစရှိသည်သည်။အသင်္ဂီတံ၊ခန္ဓာအာယတန ခေတ်တို့ဖြင့် မရေတွက်အပ်သော ရူပ်, ဝေဒနာ, သညာ, သစ်ရိ, နိဗ္ဗာန် အစရှိသည်ကို။ အသင်္ဂီတံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ခေတ်တို့ဖြင့် မရေတွက်အပ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော မခေတ်တို့ဖြင့် မရေတွက်အပ်။

ပဉ္စမနယမာတိကာကို.....၌ ဆဋ္ဌနယမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား— **သမ္ဘယောဂေါ ဝိပ္ပယောဂေါ** ဟူသည်တည်း။

သမ္ဘယောဂေါ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ခေတ်တို့နှင့် ယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ခေတ်တို့နှင့် ယှဉ်၏။ ဝိပ္ပယောဂေါ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ခေတ်တို့နှင့် မယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ခေတ်တို့နှင့် မယှဉ်။

ဆဋ္ဌနယမာတိကာကို.....၌ သတ္တမနယမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား —**သမ္ဘယုတ္တေန ဝိပ္ပယုတ္တံ** ဟူသည်တည်း။

သမ္ဘယုတ္တေန၊ ယှဉ်သော တရားနှင့်။ ဝိပ္ပယုတ္တံ၊ မယှဉ်သော တရားသည်။ ဝိပ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ခေတ်တို့နှင့် မယှဉ်သနည်း၊ ဤမျှသော ခန္ဓာ ဤမျှသော အာယတန ဤမျှသော ခေတ်တို့နှင့် မယှဉ်။

http://www.dhammadownload.com

သတ္တမနယမာတိကာကို.....၌ အဋ္ဌမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**ဝိပွယုတ္တေန သမ္ပယုတ္တံ** ဟူသည်တည်း။

ဝိပွယုတ္တေန၊ မယှဉ်သော တရားနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သောတရားသည်။ သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသော အာယတန အဘယ်မျှသော ဓာတ်တို့နှင့် ယှဉ်သနည်း။ နတ္ထိ၊ ယှဉ်သောတရားကား မရှိ။

အဋ္ဌမနယမာတိကာကို.....၌ နဝမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**သမ္ပယုတ္တေန သမ္ပယုတ္တံ** ဟူသည်တည်း။

သမ္ပယုတ္တေန၊ ယှဉ်သော တရားနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော တရားသည်။ သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ ယှဉ်၏။

နဝမနယမာတိကာကို.....၌ ဒသမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**ဝိပွယုတ္တေန ဝိပွယုတ္တံ** ဟူသည်တည်း။

ဝိပွယုတ္တေန၊ မယှဉ်သောတရားနှင့်။ ဝိပွယုတ္တံ၊ မယှဉ်သောတရားသည်။ ဝိပွယုတ္တံ၊ အဘယ်မျှသော ခန္ဓာ။ပ။မယှဉ်။

ဒသမနယမာတိကာကို.....၌ ကောဒသမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**သင်္ခိတေန သမ္ပယုတ္တံ ဝိပွယုတ္တံ** ဟူသည်တည်း။

သင်္ခိတေန၊ ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်အပ်သည်ဖြစ်၍။ သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ ယှဉ်၏။ ဝိပွယုတ္တံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ မယှဉ်။

ကောဒသမနယမာတိကာကို.....၌ ဒွါဒသမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**သမ္ပယုတ္တေန သင်္ခိတံ အသင်္ခိတံ** ဟူသည်တည်း။

သမ္ပယုတ္တေန၊ ယှဉ်သည်ဖြစ်၍။ သင်္ခိတံ၊ အဘယ်မျှသော ခန္ဓာ အဘယ်မျှသောအာယတန အဘယ်မျှသောဓာတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ ဣတ္ထိမျှသော ခန္ဓာ ဣတ္ထိမျှသော အာယတန ဣတ္ထိမျှသောဓာတ်တို့ဖြင့် ရေတွက်အပ်၏။ အသင်္ခိတံ၊ အဘယ်မျှသောခန္ဓာ အဘယ်မျှသောအာယတန အဘယ်မျှသော ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်း၊ ဣတ္ထိမျှသော ခန္ဓာ ဣတ္ထိမျှသော အာယတန ဣတ္ထိမျှသောဓာတ်တို့ဖြင့် မရေတွက်အပ်။

ဒွါဒသမနယမာတိကာကို.....၌ တေရသမနယ မာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**အသင်္ခိတေန သမ္ပယုတ္တံ ဝိပွယုတ္တံ** ဟူသည်တည်း။

အသင်္ခိတေန၊ ခန္ဓာ အာယတန ဓာတ်တို့ဖြင့် မရေတွက်အပ်သည်ဖြစ်၍။ သမ္ပယုတ္တံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ ယှဉ်၏။ ဝိပွယုတ္တံ၊ အဘယ်မျှသော ခန္ဓာ။ပ။ မယှဉ်။

http://www.dhammadownload.com

တေရသမနယမာတိကာကို....၌ စုဒ္ဓသမနယမာတိကာကို ဟောတော်မူ၏။ ဟောဟန်ကား—**ဝိပ္ပယုတ္တေန သင်္ခါတံ အသင်္ခါတံ** ဟူသည်တည်း။

ဝိပ္ပယုတ္တေန၊ မယှဉ်သည်ဖြစ်၍။ သင်္ခါတံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ ရေတွက်အပ်၏။ အသင်္ခါတံ၊ အဘယ်မျှသော ခန္ဓာ ။ပ။ မရေတွက်အပ်။

ဣတိ၊ သို့။ စုဒ္ဓသဟိ၊ တဆယ့်လေးပါးကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ နိဒ္ဒိတ္ထာ၊ ထားအပ်သော။ အယံ၊ ဤမာတိကာသည်။ နယမာဟိကာ၊ နယမာတိကာမည်၏။

၂-ခ ဗ္ဗန္ဓရမာတိကာ

နယမာတိကာ ကို ဟောတော်မူသည်၏ အခြားမဲ့၌ **အဗ္ဗန္ဓရမာတိကာ**ကို ဟောတော်မူ၏။ ထိုအဗ္ဗန္ဓရမာတိကာသည်လည်း ခန္ဓာဒိ ဥဒ္ဒေသ, ဖဿသတ္တ-ကရုသိ ဥဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ခန္ဓာဒိဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုခန္ဓာဒိ ဥဒ္ဒေသသည်လည်း—

၁။ ခန္ဓဥဒ္ဒေသ၊
၂။ အာယတနဥဒ္ဒေသ၊
၃။ ဓာတုဥဒ္ဒေသ၊
၄။ သစ္စဥဒ္ဒေသ၊
၅။ ဣန္ဒြိယဥဒ္ဒေသ၊
၆။ ပဋ္ဌိစ္စသမုပ္ပါဒဥဒ္ဒေသ၊
၇။ သတိပဋ္ဌာနဥဒ္ဒေသ၊
၈။ သမ္မပ္ပဓာနဥဒ္ဒေသ၊
၉။ ဣဒ္ဓိပါဒဥဒ္ဒေသ၊
၁၀။ ဈာနဥဒ္ဒေသ၊
၁၁။ အပ္ပမညာဥဒ္ဒေသ၊
၁၂။ ပဋိပဒိန္ဒြိယဥဒ္ဒေသ၊
၁၃။ ဗလဥဒ္ဒေသ၊
၁၄။ ဗောဇ္ဈင်္ဂဥဒ္ဒေသ၊
၁၅။ မဂ္ဂဥဒ္ဒေသ အားဖြင့် ၁၅-ပါး အပြားရှိ၏။

ထို တဆယ့်ငါးပါးတို့တွင် ခန္ဓဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား—**ပဉ္စက္ခန္ဓာ** ဟူသည်တည်း။ ။ ထိုနောင် အာယတန ။ ပ ။ ဟော ဟန်ကား—**ဒ္ဝါဒသာယတနာနိ** ဟူသည်တည်း။ ။ထိုနောင် ဓာတု ။ပ။ ကား—

http://www.dhammadownload.com

အဌာရသ ဓာတုယော ဟူသည်တည်း။ ။ထိုနောင် သစ္စ ။ ပ ။ကား—စတ္တာရိ သစ္စာနိ တည်း။ ။ထိုနောင် ဣန္ဒြိယ။ပ။ကား—ဗာဝီသတိန္ဒြိယာနိ တည်း။ ။ ထိုနောင် ပဋ္ဌိစ္စသမုပ္ပါဒ ။ ပ ။ ကား—ပဋ္ဌိစ္စသမုပ္ပါဒေါ တည်း။ ။ ထိုနောင် သတိပဋ္ဌာန ။ပ။ ကား—စတ္တာရော သတိပဋ္ဌာနာ တည်း။ ။ထိုနောင် သမ္မပ္ပ-ဓာန ။ ပ ။ ကား—စတ္တာရော သမ္မပ္ပဓာနာ တည်း။ ။ထိုနောင် ဣဒ္ဓိပါဒ ။ပ။ ကား— စတ္တာရော ဣဒ္ဓိပါဒါ တည်း။ ထိုနောင် ဈာန ။ ပ ။ ကား—စတ္တာရိ ဈာနာနိ တည်း။ ။ထိုနောင် အပ္ပမညာ ။ပ။ ကား—စတယော အပ္ပမညာ-ယော တည်း။ ။ထိုနောင် ပဋ္ဌိန္ဒြိယ ။ပ။ ကား— ပဋ္ဌိန္ဒြိယာနိ တည်း။ ။ ထိုနောင် ဗလ ။ပ။ ကား—ပဉ္စဗလာနိ တည်း။ ။ထိုနောင် ဗောဇ္ဈင် ။ ပ ။ ကား— သတ္တ ဗောဇ္ဈင်္ဂါ တည်း။ ။ ထိုနောင် မဂ္ဂ ။ပ။ကား— အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တည်း။

ခန္ဓာဒိဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဖဿသတ္တကမုသိ ဥဒ္ဒေသ ။ ပ ။ ကား—ဖဿော, ဝေဒနာ, သညာ, စေတနာ, စိတ္တံ, အဓိမောက္ခော, မနသိကာရော ဟူသည်တည်း။

ပဌ။ ၅-ပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့ကင်း။ ။ဒွါဒသ၊ ၁၂-ပါးကုန်သော။ အာယတနာနိ၊အာယတနတို့ကင်း။ ။အဋ္ဌာရသ၊ ၁၈-ပါးကုန်သော။ဓာတုယော၊ ဓာတ်တို့ကင်း။ ။စတ္တာရိ၊ ၄-ပါးကုန်သော။ သစ္စာနိ၊ သစ္စာတို့ကင်း။ ။ဗာဝီ-သတိ၊ ၂၂-ပါးသော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့ကင်း။ ။ပဋ္ဌိစ္စသမုပ္ပါဒေါ၊ ပဋ္ဌိစ္စ-သမုပ္ပါဒ်ကင်း။ ။စတ္တာရော၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့ ကင်း။ ။စတ္တာရော၊ ၄-ပါးကုန်သော။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့ကင်း။ ။ စတ္တာရော၊ ၄-ပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့ကင်း။ ။စတ္တာရိ၊ ၄-ပါး ကုန်သော။ ဈာနာနိ၊ ဈာန်တို့ကင်း။ ။စတယော၊ ၄-ပါးကုန်သော။ အပ္ပ-မညာယော၊ အပ္ပမညာတို့ကင်း။ ။ပဌ။ ၅ ပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေ တို့ကင်း။ ပဌ။ ၅-ပါးကုန်သော။ ဗလာနိ၊ ဗိုလ်တို့ကင်း။ ။သတ္တ၊ ၇-ပါးကုန် သော။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့ကင်း။ ။အရိယော၊ မြတ်သော။ ဝါ၊ ဖြူစင် သော။ ဝါ၊ ကိလေသာ တည်းဟူသော အညစ်အကြေး မရှိသော။ အဋ္ဌင်္ဂိကော။ ၈-ပါးသော အင်္ဂါရှိသော။ ဝါ၊ ၈-ပါးသော အင်္ဂါနှင့် ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်ကင်း။ ။ဖဿော၊ ဖဿကင်း။ ဝေဒနာ၊ ဝေဒနာကင်း။ သညာ၊ သညာကင်း။ စေတနာ၊ စေတနာကင်း။ စိတ္တံ၊ စိတ်ကင်း။ အဓိမောက္ခော၊ အဓိမောက္ခကင်း။ မနသိကာရော၊ မနသိကာရကင်း။ ဣတိ၊ ဤသို့။ ပဌဝီသာဓိကေဟိ၊ ၂၅-ပုဒ် အလွန်ရှိကုန်သော။ ပဒသတေဟိ၊ တရာသော ပုဒ်တို့ဖြင့်။ နိက္ခိတ္တာ၊ ထားအပ် သော။ အယံ၊ ဤမာတိကာသည်။ အဗ္ဘန္တရမာတိကာ၊ အဗ္ဘန္တရမာတိကာ **မည်၏။**

http://www.dhamma download.com

၃-နယမုခမာတိကာ

အဗ္ဗဏ္ဏရမာတိကာ ကို ..... ၌ နယမုခမာတိကာ ကို ဟောတော်မူ၏၊ ဟောဟန်ကား—တီဟိ သင်္ခေါ တီဟိ အသင်္ခေါ။ စတူဟိ သမ္မဃောဂေါ စတူဟိ ဝိပ္ပယောဂေါ ဟူသည်တည်း။

တီဟိ၊ ၃-ပါးကုန်သော ခန္ဓာအာယတနဓာတ်တို့ဖြင့်။ သင်္ခေါ၊ ရေတွက်အပ်သောနည်းငင်း။ တီဟိ၊ ၃-ပါးကုန်သော ခန္ဓာ အာယတနဓာတ်တို့ဖြင့်။ အသင်္ခေါ၊ မရေတွက်အပ်သော နည်းငင်း။ စတူဟိ၊ ၄-ပါးကုန်သော နာမက္ခန္ဓာတို့နှင့်။ သမ္မယောဂေါ၊ ယှဉ်တတ်သော သဘောငင်း။ စတူဟိ၊ ၄-ပါးကုန်သော နာမက္ခန္ဓာတို့နှင့်။ဝိပ္ပယောဂေါ၊မယှဉ်တတ်သော သဘောငင်း။ ဣတိ၊ ဤသို့။ စတူဟိ ၄-ပါးကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ နိက္ခိတ္တာ၊ ထားအပ်သော။ အယံ၊ ဤ မာတိကာသည်။ နယမုခမာတိကာ၊ နယမုခမာတိကာ မည်၏။

၄-လက္ခဏမာတိကာ

နယမုခမာတိကာကို..... ၌ လက္ခဏမာတိကာကို ဟောတော်မူ၏၊ ဟောဟန်ကား— သဘာဂေါ ဝိသဘာဂေါ ဟူသည်တည်း။

သဘာဂေါ၊ သမ္မယောဂနည်း သင်္ခေါနည်းတို့နှင့် သင့်တင့်သော လက္ခဏာငင်း။ ဝိသဘာဂေါ၊ သမ္မယောဂနည်း သင်္ခေါနည်းတို့နှင့် မသင့်တင့်သော လက္ခဏာငင်း။ ဣတိ၊ ဤသို့။ ဒ္ဝေဟိ၊ ၂-ပါးကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ နိက္ခိတ္တာ၊ ထားအပ်သော။ အယံ၊ ဤ မာတိကာသည်။ လက္ခဏမာတိကာ၊ လက္ခဏမာတိကာ မည်၏။

၅-ဗာဟိရမာတိကာ

လက္ခဏမာတိကာကို.....၌ ဗာဟိရမာတိကာကို ဟောတော်မူ၏၊ဟောဟန်ကား— ဃဋ္ဋာပိ ဓမ္မသင်္ခေါ ဓာတုကထာယ မာတိကာ ဟူသည်တည်း။

ဃဋ္ဋာပိ၊ အလုံးစုံလည်း ဖြစ်သော။ ဓမ္မသင်္ခေါ၊ ဓမ္မသင်္ခေါကျမ်း၌ ဟောတော်မူအပ်သော မာတိကာသည်။ ဓာတုကထာယ၊ ဓာတုကထာကျမ်း၏။ မာတိကာ၊ မာတိကာတည်း။ ဣတိ၊ ဤသို့။ ဆသင်္ဌ တိကပဒါနိ စ၊ ၆၆-ပါးသော တိက်ပုဒ်တို့ကိုငင်း။ ဒ္ဒေဒုကပဒသတာနိ စ၊ ၂၀၈-သော ဒုက်ပုဒ်တို့ကိုငင်း။ သင်္ခေပိတ္တာ၊ ချုံး၍။ နိက္ခိတ္တာ၊ ထားအပ်သော။ အယံ၊ ဤ မာတိကာသည်။ ဗာဟိရမာတိကာ၊ ဗာဟိရမာတိကာ မည်၏။

http://www.dhammadownload.com

သရုပ်နှင့် တရားကိုယ်

ပဋ္ဌာန်းရှေ့ဆုံး ဒုတိယသာယတနာနိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အဘိဓမ္မာ ရမတိကာ ပါဠိတော်မြတ် ပါဠိအပေါင်းတို့တွင်—

ပဋ္ဌာန်း ဟူသောပါဠိ၌ ခန္ဓာငါးပါး ဟူသော်ကား— ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အားဖြင့် ငါးပါးတို့တည်း။

ထို ငါးပါး တို့တွင် ရူပ် အဋ္ဌဝိသသည် ရူပက္ခန္ဓာ မည်၏။ ထို ရူပက္ခန္ဓာကို ရူပက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဟူသော အာယတန ၁၁-ပါး၊ စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၁၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၄-ပါး၊ မနာယတန ဟူသော အာယတန ၁-ပါး၊ စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ် ဟူသော ၇-ပါးသော ဝိညာဏဓာတ်တို့ဖြင့် မရေတွက်အပ်။

ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ ထို ဝေဒနာက္ခန္ဓာကို ဝေဒနာက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ရူပက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၄-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ မနာယတနဟူသော အာယတန ၁-ပါး၊ သြဠာရိကမဓာတ် ၁၀-ပါး၊ သတ္တဝိညာဏဓာတ်ဟူသော ၇-ပါးသော ဓာတ်တို့ဖြင့် မရေတွက်အပ်။

သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ထိုသညာက္ခန္ဓာကို သညာက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဝေဒနာ, သညာကြဉ်သော စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာမည်၏။ ထိုသင်္ခါရက္ခန္ဓာကို သင်္ခါရက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

http://www.dhammadownload.com

စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏကွန္ဓာ မည်၏။ ထိုဝိညာဏကွန္ဓာကို ဝိညာဏကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ မနာယတနဟူသော အာယတန ၁-ပါး၊ စက္ခုဝိညာဏခေတ်, သောတဝိညာဏခေတ်, ဃာနဝိညာဏခေတ်, ဇိဝှါဝိညာဏခေတ်, ကာယဝိညာဏခေတ်, မနောခေတ်, မနောဝိညာဏခေတ်ဟူသော ၇-ပါးသော ဝိညာဏခေတ်တို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသောခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၁-ပါးတို့ဖြင့် မရေတွက်အပ်။

ဒွါဒသာယတနာနိ ဟူသောပုဒ်၌ အာယတန ၁၂-ပါးဟူသော်ကား—စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန,ရသာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတနအားဖြင့် ၁၂-ပါးတို့တည်း။

ထို ၁၂-ပါးတို့တွင် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ထိုစက္ခာယတနကို ရူပကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ စက္ခာယတနဟူသော အာယတန ၁-ပါး၊ စက္ခုခေတ်ဟူသော ဓာတ် ၁-ပါးဖြင့်ရေတွက်အပ်၏။ ကြွင်းသော ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာဟူသော ခန္ဓာ ၄-ပါး၊ စက္ခာယတန၊ ကြဉ်သော သြဋ္ဌာရိကာယတန ၉-ပါး၊ မနာယတနဟူသော အာယတန ၁-ပါး ဓမ္မာယတနဟူသော အာယာဘန ၁-ပါး၊ စက္ခုခေတ်ကြဉ်သော သြဋ္ဌာရိကဓာတ် ၉-ပါး၊ သတ္တဝိညာဏခေတ်, ဓမ္မခေတ်တို့ဖြင့် မရေတွက်အပ်။

သောတပသာဒသည် သောတာယတနမည်၏။ ထို သောတာယတနကို ရူပကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ သောတာယတနဟူသော အာယတန ၁-ပါး၊ သောတခေတ်ဟူသော ဓာတ် ၁-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဃာနပသာဒသည် ဃာနာယတနမည်၏။ ထိုဃာနာယတနကို ရူပကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဃာနာယတနဟူသော အာယတန ၁-ပါး၊ ဃာနခေတ်ဟူသောခေတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။ (ရှေးနည်းကိုမှီ၍ ဆိုလေ)။

ကာယပသာဒသည် ကာယာယတနမည်၏။ (ရှေးနည်းကိုမှီ၍ ဆိုလေ)။

ရူပါရုံသည် ရူပါယတနမည်၏။ ထိုရူပါယတနကို ရူပကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ရူပါယတနဟူသော အာယတန ၁-ပါး၊ ရူပခေတ်ဟူသောခေတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသောခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

http://www.dhammadownload.com

သဒ္ဒါရုံသည် သဒ္ဒါယတန မည်၏၊ ထို သဒ္ဒါယတနကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ သဒ္ဒါယတနဟူသော အာယတန ၁-ပါး၊(ရှေးနည်းကိုမှီ၍ဆိုလေ)။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။ (ရှေးနည်းကို မှီ၍ သိလေ)။

ရသာရုံသည် ရသာယတန မည်၏။ (ရှေးနည်းကို မှီ၍ သိလေ)။

ပထဝီ, တေဇော, ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာ-ယတန မည်၏။ (ရှေးနည်းကို မှီ၍ ဆိုလေ)။

စိတ်တခုယုတ် ကိုးဆယ်သည် မနာယတန မည်၏၊ ထို မနာယတနကို ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ မနာယတန ဟူသော အာယတန ၁-ပါး၊ စက္ခုဝိညာဏခေါ်, သောတဝိညာဏခေါ်, ဃာနဝိညာဏခေါ်, ဇိဝှါဝိညာဏ-ခေါ်, ကာယဝိညာဏခေါ်, မနောခေါ်, မနောဝိညာဏခေါ် တည်းဟူသော ခေါ် ၇-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ခေါ် ၁၁-ပါး တို့ဖြင့် မရေတွက်အပ်။

စေတသိက် ဒွေပညာသ, သုခုမရူပ် သောဠသ, နိဗ္ဗာန်သည် ဓမ္မာယတန မည်၏၊ ထို ဓမ္မာယတနကို နိဗ္ဗာန်ကို ခန္ဓာဟူသော အရေအတွက်မှ လွှတ်၍ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ တည်းဟူသော ခန္ဓာ ၄-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မခေါ်ဟူသော ခေါ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၁-ပါး၊ အာယတန ၁၁-ပါး၊ ခေါ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

အဋ္ဌာရသ ခေါ်တုယော ဟူသောပါဠိ၌ ခေါ် ၁၈-ပါး ဟူသော်ကား စက္ခု-ခေါ်, သောတခေါ်, ဃာနခေါ်, ဇိဝှါခေါ်, ကာယခေါ်, ရူပခေါ်, သဒ္ဒ-ခေါ်, ဂန္ဓခေါ်, ရသခေါ်, ဖောဋ္ဌဗ္ဗခေါ်, စက္ခုဝိညာဏခေါ်, သောတ-ဝိညာဏခေါ်, ဃာနဝိညာဏခေါ်, ဇိဝှါဝိညာဏခေါ်, ကာယဝိညာဏခေါ်, မနောခေါ်, မနောဝိညာဏခေါ်, ဓမ္မခေါ် အားဖြင့် ၁၈-ပါး တို့တည်း။

ထို ၁၈-ပါးတို့တွင် စက္ခုပသာဒသည် စက္ခုခေါ်မည်၏၊ ထို စက္ခုခေါ်ကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ စက္ခာယတနဟူသော အာယတန ၁-ပါး၊ စက္ခု-ခေါ်ဟူသော ခေါ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ခေါ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

> သောတခေါ်, ဃာနခေါ်, ဇိဝှါခေါ်, ကာယခေါ်, ရူပခေါ်, သဒ္ဒခေါ်, ဂန္ဓခေါ်, ရသခေါ်, ဖောဋ္ဌဗ္ဗခေါ်တို့ကို အာယတနဟု ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိလေ။

စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏခေါ် မည်၏၊ ထို စက္ခုဝိညာဏခေါ်-ကို ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ မနာယတနဟူသော အာယတန

http://www.dhammadownload.com

၁-ပါး၊ စက္ခုဝိညာဏဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ရူပက္ခန္ဓာ,ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ တည်းဟူသော ခန္ဓာ ၄-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ ဓမ္မာယတနတည်းဟူသော အာယတန ၁-ပါး၊ သြဠာရိကဓာတ် ၁၀-ပါး၊ စက္ခုဝိညာဏဓာတ် ကြဉ် သော ဝိညာဏဓာတ် ၆-ပါး, ဓမ္မဓာတ်တို့ဖြင့် မရေတွက်အပ်။

သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်,ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်တို့မှာ စက္ခုဝိညာဏဓာတ်ကိုမှီ၍ သိလေ။

ပဋ္ဌဒ္ဓါဆုဝဇ္ဇန်း, သမ္ပဋ္ဌိစ္ဆိန်းဒွေသည် မနောဓာတ် မည်၏။ (ရှေးနည်းဖြင့် သိလေ)။ ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃-ခုကြဉ် သော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ် မည်၏။ ထို မနောဝိညာဏဓာတ်ကို ဝိညာဏက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး။ (ရှေးနည်းဖြင့် သိလေ)။

စေတသိက် ဒွေပညာသ, သုခုမရူပ် သောင်္ဂသ နိဗ္ဗာန်သည် ဓမ္မဓာတ် မည်၏၊ ထို ဓမ္မဓာတ်ကို နိဗ္ဗာန်ကို ခန္ဓာဟူသော အရေအတွက်မှ လွှတ်၍ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၄-ပါး။ (ဓမ္မာယတန နှင့် တူပြီ)။

စတ္တာရိ သစ္စာနိ ဟူသော ပုဒ်၌ သစ္စာ ၄-ပါး ဟူသော်ကား—ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အားဖြင့် ၄-ပါးတို့တည်း။

ထို ၄-ပါးတို့တွင် လောကီစိတ် ကောသီတိ၊ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာ မည်၏၊ ထို ဒုက္ခသစ္စာကို ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၅-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ မနာယတန, ဓမ္မာယတန တည်းဟူသော အာယတန ၁၂-ပါး၊ သြဠာရိကဓာတ် ၁၀-ပါး၊ သတ္တဝိညာဏဓာတ်, ဓမ္မဓာတ် တည်းဟူသော ဓာတ် ၁၈-ပါးတို့ဖြင့် ရေတွက်အပ်၏။ မရေတွက်အပ်သော ခန္ဓာ, အာယတန, ဓာတ်မည်သည် မရှိ။

လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏။ (သင်္ခါရက္ခန္ဓာနှင့် အတူ ဆိုလေ)။

နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထို နိရောဓသစ္စာကို ခန္ဓာအားဖြင့် ရေတွက်ခြင်းကို မပြုမူ၍၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ခန္ဓာ ၅-ပါး၊ ကြွင်းသော အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

http://www.dhammadownload.com

မင်္ဂစိတ် ၄-ခုဌာနရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟု ဆိုအပ်သော မဂ္ဂင် တရားကိုယ် ၈-ပါးသည် မဂ္ဂသစ္စာ မည်၏။ ထိုမဂ္ဂသစ္စာကို သခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါး တို့ဖြင့် မရေတွက်အပ်။

ဗာဝီသတိန္ဒြိယာနိ ဟူသော ပုဒ်၌ ဣန္ဒြေ ၂၂-ပါး ဟူသော်ကား—စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ အားဖြင့် ၂၂-ပါးတို့တည်း။

ထို ၂၂-ပါးတို့တွင် စက္ခုပသာဒရူပ်သည် စက္ခုန္ဒြေ မည်၏။ ထို စက္ခုန္ဒြေကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ စက္ခာယတနဟူသော အာယတန ၁-ပါး၊ စက္ခု-ဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့မှာ စက္ခုန္ဒြေကို မှီ၍ ဆိုလေ။

ဣတ္ထိဘာဝရူပ်သည် ဣတ္ထိန္ဒြေ မည်၏။ ထို ဣတ္ထိန္ဒြေကို ရူပက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ပုရိသဘာဝရူပ်သည် ပုရိသိန္ဒြေ မည်၏။ ထို ပုရိသိန္ဒြေကို ရူပက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (ဣတ္ထိဘာဝရူပ်နှင့် တူ၏)။

ရူပ်ဇီဝိတ, နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏။ ထို ဇီဝိတိန္ဒြေကို ရူပက္ခန္ဓာ, သခါရက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

စိတ်တခုယုတ် ကိုးဆယ်သည် မနိန္ဒြေ မည်၏။ (ဝိညာဏက္ခန္ဓာနှင့် အတူ ဆိုလေ)။

သုခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်သည် သုခိန္ဒြေ မည်၏။ (ဝေဒနာက္ခန္ဓာနှင့် အတူဆိုလေ)။

http://www.dhammadownload.com

ဒုက္ခသဟဂုတ် ကာယဝိညာဉ်ဌာနရှိသော ဝေဒနာစေတသိက်သည် ဒုက္ခိန္ဒြေမည်၏။ (သုခိန္ဒြေနှင့် တူ၏)။

သောမနဿသဟဂုတ်စိတ် ၆၂-ခုဌာနရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။ (တူပြီ)။

ဒေါသမူဒ္ဒေ၌ ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။ (တူပြီ)။

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ဌာနရှိသော ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေမည်၏။ (တူပြီ)။

သောဘနစိတ် တခုယုတ် ၆၀-ဌာနရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။ ထိုသဒ္ဓိန္ဒြေကို သင်္ခါရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သင်္ခါရက္ခန္ဓာနှင့် အတူဆိုလေ)။

ဒေါ့ပဋ္ဌဝိညာဉ် ၁၀, မနောဓာတ် ၃-ခု, သန္တီရဏ၃-ခုကြဉ်သော စိတ် ၇၃-ခုဌာနရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့်အတူဆိုလေ)။

သောဘနစိတ် တခုယုတ် ၆၀-ဌာနရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့် တူပြီ)။

ဝိစိကိစ္ဆာသဟဂုတ် ဒေါ့ပဋ္ဌဝိညာဉ် ၁၀,မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခုကြဉ်သောစိတ် ၇၂-ခုဌာ ရှိသော ကေဝဋ္ဌတာစေတသိက်သည် သမာဓိန္ဒြေမည်၏။ (သဒ္ဓိန္ဒြေနှင့် တူပြီ)၊

လောကိတိဟိတ်စိတ် ၃၉-ခုဌာရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။ သောတာပတ္တိမဂ်ဌ ရှိသော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေမည်၏။ အဏ္ဍာမဂ် ၃-ခု, အောက်ဖိုလ် ၃-ခုဌာရှိသော ပညာစေတသိက်သည် အညိန္ဒြေမည်၏။ အရဟတ္တဖိုလ်ဌာရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေမည်၏။ (ဌင်းဤန္ဒြေတို့မှာလည်း သဒ္ဓိန္ဒြေနှင့် အတူဆိုလေ)။

ပဋ္ဌိစ္စသမုပ္ပါဒေါ ဟူသောပုဒ်ဌ ပဋ္ဌိစ္စသမုပ္ပါဒ်သည် **အဂ်ါအား**ဖြင့် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရူပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏအားဖြင့် ဤ ၁၂-ပါးတို့တည်း။

ဤအင်္ဂါအားဖြင့် ရေတွက်ရာ၌ သောကပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသအားဖြင့် ၅-ပါးတို့ကို ဇရာမရဏနှင့် အနိဗ္ဗလကွဏာတူသောကြောင့်ဌင်း, ဇာတိ၏ အကျိုးဆက် ဖြစ်ခြင်းကြောင့်ဌင်း ဇရာမရဏ၌ အကျုံးဝင်သည်ဖြစ်၍ အသီးမရေတွက်သည်။

http://www.dhammadownload.com

ဘေဒအားဖြင့်သော်ကား—အဝိဇ္ဇာ,သင်္ခါရ, ဝိညာဉ်,နာမ်ရူပ်,သဠာယတန, ဖဿ, ဝေဒနာ,တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ၁၈ ပါးတို့တည်း[1]။

ထို ၁၈-ပါးတို့တွင် သစ္စာ ၄-ပါးတရားကို ဖုံးလွှမ်းတတ်သော အကုသိုလ်စိတ် ၁၂-ခုဌာ ရှိသော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏၊ ထိုအဝိဇ္ဇာကို သင်္ခါရကွန်ရာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ မေ့ဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

အကုသိုလ် ဒုါဒသ၊ လောကီကုသိုလ် သတ္တရသာ၌ ရှိသော စေတနာ စေတသိက်သည် သင်္ခါရမည်၏။ (အဝိဇ္ဇာနှင့် အတူဆိုလေ)။

စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဉ်မည်၏။ (ဝိညာဏကွန်ရာနှင့် အတူဆိုလေ)။

စေတသိက် ဒွေပညာသ၊ ရူပ်အဋ္ဌဝီသသည် နာမ်ရူပ်မည်၏၊ ထိုနာမ်ရူပ်ကို ရူပကွန်ရာ, ဝေဒနာကွန်ရာ, သညာကွန်ရာ, ဘာခါရကွန်ရာဟူသော ခန္ဓာ ၄-ပါး၊ သြဠာရိကာယတန ၁၀-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊ သြဠာရိကဓာတ်, ဓမ္မဓာတ်ဟူသော ဓာတ် ၁၁-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၁-ပါး၊ အာယတန ၁-ပါး၊ ဓာတ် ၇-ပါးတို့ဖြင့် မရေတွက်အပ်။

စိတ်တခုယုတ် ကိုးဆယ်၊ ပသာဒရူပ် ၅-ခုသည် သဠာယတနမည်၏၊ ထိုသဠာယတနကို ရူပကွန်ရာ, ဝိညာဏကွန်ရာဟူသော ခန္ဓာ ၂-ပါး၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနဟူသော အာယတန ၆-ပါး၊ စက္ခုဓာတ်, သောတဓာတ် ။ပ။ ကာယဓာတ်,စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်,မနောဝိညာဏဓာတ် ဟူသော ဓာတ် ၁၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၆-ပါး၊ ဓာတ် ၆-ပါးတို့ဖြင့် မရေတွက်အပ်။

---

[1]။ ဘေဒအားဖြင့် သော်ကား—အဝိဇ္ဇာ, သင်္ခါရ,ဝိညာဉ်, နာမ်ရူပ်, သဠာယတန, ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ကမ္မဘဝ,ဥပပတ္တိဘဝ,ကာမဘဝ, ရူပဘဝ-အရူပဘဝ, သညာဘဝ,အသညာဘဝ, နေဝသညာနာသညာဘဝ,ကေဝေါကာရဘဝ, စတုဝေါကာရဘဝ,ပဉ္စဝေါကာရဘဝ, ဇာတိ,ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသအားဖြင့် ၂၈-ပါးတို့တည်းဟုဆိုမူ ပါဠိတော် နည်းနှင့် အထူးသင့်လျော်ရာ၏။

http://www.dhammadownload.com

စိတ်တခုယုတ် ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် ဖဿ မည်၏။ (အဝိဇ္ဇာနှင့် အတူဆိုလေ)။

စိတ်တခုယုတ် ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာမည်၏။ (ဝေဒနာကွန်ရှာနှင့် အတူ ဆိုလေ)။

လောဘမူစိတ် ၈-ခု၌ရှိသော လောဘစေတသိက်သည် တဏှာမည်၏။ (အဝိဇ္ဇာနှင့် အတူ ဆိုလေ)။

လောဘမူစိတ် ၈-ခု၌ ရှိသော လောဘ၊ ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် ဥပါဒါန် မည်၏။ (အဝိဇ္ဇာနှင့် ကူပြီ)။

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် အကုသိုလ်ဒွါဒသ၊ ဒေါကိုကုသိုလ် သတ္တရသ၌ရှိသော စေတနာစေ-တသိက်သည် ကမ္မဘဝ မည်၏။ (အဝိဇ္ဇာနှင့် တူ၏)။

လောကီဝိပါက်ဗာတ္တိ သ၊ ဝိရတီ ကြဉ်သော စေတသိက် ပဋ္ဌတိ သ၊ ကမ္မဇ-ရူပ်ဝိသဿည် ဥပပတ္တိဘဝ မည်၏။ ထို ဥပပတ္တိဘဝသည်လည်း ကာမဘဝ၊ ရူပဘဝ,အရူပဘဝ,သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ, ကေ-ဝေါကာရဘဝ,စတုဝေါကာရဘဝ,ပဉ္စဝေါကာရဘဝ အားဖြင့် ၉-ပါးအပြား ရှိ၏။

ထို ၉-ပါးတို့တွင် ကာမဝိပါက် တေဝီသ၊ ဝိရတီ အပ္ပမညာ ကြဉ်သော စေ-တသိက် တေတ္တိ သ၊ ကမ္မဇရူပ် ဒီသသည် ကာမဘဝ မည်၏။ ထို ကာမဘဝကို ရူပကွန်ရှာ, ဝေဒနာကွန်ရှာ, သညာကွန်ရှာ, သင်္ခါရကွန်ရှာ, ဝိညာဏကွန်ရှာ ဟူသော ခန္ဓာ ၅-ပါး၊ သဒ္ဒါယတန ကြဉ်သော အာယတန ၁၁-ပါး၊ သဒ္ဒဓာတ် ကြဉ်သော ဓာတ် ၁၂-ပါးတို့ဖြင့် ရေတွက်အပ်၏၊ မရေတွက်အပ်သော ခန္ဓာမည်သည် မရှိ၊ သဒ္ဒါယတန, သဒ္ဒဓာတ်ဖြင့် မရေတွက်အပ်။

ရူပဝိပါက် ၅-ခု၊ စက္ခုဝိညာဉ်ဒွေ, သောတဝိညာဉ်ဒွေ, သမ္ဘဝ္ဍိစ္ဆိုန်းဒွေ,သန္တီ-ရဏ ၃-ခု ဝိရတိကြဉ်သော စေတသိက် ပဋ္ဌတိ သ၊ ဣတ္ထိဘော, ပုမ္ဘော, ဃာန, ဇိဝှါ, ကာယကြဉ်သော ကမ္မဇရူပ် ပန္နရသသည် ရူပဘဝ မည်၏။ ထို ရူပဘဝကို ရူပကွန်ရှာ, ဝေဒနာကွန်ရှာ, သညာကွန်ရှာ, သင်္ခါရကွန်ရှာ, ဝိညာဏကွန်ရှာ ဟူသော ခန္ဓာ ၅-ပါး၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာ-ယတန ဟူသော အာယတန ၅-ပါး၊ စက္ခုဓာတ်, သောတဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၈-ပါးတို့ဖြင့် ရေတွက်အပ်၏၊ မရေတွက်အပ်သော ခန္ဓာမည်သည် မရှိ။ ကြွင်းသော အာယတန ၇-ပါး၊ ဓာတ် ၁၀-ပါးတို့ဖြင့် မရေ-တွက်အပ်။

http://www.dhammadownload.com

အရူပဝိပါက် ၄-ခု၊ စေတသိက်တိ ်သသည် **အရူပဘဝ** မည်၏၊ ထို အရူပ-ဘဝကို ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, ဝိညာဏကွန္ဓာ ဟူသော ခန္ဓာ ၄-ပါး၊ မနာယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ မနော-ဝိညာဏဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်း သော ခန္ဓာ ၁-ပါး၊ အာယတန ၁၀-ပါး၊ ဓာတ် ၁၆-ပါးတို့ဖြင့် မရေတွက်အပ်။

နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ဇဝတိ ်သ၊ စေတသိက် ပဉ္စတိ ်သ၊ ကမ္မဇရူပ် ဝိသသည် **သညာဘဝ** မည်၏။ (ထို သညा-ဘဝမှာ ကာမဘဝနှင့် နည်းတူ ဆိုလေ)။

ဇီဝိတနဝကကလာပ်ရူပ်သည် **အသညာဘဝ** မည်၏၊ ထို အသညာဘဝကို ရူပကွန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ရူပါယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ ရူပဓာတ်, ဓမ္မဓာတ် ဟူသော ဓာတ် ၂-ပါးတို့ဖြင့် ရေတွက်အပ်၏။ ကြွင်း သော ခန္ဓာ ၄-ပါး၊ အာယတန ၁၀-ပါး၊ ဓာတ် ၁၆-ပါးတို့ဖြင့် မရေတွက်အပ်။

နေဝသညာနာသညာယတနဝိပါက်စိတ်တခု၊ စေတသိက် တိ ်သသည် နေ၀-သညာနာသညာဘဝ မည်၏။ (အရူပဘဝနှင့် အတူဆို)။

ဇီဝိတနဝကကလာပ်ရူပ်သည် **ကေဝေါကာရဘဝ** မည်၏။ (အသညာဘဝ နှင့် တူ၏)။

အရူပဝိပါက် ၄-ခု စေတသိက် တိ ်သသည် **စတုဝေါကာရဘဝ** မည်၏။ (အရူပဘဝနှင့် တူ၏)။

ကာမဝိပါက် တေဝီသ၊ ရူပဝိပါက် ၅-ခု၊ စေတသိက် ပဉ္စတိ ်သ၊ ကမ္မဇရူပ် ဝိသသည် **ပဉ္စဝေါကာရဘဝ** မည်၏။ (ကာမဘဝနှင့် အတူဆို)။

ဇာတိသည် ရူပ်၏ ဇာတိ, နာမ်၏ ဇာတိ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရူပ် အဋ္ဌာရသတို့၏ ဖြစ်ဆဲသည် ရူပ်၏ ဇာတိ မည်၏၊ နာမကွန္ဓာလေးပါး တို့၏ ဖြစ်ဆဲသည် နာမ်၏ဇာတိ မည်၏၊ ထို ဇာတိကို ရူပကွန္ဓာ, သင်္ခါရကွန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတနဟူသော အာယ-တန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၃-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဇရာသည်လည်း ရူပ်၏ဇရာ, နာမ်၏ဇရာအား ဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရူပ် အဋ္ဌာရသတို့၏ ရင့်ဆဲသည် ရူပ်၏ ဇရာမည်၏၊ နာမကွန္ဓာ ၄-ပါးတို့၏ ရင့်ဆဲသည် နာမ်၏ ဇရာ မည်၏။ (ထိုဇရာမှာ ဇာတိနှင့် တူ၏)။

မရဏသည်လည်း ရူပ်၏ မရဏ, နာမ်၏ မရဏ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် နိပ္ဖန္နရူပ် အဋ္ဌာရသတို့၏ ပျက်ဆဲသည် ရူပ်၏ မရဏ မည်၏၊

http://www.dhammadownload.com

နာမကွန္ဓာ ၄-ပါးတို့၏ ' ပျက်ဆဲသည် နာမ်၏ မရဏ မည်၏။ (ထို မရဏမှာ လည်း ဇာတိနှင့် အတူဆိုလေ)။

ဒေါသမူဒ္ဓေ၌ရှိသော ဒေါမနဿဝေဒနာသည် **သောက** မည်၏၊ ထို သောက ကို ဝေဒနာကွန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်းသော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

ဘေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် ငိုကြွေးမြည် တမ်းသော အခြင်းအရာဖြင့် ဖြစ်သော စိတ္တဇဝိပလ္လာသသဒ္ဒသည် **ပရိဒေဝ** မည် ၏၊ ထို ပရိဒေဝကို ရူပကွန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ သဒ္ဒါယတန ဟူသော အာယတန ၁-ပါး၊ သဒ္ဒဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာစေတသိက်သည် **ဒုက္ခ** မည် ၏၊ ထိုဒုက္ခကို ဝေဒနာကွန္ဓာဟူသော ခန္ဓာ ၁ ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဒေါသမူဒ္ဓေ၌ရှိသော ဝေဒနာစေတသိက်သည် **ဒေါမနဿ** မည်၏၊ ထို ဒေါမနဿကို ဝေဒနာကွန္ဓာဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ဥတိဗျသန အစရှိသည်တို့ဖြင့် တွေ့သော သူအား လွန်စွာဖြစ်သော စိတ်၏ ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော ဒေါသမူဒ္ဓေ၌ ရှိသော ဒေါသစေတသိက်သည် **ဥပါယာသ** မည်၏၊ ထိုဥပါယာသကို သခါရကွန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ ကြွင်း သော ခန္ဓာ ၄-ပါး၊ အာယတန ၁၁-ပါး၊ ဓာတ် ၁၇-ပါးတို့ဖြင့် မရေတွက်အပ်။

စတ္တာရော သတိပဋ္ဌာနာ ဟူသောပုဒ်၌ သတိပဋ္ဌာန် ၄-ပါး ဟူသော်ကား— ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာ-သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် အားဖြင့် ဂိုဏ်းအားဖြင့် ၄-ပါး အပြား ရှိ၏၊ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော သတိစေတသိက် သာတည်း၊ ထို သတိစေတသိက်သည် သတိပဋ္ဌာန် မည်၏၊ ထို သတိပဋ္ဌာန်ကို သခါရကွန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတနဟူသော အာယတန ၁-ပါး၊

http://www.dhammadownload.com

ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မဓေ တွက်အပ်။

စတ္တာရော သမ္မပ္ပဓာနာ ဟူသော ပုဒ်၌ သမ္မပ္ပဓာန် ၄-ပါး ဟူသော်ကား— ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း, မဖြစ်သေး သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုခြင်း, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း, ဖြစ်ပြီးသော ကုသိုလ်တရား တို့ကို လွန်စွာ ပွါးစေခြင်းငှါ လုံ့လပြုခြင်းအားဖြင့် ကိစ္စအားဖြင့် ၄-ပါး အ ပြား ရှိ၏။ တရားကိုယ်အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယ စေတသိက်သာတည်း၊ ထို ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် မည်၏။ (သတိ ပဋ္ဌာန်နှင့် အတူ ဆိုလေ။)

စတ္တာရော ဣဒ္ဓိပါဒါ ဟူသောပုဒ်၌ ဣဒ္ဓိပါဒ် ၄-ပါးဟူသော်ကား—ဆန္ဒဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်အားဖြင့် ၄-ပါး အပြားရှိ၏။ တရားကိုယ် အားဖြင့်ကား လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဆန္ဒစေတသိက်သည် ဆန္ဒဒ္ဓိပါဒ် မည်၏ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ် မည်၏။ လောကုတ္တရာစိတ် ၈-ခုသည် စိတ္တိဒ္ဓိပါဒ် မည်၏။ လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာစေတသိက်သည် ဝီမံသိဒ္ဓိပါဒ် မည်၏။ ထို ၄-ပါး သော ဣဒ္ဓိပါဒ်ကို သခ်ါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ မနာယတန, ဓမ္မာယတန ဟူသော အာယတန ၂-ပါး၊ မနောဝိညာဏဓာတ်, ဓမ္မဓာတ် ဟူ သော ဓာတ် ၂-ပါး တို့ဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

စတ္တာရိ ဈာနာနိ ဟူသောပုဒ်၌ ဈာန် ၄-ပါး ဟူသော်ကား—ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်အားဖြင့် ၄-ပါး အပြားရှိ၏။ ထို ၄-ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ကည်းဟူသော ဈာန်အင်္ဂါ ၅-ပါးသည် ပဌမဈာန် မည်၏။ ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန် အင်္ဂါ ၃-ပါးသည် ဒုတိယဈာန် မည်၏။ သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန် အင်္ဂါ ၂-ပါးသည် တတိယဈာန် မည်၏။ ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂-ပါးသည် စတုတ္ထဈာန် မည်၏။ ထို ၄-ပါးသော ဈာန်ကို ဝေဒ- နာက္ခန္ဓာ, သခ်ါရက္ခန္ဓာ ဟူသော ခန္ဓာ ၂-ပါး၊ ဓမ္မာယတန ဟူသော အာယ- တန ၁-ပါး ဓမ္မဓာတ် ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်း ဖြင့် မရေတွက်အပ်။

စတသော အပ္ပမညာယော ဟူသောပါဠိ၌ အပ္ပမညာ ၄-ပါးဟူသော်ကား — မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ အားဖြင့် ၄-ပါး တို့တည်း၊ ထို ၄-ပါး တို့ တွင် ရူပါဝစရပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၌ ရှိသော

http://www.dhammadownload.com

အဒေါသစေတသိက်သည် မေတ္တာ မည်၏၊ ကရုဏာစေတသိက်သည် ကရုဏာ မည်၏၊ မုဒိတာစေတသိက်သည် မုဒိတာ မည်၏၊ ရူပါဝစရ ပဌမဈာန်ဌာနရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ မည်၏၊ ထို ၄-ပါးသော အပွမညာ ကို သခ်ၸိရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ဟူသော အာယတန ၁-ပါး၊ ဓမ္မဓာတ်ဟူသော ဓာတ် ၁-ပါးဖြင့် ရေတွက်အပ်၏။ အကြွင်းဖြင့် မရေတွက်အပ်။

ပဋိဋ္ဌိယာနိ ဟူသောပါဠိ၌ ဣန္ဒြေ ၅-ပါး ဟူသော်ကား—သဒ္ဓိန္ဒြေ, စိရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေအားဖြင့် ၅-ပါးတို့တည်း၊ ထို ၅-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၌ ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏၊ သတိစေတသိက်သည် သတိန္ဒြေ မည်၏၊ ကေဠာတာစေတသိက်သည် သမာဓိန္ဒြေ မည်၏၊ ပညာစေတသိက်သည် ပညိန္ဒြေ မည်၏၊ ထို ၅-ပါးသော ဣန္ဒြေကို သခ်ၸိရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သခ်ၸိရက္ခန္ဓာ နှင့် အတူဆိုလေ)။

ပဋိပလာနိ ဟူသောပါဠိ၌ ဗိုလ် ၅-ပါး ဟူသော်ကား—သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်အားဖြင့် ၅-ပါး တို့တည်း။ ထို ၅-ပါး တို့တွင် လောကုတ္တရာစိတ် ၈-ခု၌ ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏၊ ဝီရိယ စေတသိက်သည် ဝီရိယဗိုလ် မည်၏၊ သတိစေတသိက်သည် သတိဗိုလ် မည်၏၊ ကေဠာတာစေတသိက်သည် သမာဓိဗိုလ် မည်၏၊ ပညာစေတသိက်သည် ပညာဗိုလ် မည်၏၊ ထို ၅-ပါးသောဗိုလ်ကို သခ်ၸိရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (ပဋ္ဌိန္ဒြေ နှင့် တူ၏)။

သတ္တ ဗောဇ္ဈင်္ဂါ ဟူသောပါဠိ၌ ဗောဇ္ဈင် ၇-ပါး ဟူသော်ကား—သတိသမ္ဗောဇ္ဈင်, မမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင် အားဖြင့် ၇-ပါးတို့တည်း၊ ထို ၇-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၌ ရှိသော သတိစေ-တသိက်သည် သတိသမ္ဗောဇ္ဈင် မည်၏၊ ပညာစေတသိက်သည် ဓမ္မဝိစယ-သမ္ဗောဇ္ဈင် မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင် မည်၏၊ ပီတိ စေတသိက်သည် ပီတိသမ္ဗောဇ္ဈင် မည်၏၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိစေတသိက် သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏၊ ကေဠာတာစေတသိက်သည် သမာဓိသမ္ဗောဇ္ဈင် မည်၏၊ တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏၊ ထို ၇-ပါး သော ဗောဇ္ဈင်ကို သခ်ၸိရက္ခန္ဓာ ဟူသော ခန္ဓာ ၁-ပါး။ (သခ်ၸိရက္ခန္ဓာနှင့် အတူ ဆိုလေ)။

http://www.dhammadownload.com

အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဟူသော ပါဠိ၌ မဂ္ဂင် ၈-ပါး ဟူသော်ကား— သမ္မာဒိट्ठि, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာधि အားဖြင့် ၈-ပါးတို့တည်း၊ ထို ၈-ပါးတို့တွင် လောကုတ္တရာစိတ် ၈-ခု၌ရှိသော ပညာစေတသိက်သည် သမ္မာဒိट्ठिမဂ္ဂင် မည်၏။ ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။ သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင် မည်၏။ သမ္မာကမ္မန္တစေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်၏။ သမ္မာအာဇီဝစေတသိက်သည် သမ္မာအာဇီဝမဂ္ဂင် မည်၏။ ဝီရိယစေတသိက်သည် သမ္မာဝါယာမမဂ္ဂင် မည်၏။ သတိစေတသိက်သည် သမ္မာသတိမဂ္ဂင် မည်၏။ ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာधिမဂ္ဂင် မည်၏။ ထို ၈-ပါးသော မဂ္ဂင်ကို သခ်ါရက္ခန္ဓာဟူသော ခန္ဓာ ၁-ပါး။ (သခ်ါရက္ခန္ဓာနှင့် အတူဆိုလေ)။

ဖဿော, ဝေဒနာ, သညာ, စေတနာ, စိတ္တံ, အဓိမောက္ခော, မနသိကာရော ဟူ၍ ဟောတော်မူအပ်သော ဖဿသတ္တကရာသီ ပါဠိတော်မြတ် ပါဠိအပေါင်းတို့တွင် **ဖဿော** ဟူသော ပုဒ်၌ စိတ် တခုယုတ် ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် ဖဿ မည်၏။ (သခ်ါရက္ခန္ဓာနှင့် တူပြီ)။ **ဝေဒနာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။ (ဝေဒနာက္ခန္ဓာနှင့် တူပြီ)။ **သညာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော သညာစေတသိက်သည် သညာ မည်၏။ (သညာက္ခန္ဓာနှင့် ဘူပြီ)။ **စေတနာ** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာစေတသိက်သည် စေတနာ မည်၏။ (သခ်ါရက္ခန္ဓာနှင့် တူပြီ)။ **စိတ္တံ** ဟူသောပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်သည် စိတ် မည်၏။ (ဝိညာဏက္ခန္ဓာနှင့် တူပြီ)။ **အဓိမောက္ခော** ဟူသောပုဒ်၌ ဒေါသဇ္ဇဝိညာဉ် ၁၀, ဝိစိကိစ္ဆာသဟဇာတ် ကြဉ်သော စိတ် ၇၈-ခု၌ရှိသော အဓိမောက္ခ စေတသိက်သည် အဓိမောက္ခ မည်၏။ (သခ်ါရက္ခန္ဓာနှင့် တူပြီ)။**မနသိကာရော** ဟူသော ပုဒ်၌ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော မနသိကာရစေတသိက်သည် မနသိကာရ မည်၏။ (သခ်ါရက္ခန္ဓာနှင့် တူ၏)။

ဥဒ္ဒေသ ပြီး၏။

http://www.dhammadownload.com

၁—ပဌမနယနိဒ္ဒေသ

ခန္ဓနိဒ္ဒေသ

၆။ ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏၊ ထို နိဒ္ဒေသသည်လည်း ပဌမနယနိဒ္ဒေသ, ဒုတိယနယနိဒ္ဒေသ ။ပ။ စုဒ္ဒသမနယနိဒ္ဒေသအားဖြင့် ၁၄-ပါး အပြားရှိ၏၊ ထို ၁၄-ပါးတို့တွင် ပဌမနယနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထို ပဌမနယနိဒ္ဒေသသည်လည်း အဘ္ဘန္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် အဘ္ဘန္တရမာတိကာနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို အဘ္ဘန္တရမာတိကာနိဒ္ဒေသသည်လည်း ခန္ဓာဒိနိဒ္ဒေသ, ဗာဟိရသတ္တကရာသိနိဒ္ဒေသ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ခန္ဓာဒိနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ခန္ဓာဒိနိဒ္ဒေသသည်လည်း ခန္ဓနိဒ္ဒေသ, အာယတနနိဒ္ဒေသ အစရှိသောအားဖြင့် ၁၅-ပါး အပြားရှိ၏၊ ထို ၁၅-ပါးတို့တွင် ခန္ဓနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ ထို ခန္ဓနိဒ္ဒေသသည်လည်း ဘေဒ, အဘေဒအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ဘေဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ဘေဒသည်လည်း သုဒ္ဓ, ကေမူလာဒိအားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို သုဒ္ဓသည်လည်း ရူပက္ခန္ဓသုဒ္ဓ အစရှိသောအားဖြင့် ၅-ပါး အပြားရှိ၏၊ ထို ၅-ပါး တို့တွင် ရူပက္ခန္ဓသုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို ရူပက္ခန္ဓသုဒ္ဓ သည်လည်း သင်္ဂီတ, အသင်္ဂီတ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် သင်္ဂီတ ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထို သင်္ဂီတ သည်လည်း ပုဗ္ဗာ, ဝိသဇ္ဇနာ အားဖြင့် ၂-ပါး အပြားရှိ၏၊ ထို ၂-ပါးတို့တွင် ပုဗ္ဗာ ကို ရှေးဦးစွာဟောတော်မူ၏၊ ထို ပုဗ္ဗာ သည်လည်း ခန္ဓာကရိုဏ်းနေသော ပုဗ္ဗာ, အာယတန ကရိုဏ်းနေသောပုဗ္ဗာ, ဓာတ်ကရိုဏ်းနေသော ပုဗ္ဗာအားဖြင့် ၃-ပါး အပြားရှိ၏ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ပုဗ္ဗာကို ရှေးဦးစွာ ဟောတော်မူ၏။

ဟောဟန်ကား— **ရူပက္ခန္ဓော** ကတိဟိ ခန္ဓေဟိ သင်္ဂီတောဟူသည်တည်း။ ထိုနောင် အာယတန ကရိုဏ်းနေသော ပုဗ္ဗာကို ဟောတော်မူ၏။ ဟောဟန်ကား— **ရူပက္ခန္ဓော** ကတိဟာယတနေဟိ သင်္ဂီတောဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ပုဗ္ဗာကို ဟောတော်မူ၏။ ဟောဟန်ကား— **ရူပက္ခန္ဓော** ကတိဟိ ဓာတူဟိ သင်္ဂီတောဟူသည်တည်း။

ပုဗ္ဗာကို ဟောတော်မူသည်၏အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ထို ဝိသဇ္ဇနာသည်လည်း ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာ, အာယတန ကရိုဏ်းနေ

http://www.dhammadownload.com

သော ဝိသဇ္ဇနာ, ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာ အားဖြင့် ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ခန္ဓာကရိုဏ်းနေသော ဝိသဇ္ဇနာကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** ကေန ခန္ဓေန သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် အာယတန ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** ကောဒသဟာယတနေဟိ သင်္ဂဟိတော ဟူသည်တည်း။ ထိုနောင် ဓာတ်ကရိုဏ်းနေသော ဝိသဇ္ဇနာကို ဟောတော်မူ၏၊ ဟောဟန်ကား— **ရူပက္ခန္ဓော** ကောဒသဟိ ဓာတူဟိ သင်္ဂဟိတော ဟူသည်တည်း။

ရူပက္ခန္ဓော၊ ရူပက္ခန္ဓာကို။ ဝါ၊ ရူပွနလက္ခဏာရှိသော ရူပ်အစုကို၊ ကတိဟိ၊ အဘာယ်မျှကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ရူပွနလက္ခဏာရှိသော ရူပ်အစုကို။ ကတိဟိ၊ အဘာယ်မျှကုန်သော။ အာယတနေဟိ၊ အာယတနတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ရူပွနလက္ခဏာရှိသော ရူပ်အစုကို။ ကတိဟိ၊ အဘာယ်မျှကုန်သော။ ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်သနည်း။ ဤတိ ပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်—

ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကေန၊ တပါးသော။ ခန္ဓေန၊ ရူပက္ခန္ဓာဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကောဒသဟိ၊ ၁၁-ပါး ကုန်သော။ အာယတနေဟိ၊ သြဋ္ဌာရိကာယတန ၁၀-ပါး ဓမ္မာယတနတို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ရူပက္ခန္ဓော၊ ကို။ ဝါ၊ ကို။ ကောဒသဟိ၊ ၁၁-ပါး ကုန်သော။ ဓာတူဟိ၊ သြဋ္ဌာရိကဓာတ် ၁၀-ပါး ဓမ္မဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ဤတိ ဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

၃၁။ ဝိပွယောဂေါ၊ ဝိပွယုတ်သည်။ ဇာတိဝိပွယောဂ ဘူမိ ကာလ သန္ဌာနဝိပွယောဂတော၊ ဇာတိဝိပွယုတ် ဘူမိဝိပွယုတ် ကာလဝိပွယုတ် သန္ဌာနဝိပွယုတ်အားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

နဝမနယာဒိ

နဝမ ဒသမ ကောဒသမ ဒ္ဒါဒသမ တေရသမ စုဒ္ဒသမ၌ ဆိုပြီးသောနည်းကို မှီ၍ သိကောင်းတော့သည် ဆိုဘွယ် မရှိပြီ။

အချို့သော သဝိတက္ကသဝိစာရ စသောပုဒ်တို့၌ "ကေဟိစိ" ဟူ၍ ဝိတက် စသော တခုသော တရားကိုလျက် ဗဟုဝုစ် ဟောတော်မူသည်ကား သင်္ချာကို မမှတ်အပ်သောကြောင့် ဟောတော်မူသတည်း။

ထိုကြောင့် ခေါတုကထာမူလဋီကာ (၂၂) ၌—

၃၂။ သမ္ဘတ္ထ စ ကေဝမ္မေပိ ကေဟိစိတိ ဗဟုဝစနနိဒ္ဒေသော သင်္ချာယ အနိယမိတတ္တာ ကတောတိ ဝေဒိတမ္ဗော— မိန့်ပြီ။

သာဓကနက်

၃၂။ စ၊ ဆက်ဦးအံ့။ သမ္ဘတ္ထ၊ ခပ်သိမ်းသော ပဋ္ဌာတို့၌။ ကေဝမ္မေပိ၊ ယခုတည်းသော တရား၌လည်း။ ကေဟိစိတိ၊ ကေဟိစိဟူ၍။ ဗဟုဝစနနိဒ္ဒေသော၊ ဗဟုဝုစ် ညွှန်ပြခြင်းကို။ သင်္ချာယ၊ သင်္ချာ၏။ အနိယမိတတ္တာ၊ မမှတ်အပ်သည်၏ အဖြစ်ကြောင့်။ ကတော၊ ပြု အပ်၏။ ဣတိ၊ သို့။ ဝေဒိတမ္ဗော၊ သိအပ်၏။

ခေါတုကထာဂဏ္ဌိနှင့် သာဓကအနက် ပြီး၏။

http://www.dhammadownload.com

၁၁-ဓာတုကထာ တုတိယမြန်းချိုး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

ဓာတုကထာ အချိုးကို ဆိုပေအုံ့—

လေးသစ္စာ ငုံအာပဋ္ဌင်လျှို့၊ ခုနစ်ဆင့် မြောက်သည်ဝါ။ ။တို့ဆရာ ကိုယ်တော်ဖျား၊ ဟောကြားသည့်စာ။ ။ခုနစ်ဖြာ ဘိဝမ္မာ မည်ဆန်းလျှို့၊ သုံးကျမ်းမြောက် သညာတော်၊ ဓာတ်ကျမ်းတွင်ခေါ်။ ။ဂမ္ဘီရ နက်ကျော်သည်၊ သဘောတော်ခက်ခဲ။ ။ဉာဏ်နုသည့် စာသင်ငယ်မှာ၊ နားမဝင် မျှောက်အုန်းရနဲ။ ။

မြစ်ပင်လယ် ဗေထဲမှာ၊ ရွှေ နောက် လဲ့ မြောက် တောင်ဝေ။ ။မာလိန်မှူး အထင်မှားလျှို့၊ သဘော်ရှင် ကိုကုလားတို့၊ သွားခက်ကြပေ။ ။ကျိန်းသေ တတ်သည့် ဖန်နတ်နေ၊ ရွှေအိမ်မြောင် သူဟောက၊ ရွှေနောက်လော ဘယ်မကျန်၊ ပုတ် လေးပစ်မှန်။ ။ကေန်သိသည့် ပုံသဏ္ဌာန်လို၊ အိမ်မြောင်တဖန် ဆိုဦးအုံ့လေး။ ။

၁-ပဌမနယချိုး

ပဌမ သူ့အသည်းမှာ၊ မှတ်ဘွယ်နည်း မခက်ပါ။ ။မာတိကာ တထေဝ၊ ဟောကြလေရာ။ ။

၂-ဒုတိယနယချိုး

ဒုတိယ သူ့အချာမှာ၊ ရှုပ်ခန္ဓာ တချိန့်ဂ်၊ စိတ်တချို ရလေရာ၊ ပုဒ်ဟောရပါ။ ။ရှုပ်ယေစ့ဲ သူ့အမှာမှာ၊ တူခန္ဓာ ဓာတ်အာကွဲလို့၊ ရှုပ်ထဲတွင် သူနှင့်သူ၊ မြဲမုချယူ။ ။**မာတ်သာကွဲလို့ အကြွင်းတူ**၊ စိတ်ယေစ့ဲမူ၊ စိတ်ချင်းသာ တည့်လေး။ ။

၃-တတိယနယချိုး

ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ။ ။ဓာတ်အာတူ၊ ခန္ဓာပြားသည့်၊ ဝေဒနာ သညာများနှင့်၊ သခါရတရား သုခုမာ။ ။နိဗ္ဗာန်ပါ သူတို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊ စွဲရင်းသေချာ။ ။နည်း တတိယ သူ့အလာကို၊ သပိတ်ခါ အိတ်ခါ ကုန်ကုန်ဖွင့်လျှို့၊ ကရားနှင့် မျှောက်သလို၊ ဟောလိုက်သကို။ ။ဖုံးအုပ်ကယ် ထမသိုသည်၊ သမားညို ကျိန်းဝေတည့်လေး။ ။

http://www.dhammadownload.com

၄-စတုတ္ထနယချီး

သဘော်ဘပါ အိမ်မြှောင်ပြလိုက်မည်၊ မြမှတ်ကြသေချေ။ ။ဝေဒနာ သခ်ါရ နှင့်၊ သုခုမသဒ္ဓါ၊ တဇိတ်ရရာ။ ။သည်နှယ်ပုဒ်ကိုမှ၊ ဟောထုတ်ရပါ။ ။ ယေနှစ်ဖြာ ယဉ်ဆန်းလို့၊ စွဲလမ်းမှာ သူနှင့်သူ၊ ၃-ပါးလုံးတူ။ ။သွတ်လှယ် လဲလို့ စွဲရင်းယူ၊ စ ယေတူ ဖြေရှိုးမို့၊ နည်း ၄-မျိုး သူ့အကြံ၊ ပွဲခြိမ့်ခြိမ့်ခံ။ ။ အိမ်မြှောင်ပြ မသေ့လှန်သည်၊ မြဲကေန် မှန်လွန်းလှလေး။ ။

၅-ပဉ္စမနယချီး

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ။ ။စိတ်,သုခုမာ၊ ဆံ မနှောသည့် ပုဒ်ဟောရပါ။ ။၃-ပါးလုံး မတူရာကို၊ ယေ ၂-ဖြာ ဖေ့ရှာစွဲလို့၊ မခက်ခဲဖြေစရာ၊ စ ယေအလာ။ ။နည်းပဉ္စမ သူ့အချာကို၊ နိဿေသာ ညွှန်း လိုက်ကဲ့လေး။ ။

၆-ဆဋ္ဌနယချီး

ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ။ ။ရူပ် နိဗ္ဗာန် နာမ် ပင် ရောသော်လည်း၊ ဝိပွယော ရရာ။ ။ဖြစ်,ချုပ်ကယ် တူစွာသည်၊ အာ ရုံပါ မှီရာမျှလို့၊ ဇာတ် ကာလ ဘုံ သန္တာန်၊ တူ ၄-ပါးနာမ်။ ။သမ္ပယုတ် ကယ် မြဲကေန်သည်၊ မုချမှန် တော်လွန်းလှလေး။ ။

ရူပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပွယော ကေန်ယူ။ ။နာမ်ခန္ဓာ တူကတဲ့ ကို၊ ဘုံ သန္တာန် ကာလကဲ့လို့၊ ဇာတိလဲ မပြိုင်မူ။ ။မှီအာရုံ တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။ သည်နာမ်စုမှာ၊ ဝိပွယုတ်ယူ၊ ရူပ်ချင်းထို့တူ နိဗ္ဗာနနှင့်၊ ရှုပက္ခန္ဓ သဘာဝါ။ ။ ဝေဒနာ ဝေဒနာချင်းနှင့်၊ သူ့ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ။ ။သခ်ါရမှာ သနှင့်သာ၊ သဘော ၂-ဖြာ၊ ဆံမနှောသည့်၊ သမ္ပယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမျှကိုသော်။ ။ဝိပွယောဂ ကေဟိ စံမှာ၊ ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကို ယူ။ ။နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မဓာတ်တူ ရူပ် နိဗ္ဗာန်တည့်လေး။ ။

၇ သတ္တမနယချီး

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စွက်သည့် ပုဒ်အနေ။ ။သတ် ဝိညာဉ် ဧကေကောရယ်နှင့်၊ နိဿေသံ သမ္ပယောသည်၊ စေတသိက်ခံ သည် သဘောကိုမှ၊ သဗ္ဗညာဏ်ရှင်ပင်ဂေါ၊ ဟောပြခဲ့ပေ။ ။နည်းသတ္တမေ၊ သတ် ညာဉ် ဧကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစားကွက်ကျန်။ ။သည်နှယ်ပုဒ်

http://www.dhammadownload.com

စေတသိက်ခံကို၊ စိန္တေယျ ရှောင်ကွင်းလို့၊ စွဲရင်းနှင့် သမ္မယုတ်ကို၊ ယေ တေ အလို။ ။ဒုတိယ ယေ တေကိုမူ၊ ဝိပ္ပယုတ်ယူ ဆိုမြဲမသွေရှင့်လေး။ ။

၈-အဋ္ဌမနယချီး

ရှေ့ နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောရှက် ဝိပ္ပယုတ္တံ။ ။ကေဝလံ နာမ်ကိုစွဲသော်လည်း၊ သမ္မယုတ္တံ သူတို့ထဲက၊ နိဿသံ အကုန်စွဲကိုမှ၊ ဟောမြဲကော်။ ။အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပ္ပယုတ္တံ ယေစွဲလို့၊ မခက်ခဲ ဖြေစရာ၊ နုတ္ထိချည်းပါ။ ။နည်းမောဃ သည်ပုစ္ဆာမှာ၊ သမ္မယုတ်ရခုံ ဟောဘူးရှင့်လေး။ ။

၉-နဝမနယချီး

နဝမမှာ နာမ်တချို့၊ ဟောရန်ဘို့ ပုံသေ။ ။ယေနှစ်တန် သမ္မယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စွဲ၊ မြဲလှမသွေ။ ။စယေစွဲ သူ့အနေမှာ၊ စိတ်သေသေ ခန္ဓာစုနှင့် ဓာတ် အာယတနဖွဲ့ခါ၊ ဖြေရိုးကျမ်းလာ။ ။နည်းနဝမ သူ့အချာကို၊ ယုန်ထင်ကာ ကြောင်မမှတ်ပါနှင့်၊ ရုပြတ်လို ကုန်ကုန်သိမ်းပါတော့၊ ကျိန်းသေ သဘော။ ။

၁၀-ဒသမနယချီး

ပ္ပေရှုပ်လိန် နည်းဆယ်ဝမှာ၊ ခက်စရာ့စုပုံ။ ။နည်း ဆဋ္ဌ ဟောရန်ပုဒ်ကိုတွဲ၊ ဟောထုတ်အကုန်။ ။ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံ ဝိပ္ပယုတ်စွဲလို့၊ စယေစွဲရရာမှာ၊ ဖြေမြဲ ဓမ္မတာ။ ။သည်နယ မှတ်စရာမှာ၊ ငယ်နိုင်ပါ ခေါင်းမြီးခြုံတည့်လေး။ ။

၁၁-ကောဒသမနယချီး

ကောဒသမ ဟောရန်ပုဒ်မှာ၊ စတုတ္ထနည်း တူလုံးစုံ။ ။ယေစွဲပါ ယက်ခါသဲ့၊ ရှိမ့ဲ့ချက်ကုန်။ ။ဆဋ္ဌနည်း ဖြေပုံမှာ၊ ချိန်အာရုံ ဉာဏ်သွင်းလို့၊ တရားမင်းမိန့်တော်မှာ၊ ဖြေရိုးကလာ။ ။ညှာတဝ သီးတရာကို၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။ ။

၁၂-ဒွါဒသမနယချီး

ဆဲ့နှစ်တန် သူ့မူလမှာ၊ နည်းနဝမ တူလုံးစုံ။ ။ယေစွဲပါ တူမလွတ်သည့် ချုတ်စွပ်သည့်ပုံ။ ။သန္ဓိဋ္ဌာန် မြဲကြည်ယုံသည်၊ ဖြေပုံမှာ ပဌမနှင့်၊ ယှင်းမခွဲ ထွေလာ၊ မိုးကြိုးပစ်စာ။ ။ခြေသိမ်းခေါင်းပိုက် သူ့အမှာမှာ၊ မှတ်ဘွယ်ရာ လွယ်လွန်းလှလေး။ ။

http://www.dhammadownload.com

၁၃-တေရသမနုယချီး

ပဌမ ဟောရန်ပုဒ်က၊ သြဋ္ဌာရှပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ်စွဲ ဗာဝီသ ဟော ကြရသည်။ ။ယေစွဲမှု သူ့စိတ်ရည်မှာ၊ နှည်းငါးမည် တူမခွလို့၊ ဆဋ္ဌနှည်း ဖြေသလို၊ ဟောရသကို။ ။တေရသမ သူ့အဆိုမှာ၊ လွယ်မလို ခက်လွန်းလှ လေး။ ။

၁၄-စုဒ္ဓသမနုယချီး

စုဒ္ဓသမ ဟောရန်နည်းမှာ၊ အဋ္ဌမနည်း တူလုံးစုံ။ ။ယေစွဲပါ တူမသွေး သည့်၊ မြှောမွေးသည့်ပုံ။ ။ဖြေရန်ဘို့ တွေ့ကြုံလျှင်၊ ပဌမပုံ စိတ်ဇောနှင့်၊ သဘောတော် သွေမလှန်၊ မြေလက်ခတ်မှန်။ ။သိန်းလေးသောင်း နက်စံကို၊ လက်ရှောဂ္ဂ ခွါလှစ်လို့၊ အနှစ်ကယ် မြေဆီကို၊ ပေးဌသလို။ ။စာသင်ပျိုနှ မျှားလူဗိုလ်ကို၊ နှစ်ဆီကို ကျွေးလိုက်ကဲ့လေး။ ။

http://www.dhammadownload.com

နိဂုံး

ထောင်ရာကျော် ရှစ်ဆယ်စေ့လို့၊ ငါးခုပြည့် သက္ကရာ။ ။လ အာသင်္ဆ ခတ္တာ ပင့်လို့၊ ဆန်းပုဏ္ဏာ နဝါသင့်၊ ကျားမင့်းရက်မှာ။ ။ ဆယ်ကိုးရှာ့ မဇ္ဈာမှာ၊ သည်ဘောက် ယဉ်ဆန်းလို့၊ တုတ်လှမ်း စိန်ဆွယ်ပျော်၊ သုံးလူ့ မျက်ဖျော်။ ။ ဘမိပူပစာလျော်သည်၊ နာမံတော် တွင်သီးနှင့်၊ တိုက်ကြီး ဝိဟာနေ၊ မျိုးမြတ် မဟေ။ ။ရွှေလမင်း ပုံမသွေသည်၊ ထက်ညာကြေ မည်ထူးနှင့်၊ နှစ်ဦးစုံ သာသနာ၊ ပွါခြိမ့်ခြိမ့်ညာ။ ။သူငယ်တို့ မှတ်ယွယ်သာအောင်၊ စာအိမ်မြောင် ညွှန်းလိုက်ကဲ့လေး။ ။

စာအိမ်မြောင် သူညွှန်းလို့၊ ထောင့်ယွန်းကွေ့ မလည်။ ။ဟုတ်တိုင်းမှန် ဓိပ္ပါယ်ရ၊ မျှား သိကြသည်။ ။သည်ကုသိုလ် ထူးလည်ကို၊ နိဗ္ဗာ||ပြည် ရွှေနန်းသို့၊ မင်္ဂလမ်းတော် မှန်မမှားရအောင်၊ ရောက်ရစေသား။။

ရတနာပူရ အင်းဝ ရွှေမြို့တော်၏ အနောက်တောင်ဘက် တာ (၄၀၀) ခန့် ကွာသော တုတ်လှမ်းစေတီတော်၏အနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူသော အရှင် စန္ဒမာလာ အမည်တော်သာလှသော တုတ်လှမ်းဆရာတော် ဘုရားကြီးသည် သက္ကရာဇ် (၁၁၇၅) ခု ဝါဆိုလဆန်း (၉) ရက် တနင်းလာနေ့ စပ်ဆို သီကုံးအပ်သည်။

ဓာတုကထာချီး ပြီး၏။

http://www.dhammadownload.com

၁၂-ခေတုကထာ တုတိယမြန်းချိုး အဖြေ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

၁-ပဌမနယချိုး အဖြေ

ပဌမ သူ့အသည်းမှာ၊ မှတ်ကွယ်နည်း မခက်ပါ။ ။မာတိကာ တထေဝ၊ ဟောကြလေရာ။ ။

ဂင်းအချိုးအရကား မာတိကာ၌ ခန္ဓာ အာယတန ဓာတ်ဘွဲ့သည့်အတိုင်း တိက်ကုန် ဒုက်ကုန်အောင် ဟောလေဟု ဆိုလိုသည်။

ပဌမနယချိုး အဖြေ ပြီး၏။

၂-ဒုတိယနယချိုးအဖြေ

ဒုတိယ သူ့အချာမှာ၊ ရူပ်ခန္ဓာ တချိန်နှင့်၊ စိတ်တချို့ ရလေရာ၊ ပုဒ်ဟောရပါ။ ။ရူပ်ယေစ္ဆဲ သူ့အမှာမှာ၊ **တူခန္ဓာ ဓာတ်အာကွဲလို့**၊ ရူပ်ထဲတွင် သူနှင့်သူ၊ မြဲမုချယူ။ ။ **ဓာတ်သာကွဲလို့**၊ **အကြွင်းတူ**၊ **စိတ်ယေစ္ဆဲမူ** **စိတ်ချင်းသာတည့်လေး**။ ။

အဓိပ္ပါယ်ကား—ဤဒုတိယနည်း၌ ဟောအပ်သောပုဒ်သည် အဘွဲ့ဆန္ဒရမာတိကာ ဗာဟိရမာတိကာ၌ ရူပ်ကိုရသောပုဒ် စိတ်ကိုရသောပုဒ်တို့ကိုသာ ဟောအပ်သည်။ စေတသိက်ရသောပုဒ် နိဗ္ဗာန်ရသောပုဒ်တို့ကို မဟောအပ်။ ရူပ်နှင့် စိတ်ကိုပင် ဟောပြောသော်လည်း ရူပကွန္ဓာစသော ရူပ်အကုန်ရသောပုဒ် ဝိညာဏကွန္ဓာ မနာယတန မနိန္ဒြေ စိတ္တာဓမ္မာ စသော စိတ်အကုန်ရသော ပုဒ်တို့ကို မဟော။

စက္ခာယတန စက္ခုဓာတ် စက္ခုန္ဒြေ အသညာဘဝ သပ္ပဋိဃာ ဓမ္မာစသော ရူပ်ထဲက တပါး နှစ်ပါးစသော အစိတ်စိတ်သာ ရသောပုဒ် စက္ခုဝိညာဏဓာတ် စသော စိတ်ထဲက တပါး နှစ်ပါး သုံးပါးစသော စိတ်တချို့သာရသောပုဒ်တို့ကိုသာ ဤဒုတိယနယ၌ ဟောအပ်၏။

http://www.dhammadownload.com

ထို့ကြောင့်—

ဒုတိယသူ့အချာမှာ၊ ရူပ်ခန္ဓာ တချို့နှင့်၊ စိတ်တချို့ ရလေရာ၊ ပုဒ်ဟောရပါ....ဟု ဟောပုဒ်ကို ပြတော်မူ၏။

ယေစဲ့ တေစ့ဲသောအခါ၌-ရူပ်ကနေ၍ ယေစ့ဲလျှင် ရူပ်ထဲတွင်သာ ရှာ၍ စ့ဲတတ်သော ကတ္တားပုဒ်နှင့် စ့ဲအပ်သော ကံပုဒ်အရ တရားနှစ်ပါး ခန္ဓာတူ၍ အာယတန ဓာတ်ကဲ့အောင်စ့ဲ၊ စေတသိက်၌ မစ့ဲအပ်။

စိတ်ကနေ၍ ယေစ့ဲလျှင် စိတ်ထဲတွင်သာရှာ၍ စ့ဲတတ်သောကတ္တားပုဒ်နှင့် စ့ဲအပ်သောကံပုဒ်အရ တရားနှစ်ပါး ခန္ဓာ အာယတန တူစေ၍ ဓာတ်ကဲ့အောင်စ့ဲ၊ ရူပ် စေတသိက်ကို မစ့ဲအပ်။

ထို့ကြောင့်—

ရူပ်ယေစ့ဲ သူ့အမှာမှာ၊ တူခန္ဓာ ဓာတ်အာကဲ့လို့၊ ရူပ်ထဲတွင် သူနှင့်သူ၊ မြဲမှုချယူ။ ။ဓာတ်သာကဲ့လို့ အကြွင်းတူ၊ စိတ်ယေစ့ဲမူ စိတ်ချင်းသာတည့်လေး....ဟု ယေစ့ဲ တေစ့ဲကို ပြတော်မူသည်။

ဘူခန္ဓာမာတ်အာကဲ့လို့၌ ခန္ဓာတူ၊ အာယတန ဓာတ်ကဲ့ဆိုလိုသည်။

ဓာတ်သာကဲ့၍ အကြွင်းတူ၌ ဓာတ်သာကဲ့၍ ကြွင်းသောခန္ဓာ အာယတန တူစေ ဆိုလိုသည်။

ရူပ်ယေစ့ဲသူ့အမှာမှာ၊ တူခန္ဓာ ဓာတ်အာကဲ့လို့၊ ရူပ်ထဲတွင် သူနှင့်သူ မြဲမှုချယူ....ဟူသောစကားဖြင့် ရူပ်က ယေစ့ဲအပ်သော တရားကို ပြတော်မူ၏။

ဓာတ်သာကဲ့လို့ အကြွင်းတူ၊ စိတ်ယေစ့ဲမူ စိတ်ချင်းသာတည့်လေး....ဟူသော စကားဖြင့် စိတ်က ယေစ့ဲအပ်သောတရားကို ပြတော်မူ၏။

ဒုတိယနယ၌ သင်ဟိတေန အသင်ဟိတံ ဟူသောပုဒ်၌ "သင်ဟိတေန အသင်ဟိတံ အသင်ဟိတံ" ဟု ဆိုလျက် အသင်ဟိတံ ဘပုဒ်ကို ချေ၍ "သင်ဟိတေန အသင်ဟိတံ" ဟု ဟောတော်မူလေသည်။

သင်ဟိတေနဟူသော ပဌမပုဒ်ဖြင့် စ့ဲတတ်သောကတ္တားပုဒ်အရ တရားနှင့် စ့ဲအပ်သောကံပုဒ်အရ တရားနှစ်ပါး ခန္ဓာတူသည်၏အဖြစ်, ခန္ဓာ အာယတန တူသည်၏အဖြစ်ကို ပြအပ်၏။

အသင်ဟိတံ ဟူသော ဒုတိယပုဒ်ဖြင့် စ့ဲတတ်သော ကတ္တားပုဒ်အရ တရားနှင့် စ့ဲအပ်သော ကံပုဒ်အရ တရားနှစ်ပါး အာယတန ဓာတ်ကဲ့သည်၏ အဖြစ်ကို ပြအပ်၏။

http://www.dhammadownload.com

ကျေလေသော အသင်္ခရိတံ ဟူသော တတိယပုဒ်ဖြင့် ယေဒွေ တေဒွေ၍ ရအပ်သော တရားတို့၌ ခန္ဓာ အာယတန ဓာတ် မရေတွက်အပ်သည်၏ အဖြစ်ကို ပြအပ်၏။

တနည်းကား—ကျေလေသော အသင်္ခရိတံ ဟူသော ပုဒ်ဖြင့် ယေဒွေ တေဒွေ၍ ရအပ်သော်တရား၌ ပုဗ္ဗာ ဝိသဇ္ဇနာကို ဆိုအပ်၏။

ဥဒါန်းဂါထာကို နှုတ်တက်ရအောင် ဆောင်၍ ဥဒါန်းဂါထာတွင် ပါသော တရားအတိုင်းသာ စစ်၍ ဟောလေ။

စက္ခာယတန စက္ခုဝိညာဏာဓာတ်တို့က ယေဒွေ တေဒွေပုံကို ဆိုခဲ့ပြီးသော အဓိပ္ပါယ်နှင့် တိုက်၍ပြောလေ။

ဒုတိယနယချိုး အဖြေ ပြီး၏။

၃-တတိယနယချိုး အဖြေ

ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ်ထွေလာ။ ။
ဓာတ်, အာတူ၊ခန္ဓာပြားသည့်၊ဝေဒနာ သညာမျှားနှင့်၊ သင်္ခါရတရား
သုခုမာ။ ။နိဗ္ဗာန်ပါ သူဘို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊
စွဲရင်းသေမျှာ။ ။နည်းတတိယ သူ့အလာကို၊ သပိတ်ခါ အိတ်ခါ
ကုန်ကုန်ဖွင့်လို့၊ ကရားနှင့် မှောက်သလို၊ ဟောလိုက်သကို။ ။
ဖုံးအုပ်ကယ် ထဲမသိုသည်၊ သမားညို ကျိန်းသေတည့်လေး။ ။

အဓိပ္ပါယ်ကား—တတိယနယ၌ ဟောအပ်သောပုဒ်သည် အဘိဓမ္မာရမာတိကာ ဗာဟိရမာတိကာ၌ ဓမ္မာယတန ဓမ္မဓာတ်ထိုက်သော ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ စသော ဓမ္မာယတန အစိတ်အစိုက် အချို့သာ ရသောပုဒ်, ဟေတု ဓမ္မာ စသော ဓမ္မာယတန အချို့ရသောပုဒ်တို့ကို သာ ဟောအပ်၏။

ဓမ္မာယတန ထိုက်သော အလုံးစုံသော စေတသိက် သုခုမရူပ်တို့ကို တပေါင်းတည်း "ဓမ္မာယတနေန ယေ ဓမ္မာ" စသည်ဖြင့် မဟောအပ်။

ထို့ကြောင့် ဓမ္မာယတန ထိုက်သော အချို့သာဖြစ်သော ပုဒ်တို့ကို ပြလိုရ—
ဓမ္မာယတန ချို့တဝက်ကိုမှ၊ ဟောချက်ကယ် ထွေလာ—
ဟု ဆိုတော်မူလေသည်။

ယေဒွေ ထေဒွေသောအခါ၌ ဓမ္မာယတနထိုက်သော ဝေဒနာ, သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန် တရားငါးပါးတို့၌သာ စွဲအပ်၏။

http://www.dhammadownload.com

ထို ၅-ပါးတို့တွင်လည်း ဝေဒနာ ဟောပုဒ်ဖြစ်၍ စွဲတတ်သော ကတ္တားအရက နေအံ့ ကြွင်းသော သညာ, သင်္ခါရ, သုခုမရူပ်, နိဗ္ဗာန်၌၊

သညာ ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ, သင်္ခါရ, သုခုမရူပ် နိဗ္ဗာန်၌၊

သင်္ခါရဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ သညာ သုခုမရူပ် နိဗ္ဗာန်၌၊

သုခုမရူပ် ဟောပုဒ်ဖြစ်အံ့ ကြွင်းသော ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်၌၊

နိဗ္ဗာန်ကနေ၍ ယေစွဲအံ့ ကြွင်းသော ဝေဒနာ သညာ သင်္ခါရ သုခုမရူပ်၌၊

စေတသိက်ကနေ၍ ယေစွဲအံ့ ကြွင်းသော သုခုမရူပ် နိဗ္ဗာန်၌၊

သင်္ခါရ သုခုမရူပ်ကနေ၍ ယေစွဲအံ့ ကြွင်းသော ဝေဒနာ သညာ နိဗ္ဗာန်၌၊

ခန္ဓာမတူ အာယတနတူ ဓာတ်တူ ဖြစ်အောင် အချင်းချင်း ဖလယ် သွတ်သွင်း၍ စွဲအပ်ကုန်၏။

'ထို့ကြောင့်—

ဓာတ်အာတူ ခန္ဓာပြားသည်၊ ဝေဒနာ သညာမျှားနှင့်၊ သင်္ခါရ တရား သုခုမာ။ ။နိဗ္ဗာန်ပါ သူတို့ချင်းပ၊ လှည့်လည်ကာ ပြန်လှန်သွင်း၊ စွဲရင်းသေချာ—

ဟု ယေစွဲအပ်သည်၏အဖြစ်ကို ပြတော်မူ၏။

ဓာတ် အာတူ ခန္ဓာပြားသည်၌ ခန္ဓာပြား၍ အာယတနတူ ဓာတ်တူ ဆိုလိုသည်၊ ဝါစာသိလိဋ္ဌ ဖြစ်အောင်သာ ဓာတ်, အာတူ ခန္ဓာပြားသည်ဟု ဆိုလေသည်။

ဤ တတိယနည်း၌လည်း "အသင်္ခါတေန သင်္ခါတံ သင်္ခါတံ" ဟု ဆိုလို လျက် "သင်္ခါတံ" တပုဒ်ကိုချေ၍ "အသင်္ခါတေန သင်္ခါတံ" ဟု ဆိုလေသည်။

အသင်္ခါတေန ဟူသော ပဌမပုဒ်ဖြင့် ကတ္တားအရ တရားနှင့် ကံအရတရား ခန္ဓာမတူကြသည်၏ အဖြစ်ကို ပြအပ်၏။

သင်္ခါတံ ဟူသော ဒုတိယပုဒ်ဖြင့် ကတ္တားအရ ကရားနှင့် ကံအရ တရား အာယတန ဓာတ် တူကြသည်၏ အဖြစ်ကို ပြအပ်၏။

ကျေလေသော သင်္ခါတံဟူသော တတိယပုဒ်ဖြင့် ယေစွဲ တေစွဲ၍ ရအပ်သောတရား၌ ရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကို ပုစ္ဆာ ဝိသဇ္ဇနာ ပြုအပ်၏။

ဤ၌လည်း ဥဒါန်းဂါထာအတိုင်း စစ်၍ ဟောလေ။ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သမုဒယသစ္စာ, နိရောဓသစ္စာ, ဣတ္ထိန္ဒြေ,ဇီဝိတိန္ဒြေ,ဈာနမဂ္ဂ, စေတသိကမ္မ ဗသော ပုဒ်တို့က ယေစွဲပုံ တေစွဲပုံကို ဆိုခဲ့ပြီးသော အဓိပ္ပါယ်နှင့် တိုက်၍ ပြောလေ။

တတိယနယချီး အဖြေ ပြီး၏။

http://www.dhammadownload.com

၄-စတုတ္ထနယချီး အဖြေ

သဘော်ဘပါ အိမ်မြောင် ပြလိုက်မည်၊ မြမှတ်ကြသေချေ။ ။ ဝေဒနာ သခ်ါရနှင့်၊ သုခုမသဒ္ဒါ တစိတ်ရဏ။ ။သည်နှယ်ပုဒ်ကိုမှ ဟောထုတ်ရပါ။ ။ယေနှစ်ဖြာ ယဉ်ဆန်းလို့၊ စွဲလမ်းမှာ သူနှင့်သူ၊ သုံးပါးလုံးတူ။ ။သွတ်လှယ်လဲလို့၊ စွဲရင်းယူ၊ စ ယေတူ ဖြေရှိုးမို့၊ နည်းလေးမျိုး သူ့အကြံ၊ ပွဲခြိမ့်ခြိမ့်ခံ။ ။အိမ်မြောင်ပြ မသွေ လှန်သည်၊ မြဲကေန် မှန်လွန်းလှလေး။ ။

အဓိပ္ပါယ်ကား—ဤ စတုတ္ထနယ၌ ဟောအပ်သော ပုဒ်တို့သည် **အဗ္ဗန္ဓရ**မာတိကာ ဗာဟိရမာတိကာ၌ တစိတ်သာ ဖြစ်သော **ဝေဒနာ, သခ်ါရ, သုခုမရူပ်, သဒ္ဒတို့**တည်း။

အဘယ်သို့ တစိတ် ဖြစ်သနည်း။

ဝေဒနာစေတသိက် တခုတည်းဖြစ်လျက် အနုဘဝန ဣန္ဒြိယဘေဒတို့၏ အစွမ်းဖြင့် **သုခ**ဖြင့်, **ဒုက္ခ**ဖြင့်, **သောမနဿ**ဖြင့်, **ဒေါမနဿ**ဖြင့်, **ဥပေက္ခာ**ဖြင့် ဟု တစိတ်တစိတ် ဖြစ်ကုန်၏။

သခ်ါရသည်လည်း **သမုဒယသစ္စာ, မဂ္ဂသစ္စာ, သတိ**ဖြင့်, **အဝိဇ္ဇာ, သခ်ါရ**, ဟေတု အစရှိသည်တို့၏ အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်ကုန်၏။

သုခုမရူပ်သည်လည်း ဣတ္ထိဖြင့် စသည်တို့၏ အစွမ်းဖြင့် တစိတ်တစိတ် ဖြစ်ကုန်၏။

သဒ္ဒသည်လည်း ဒေါသမူဒ္ဒေကြောင့်ဖြစ်သော **ဝိပလ္လာသစိတ္တ**ဇ ပရိဒေဝ **သဒ္ဒ,**

ဒေါသမူဒ္ဒေ, အရူပဝိပါက်လေးခု, ဒ္ဝေပဉ္စဝိညာဉ် တဆယ်, ရဟန္တာတို့ စုတိ စိတ်ကြဉ်သော ၇၃-ခုသော စိတ်တို့ကြောင့်ဖြစ်သော **စိတ္တ**ဇ**သဒ္ဒ,**

မိုးသံ ဝမ်းရွတ်သံ စသော ဥတုကြောင့်ဖြစ်သော **ဥတု**ဇ**သဒ္ဒ**တို့**၏**အစွမ်းဖြင့် **တ**စိတ်တစိတ် ဖြစ်ကုန်၏။

ထိုသို့ တစိတ်တစိတ်ဖြစ်သော ပုဒ်တို့ကိုသာ ဟောအပ်၏။

အလုံးစုံသော ဝေဒနာကွန္ဓာ, သုခုမရူပ် သောဌသ, စေတသိက်ဒွေပညာသ, သဒ္ဒါယတန, သဒ္ဒဓာတ်တို့ကို မဟောအပ်။

ထို့ကြောင့်—

ဝေဒနာ သခ်ါရနှင့်၊ **သုခုမ**သဒ္ဒါ၊ **တ**စိတ်ရဏ။ ။သည်နှယ်ပုဒ်ကိုမှ ဟောထုတ်ရပါ....ဟု ဟောပုဒ်ကို ပြတော်မူ၏။

http://www.dhammadownload.com

၄-စတုတ္ထနယချိုး အဖြေ ၃၂၅

ထို ဟောပုဒ်သည် အကျဉ်းဖြစ်လျက် အကျယ်ကို မြင်လွယ်၍ သဘော်ဌ ပါသော အိမ်မြှောင်သဘွယ် ဖြစ်လေရကား—

သဘော်ဌပါ အိမ်မြှောင်ပြလိုက်မည်၊မြဲမှတ်ကြသေချာ ဟု ဥပမာစကားဖြင့် ပြတော်မူ၏။

ယေစ ကေ တေ စသော အခါ၌ ပဌမယေကို ခန္ဓာ အာယတန ဓာတ်သုံးပါး တူအောင် တစိတ်တခုသာဖြစ်သော ဝေဒနာ,သခ်ါရ,သုခုမရူပ်,သဒ္ဒ က ယေစအံ့၊ ကြွင်းအစိတ်ဖြစ်သော ဝေဒနာ, သခ်ါရ, သုခုမရူပ်, သဒ္ဒတို့ကို စဉ်တတ်သော ကတ္တားတရားနှင့် စဉ်အပ်သော ကံပုဒ်အရ တရားသည် ဝေဒနာ ဝေဒနာချင်း၊ သခ်ါရ သခ်ါရချင်း၊ သုခုမရူပ် သုခုမရူပ်ချင်း၊ သဒ္ဒ သဒ္ဒချင်းဖြစ်၍ ခန္ဓာတူ အာယတနတူ ဓာတ်တူ ဖြစ်၏။

ဒုတိယယေကိုကား ပဌမယေစဉ်၍ ရအပ်သော ကံပုဒ်အရ တရားကို ကတ္တား ပြု၍ စဉ်တတ်သောတရားကို ထား၍ ပဌမကတ္တားအရ တရားကို စဉ်အပ်သော ကံပုဒ် ပြု၍ စဉ်ရင်းဖြစ်သော ကတ္တား၏ အရဖြစ်သော တရားကို လည်၍ ပြန်လှန် စဉ်အပ်၏။

စဉ်ဟန်ကား—

သမုဒယသစ္စာကို စဉ်တတ်သော ကတ္တားပုဒ်ထား၍ သမုဒယသစ္စာမှ တပါး သော သခ်ါရကွန္ဓာ ၄၉-ခုကို စဉ်အပ်သော ကံပုဒ်ကထား၍ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူအောင် ပဌမယေစဉ်ပြီးလျှင် သခ်ါရကွန္ဓာ ၄၉-ခုကို ဇဖန် ကတ္တားပြု၍ ဒုတိယယေကို စဉ်ရင်းဖြစ်သော သမုဒယသစ္စာသို့ လည်၍ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူအောင် စဉ်ပြန်ရာ၏။

ဖြေသောအခါ၌ စ ယေအတိုင်း ရေတွက်သော ခန္ဓာ အာယတန ဓာတ်ကို ရေတွက်အပ်သောအတိုင်း ဖြေ။

ထို့ကြောင့်—

> ယေနှစ်ဖြာ ယဉ်ဆန်းလို့၊ စဉ်လမ်းမှာ သူနှင့်သူ၊ သုံးပါးလုံးတူ၊ သွတ်လှယ်လဲလို့၊ စဉ်ရင်းယူ၊ စ ယေတူ ဖြေရိုးမို့—ဟု ယေနှစ်ဖြာ စဉ်အပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

စဉ်လမ်းမှာ သူနှင့်သူ ဟူသောစကား၌ တစိတ်ဖြစ်သော ဝေဒနာ ဝေဒနာချင်း၊ သခ်ါရ သခ်ါရချင်း၊ သုခုမရူပ် သုခုမရူပ်ချင်း၊ သဒ္ဒ သဒ္ဒချင်း၊ အချင်းချင်းသာ ယေစဉ်အပ်သည် ဟူလိုသည်။

သုံးပါးလုံးတူ ဟူရာ၌ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံးတူ ဟူလိုသည်။

http://www.dhammadownload.com

သွတ်လုယ်ထဲလို့၊ စွဲရင်းယူ၍ ပဌမယေဘုံသော ကံပုဒ်အရ တရားကို ကတ္တားအတ္တင်းသို့ လွတ်ပြန် သွင်းပြန် ထားပြန်၍ စွဲရင်းဖြစ်သော တရားကိုပင် ဒုတိယ-ယေဘုံအရ ထားလိုသည်။

စ ယေတူ ဖြေရှိုးမို့ ဟူသောစကား၌ ဤ စတုတ္ထနယ၌လည်း ကျေလေသော "သင်္ဂီတိ" ဟူသောပုဒ်ဖြင့် ပုစ္ဆာပြုသောအခါ ဝိသဇ္ဇနာကို အစစ်ခံ့သောယေ၌ "သင်္ဂီတိ" အတိုင်းဖြေ ဟူလိုသည်။

ဤ နယ၌လည်း "သင်္ဂီတေန သင်္ဂီတိ သင်္ဂီတိ" ဟု ဆိုလိုလျက် "သင်္ဂီတိ" တပုဒ်ကိုချ၍ "သင်္ဂီတေန သင်္ဂီတိ" ဟု ဆိုလေသည်။

ပဌမ သင်္ဂီတေန ဟူသောပုဒ်ဖြင့် ပဌမယေ၌ စွဲတတ်သောတရားနှင့် စွဲအပ်သောတရားတို့၏ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသည်၏ အဖြစ်ကို ပြအပ်၏။

သင်္ဂီတိ ဟူသော ဒုတိယပုဒ်ဖြင့် ဒုတိယယေ၌ စွဲတတ်သော ကရား စွဲအပ်သောတရားတို့၏ ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသည်၏အဖြစ်ကို ပြအပ်၏။

ကျေလေသော သင်္ဂီတိ ဟူသောပုဒ်ဖြင့် ဒုတိယယေအရဖြစ်သောတရား၌ "တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂ-ဟိတာ" အစရှိသည်ဖြင့် ပုစ္ဆာ ဝိသဇ္ဇနာကို ထုတ်အပ်၏။

ဥဒါန်းဂါထာကို အရဆောင်၍ ၎င်းဂါထာအတိုင်း စစ်၍ ဟောလေ။

စတုတ္ထနယချီး အဖြေ ပြီး၏။

၅-ပဌမနယချီး အဖြေ

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ၊ ။စ်ိတ်
သုခုမာ ဆံ့မနှောသည့်၊ ပုဒ်ဟောရပါ။ ။သုံးပါးလုံး မတူရာကို၊
ယေနှစ်ဖြာ ဖွေရှာစွဲလို့၊ မခက်ခဲ ဖြေစရာ၊ စ ယေ အလာ။ ။
နည်း ပဌမ သူ့အချာကို၊ နိဿသာ ညွှန်းလိုက်ကဲ့လေး။

အဓိပ္ပါယ်ကား— ဤ ပဌမနယ၌ ဟောအပ်သော ပုဒ်သည်ကား အဘိဓမ္မာ ရမာတိကာ ဗာဟိရမာတိကာတည်း၊ ၎င်းတို့၌ ခန္ဓာတပါးသာ ရသောပုဒ်၊ ခန္ဓာ နှစ်ပါးသာ ရသောပုဒ်၊ ခန္ဓာသုံးပါးသာ ရသောပုဒ်- ခန္ဓာလေးပါးသာ ရသော ပုဒ်တို့တည်း။

ဒုက္ခသစ္စာ, ကာမဘဝ, အဗျာကတစသော ခန္ဓာငါးပါးလုံးရသောပုဒ်တို့ကို မဟောအပ်။

http://www.dhammadownload.com

ထို့ကြောင့်—

ငါးခန္ဓာ စုံမထွေးလို့၊ တစ် နှစ် သုံး လေး ရကြရာ။ ။စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ—ဟု ဟောပုဒ်ကိုပြတော်မူ၏။

စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ ဟူသော စကားဌ် ယေစ္ဆဲ တေစ္ဆဲ သောအခါ ယေနှစ်ပါးလုံး၏ အရဖြစ်သောတရားဌ် စိတ်နှင့် သုခုမရူပ်တို့လို့ မနေ၊ စိတ်နှင့် သုခုမရူပ် မဆက်ဆံ၊ စိတ်က ကတ္တားနေလျှင် သုခုမရူပ်က ကံနေ၏၊ သုခုမရူပ်က ကတ္တားနေလျှင် စိတ်က ကံနေ၏။ တပေါင်းတည်း မဖြစ်နိုင်။

ထိုသို့ တပေါင်းတည်း မဖြစ်နိုင်၍ စာသင်သားတို့အား ယေစ္ဆဲ တေစ္ဆဲ ရဲရဲ ဥာဏ်ပိုင်စေခြင်းငှါ **စိတ်သုခုမာ ဆံမနှောသည့်၊ ပုဒ်ဟောရပါ** ဟူသောစကားကို ဆိုတော်မူပြန်လေသတည်း။

ရူပကွန္ဓာကနေ၍ ယေစ္ဆဲလျှင် ဝိညာဏကွန္ဓာကိုစွဲ၊ သို့မှသာလျှင် စွဲတတ်သော တရားမျှားနှင့် စွဲအပ်သောတရား ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူမည်။

ဝေဒနာ သညာ သင်္ခါရတို့ကိုစွဲလျှင် သုခုမရူပ်နှင့် ခန္ဓာ မညီသော်လည်း ဓမ္မာယတန ဓမ္မဓာတ်ဌ် ညီကုန်၏။

ရူပကွန္ဓာကား စွဲတတ်သော ကတ္တားပုဒ်တည်း၊ ဝိညာဏကွန္ဓာကား စွဲအပ်သော ကံပုဒ်တည်း။

ဒုတိယ ယေစ္ဆဲသောအခါဌ် တဖန် ကံပုဒ်ဖြစ်သော ဝိညာဏကွန္ဓာကို ကတ္တားထားပြန်၍ ထိုဝိညာဏကွန္ဓာနှင့် ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံးမတူအောင် အလုံးစုံသော ရူပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကို ပြန်၍။

ထို ဒုတိယ ယေ အရ ရူပ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကို အဘယ်ခန္ဓာ အဘယ်အာယတန အဘယ်ဓာတ်တို့ဖြင့် မရေတွက်အပ်သနည်းဟု ပုစ္ဆာပြု။

ဝိသဇ္ဇနာပြုသောအခါဌ် ဒုတိယ ယေစ္ဆဲသောအခါ စွဲတတ်သော ကတ္တားပုဒ်၊ ပဌမ ယေစ္ဆဲသောအခါ ပဌမ ယေအရ စွဲအပ်သော ကံပုဒ်အရ တရားတို့ဌ် အကျုံးဝင်သော ခန္ဓာ အာယတန ဓာတ်ဖွဲ့သောအတိုင်း ဖြေ။

ပဋ္ဌမနယဌ် ဒုတိယယေစ္ဆဲပြန်သောအခါ စွဲရင်းတရားကိုဌင်း၊ စွဲရင်းမှ တပါးသော တရားကိုဌင်း ပြန်ကုန်သည်။

စတုတ္ထနယဌ်မူကား စွဲရင်းတွင်သာ ဒုတိယယေကို ပြန်လေသည်။

ရူပ်ဌ် ဩဠာရိကရူပ် သုခုမရူပ်ကိုဌင်း စိတ် ဝေဒနာ သညာ သင်္ခါရ နိဗ္ဗာန်ကိုဌင်း ထိုတရားတို့ဌ် ခန္ဓာ အာယတန ဓာတ် မညီအောင် နှလုံးထားရ၍စွဲလေ။

၃-ပါးလုံး မတူရာကို၊ ယေနှစ်ဖြာ ဖွေရှာစွဲလို့ ဟူသောစကားဌ် ပဌမ ယေစ္ဆဲသောအခါဌ်လည်း ကတ္တားနှင့် ကံပုဒ်အရတရား ခန္ဓာ အာယတန ဓာတ်

http://www.dhammadownload.com

၃-ပါးလုံး မတူအောင်၊ ဒုတိယ ယေစ့ဲသောအခါ၌လည်း ၎င်းနည်း ၃-ပါးလုံး မတူအောင်စ့ဲ ဟူလိုသည်။

မဒက်ခဲ ဖြေစရာ ၈ ယေ အလဲ ဟူသောစကား၌ ဒုတိယ ယေအရတရား၌ အသင်္ခါတနယဖြစ်၍ မရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ်တို့ကို ပုစ္ဆာပြုသောအခါ ပဌမ ယေအရတရား၌ အကျုံးဝင်သော ခန္ဓာ အာယတန ဓာတ် ရှိသောဏတိုင်းဖြေ ဟူလိုသည်။

ဤ နယ၌လည်း **အသင်္ခါတ** တပုဒ်ကျေသည်၊ ပဌမ ယေစ့ဲသောအခါ စ့ဲတတ် စ့ဲအပ်သောတရား ၂-ပါး၊ ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူသည် **၏အ**ဖြစ်ကို ပြအပ်၏။

ဒုတိယ အသင်္ခါတံ ဟူသောပုဒ်ဖြင့် ဒုတိယ ယေစ့ဲသောအခါ ကံ ကတ္တားတရား ၂-ပါးသည် ခန္ဓာ အာယတန ဓာတ် ၃-ပါးလုံး မတူသည်၏ အဖြစ်ကို ပြအပ်၏။

ကျေလေသော အသင်္ခါတံ ဟူသောပုဒ်ဖြင့် ဒုတိယ ယေအရ တရား၌ ပုစ္ဆာ ဝိသဇ္ဇနာ ပြုအပ်၏။

ပဌမနယချိုး အဖြေ ပြီး၏။

၆-ဆဋ္ဌနယချိုး အဖြေ

ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ။ ။ရူပ် နိဗ္ဗာန် နာမ်ပင် ရောသော်လည်း၊ ဝိပွယောရရာ။ ။ဖြစ်ချုပ်ကယ် တူစ္စာသည်၊ အာရုံပါ မှီရာမျှလို့ ၊ ဇာတ် ကာလ ဘုံသန္ဌာန်၊ တူ ၄-ပါးနာမ်။ ။သမ္မယုတ်ကယ် မြဲကေန်သည်၊ မုချမှန် တော်လွန်းလှလေး။

ရူပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပွယော ကေန်ယူ။ ။နာမ်ခန္ဓာ တူကတဲ့ကို၊ ဘုံ သန္ဌာန် ကာလကဲ့လို့ ၊ ဇာတိလဲ မပြိုင်မူ။ ။ မှီအာရုံ တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။သည်နာမ်စုမှာ ဝိပွယုတ်ယူ၊ ရူပ်ချင်းထို့တူ နိဗ္ဗာနနှင့်၊ ရူပကွန္ဓ သဘာဝါ။ ။ဝေဒနာ ဝေဒနာချင်းနှင့်၊ သူ့ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ။ ။ သခ်ါရမှာ သနှင့်သာ၊ သဘောနှစ်ပြာ ဆံမနှောသည့်၊ သမ္မယောဂ ကေဟိစံမှာ၊ စေတသိခံ ရသမျှကိုသော်။ ။ဝိပွယောဂ ကေဟိစံ မှာ၊ ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊

http://www.dhammadownload.com

စေတသိက်ကိုယူ။ ။နာမ်ရသည့် ပုဒ်ကမူ၊ ဓမ္မဓာတ်တူ ရူပ် နိဗ္ဗာန် တည့်လေး။

ဤ ဆဋ္ဌနယ၌ ခက်ခဲနက်နဲသော အဓိပ္ပါယ်ကို သိလွယ်စေခြင်းငှါ မှတ်ပုံကို ရေးလိုက်အုံ—

၁။ **ရူပ်နှင့် နိဗ္ဗာန်**သည် သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၂။ **ရူပ် ရူပ်ချင်း** သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၃။ **ဝေဒနာ ဝေဒနာချင်း** သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၄။ **သညာ သညာချင်း** သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၅။ **သင်္ခါရ သင်္ခါရချင်း** သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

၆။ **ဝိညာဏ် ဝိညာဏ်ချင်း** သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်။

ရူပ်နှင့် နိဗ္ဗာန်၊ ရူပ် ရူပ်ချင်း၊ ဝေဒနာ ဝေဒနာချင်း၊ သညာ သညာချင်း၊ သင်္ခါရ သင်္ခါရချင်း၊ ဝိညာဏ် ဝိညာဏ်ချင်း ၂-ပါးလုံး **မဟုတ်** ဆိုသည်မှာ **အဘယ်ကြောင့်**နည်း ဟူမူကား—

သတ္တဝါတို့သည် **သမ္မယုတ် ဝိပ္ပယုတ်**အဖြစ်ဖြင့် ထိုတရားတို့၌ **သမ္မယုတ်**လော **ဝိပ္ပယုတ်**လောဟု ယုံမှားခြင်း ပသင်္ဂ မရှိကြ၍ ရှင်တော်ဘုရားလည်း **သမ္မယုတ် ဝိပ္ပယုတ်**အဖြစ်ဖြင့် ဟောတော်မမူ။

တနည်းကား—သဘာဝတရားသည် **လောကသဘာဝ, ဓမ္မသဘာဝ** ၂-မျိုး ရှိသည်။

ထို ၂-မျိုးတို့တွင် လောကသည် လောကသဘာဝအားဖြင့် **မယှဉ်**ကောင်း ရှိသည်။

ဥပမာကား—**မိမိ**ကိုယ်ကို **မိမိ**နှင့် **တူ**သည် **မတူ**သည်ဟူ၍ **မဆိုထိုက်**၊ **သူ**တပါးနှင့်**သာ** **တူ**သည် **မတူ**သည် ဆိုရသကဲ့သို့တည်း။

ဓမ္မသဘာဝမှာလည်း ရူပ်တရားတို့တွင် **ပထဝီဓာတ်တခု**သည် **ပထဝီဓာတ်- တခု**နှင့် **ယှဉ်**သည်ဟူ၍ရင်း **မယှဉ်**သည်ဟူ၍ရင်း **မဆိုထိုက်**။

http://www.dhammadownload.com

ထိုအတူ နာမ်တရားတို့တွင်လည်း **ဝေဒနာစေတသိက်၏** သဘာဝမမှီသည် **ဝေဒနာစေတသိက်** သဘာဝမမှီတခုနှင့် ယှဉ်သည်ဟူ၍ဝင်း မယှဉ်သည်ဟူ၍ဝင်း မဆိုထိုက်၊

ထိုကြောင့် သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်ဟု ဆိုသတည်း။

ဘုရားတို့မည်သည် သတ္တဝါတို့ ပသင်္ဂ ယုံမှားရှိသော အရာ၌သာ ဟောတော်မူသည်၊ မရှိသော အရာ၌ ဟောတော်မမူ။

သခ်ါရ သခ်ါရချင်း သမ္မယုတ်လည်း မဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ်ဟု ဆိုခဲ့သောအရာ၌—

မိမိနှင့် တကွ ဖြစ်ဘော်ဖြစ်ဘက် ရရသမျှသော သခ်ါရကွန္ဓာမှတပါးသော ဖြစ်ဘော်ဖြစ်ဘက် မဟုတ်သော ကြွင်းသခ်ါရနှင့်သာ သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်ဟု ဆိုသည်။

မိမိနှင့် တကွ ဖြစ်ဘော်ဖြစ်ဘက် သခ်ါရကား သမ္မယုတ်ဖြစ်၏။

တနည်းကား—သခ်ါရကွန္ဓာ ၅၀-သည် သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံးမဟုတ်၊ သခ်ါရကွန္ဓာ ၅၀-တို့တွင် ဖဿ ဖဿချင်း၊ စေတနာ စေတနာချင်း။ပ။ ပညာ-ပညာချင်း သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံးမဟုတ်။

ဖဿနှင့် စေတနာ၊ ဖဿနှင့် ဧကဂ္ဂတာ၊ ဖဿနှင့် ဇီဝိတိန္ဒြေ၊ ဖဿနှင့် ပညာတို့မှာ သမ္မယုတ်အရာလည်းရှိ၏၊ သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံးဟုတ်သော အရာလည်း ရှိ၏။

ဝိညာဉ် ဝိညာဉ်ချင်း သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်ဟု ဆိုခဲ့သော အရာ၌—

စက္ခုဝိညာဉ်ချင်း။ပ။ မနောဝိညာဉ်ချင်း သမ္မယုတ် ဝိပ္ပယုတ် ၂-ပါးလုံး မဟုတ်။

စက္ခုဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ်၊ သောတဝိညာဉ်နှင့် ကြွင်းသော ဆဝိညာဉ်။ပ။ မနောဝိညာဏဓာတ်နှင့် ကြွင်းသော ဆဝိညာဉ်တို့မှာ ဝိပ္ပယုတ်ဖြစ်၏။

သမ္မယုတ် ဝိပ္ပယုတ် မဟုတ်သောတရားကား ပြီး၏။

၁-ရူပ်နှင့် နာမကွန္ဓာ ၄-ပါး ဝိပ္ပယုတ်ကော်၊
၂-နိဗ္ဗာန်နှင့် နာမကွန္ဓာ ၄-ပါး သည် ဝိပ္ပယုတ်ကော်ဖြစ်၏၊

ရူပ်နှင့် နာမကွန္ဓာ ၄-ပါးသည် အဘယ်ကြောင့် ဝိပ္ပယုတ်ကော် ဖြစ်သနည်း။

http://www.dhammadownload.com

သတ္တဝါတို့ ပသင်္ဂရှိ၍ ရူပ်နှင့် နာမက္ခန္ဓာ ၄-ပါး ဝိပွယုတ်ဖြစ်ကြောင်းကို ရှင်တော်ဘုရား ဟောတော်မူသောကြောင့် ဝိပွယုတ်ကေန်ဆိုသတည်း။

သတ္တဝါတို့သည် အဘယ်သို့ ပသင်္ဂ ရှိသနည်းဟူမူ —

စိတ္တဇရူပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ ပဝတ္တိ စုတိအခါတိုင်အောင် ဒေါ့ပဋ္ဌဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်ဆဲ ဖြစ်၍ ဖြစ်၏။

တနည်းကား — ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်၌ ပါကုန်၏။ ဝါ၊ စိတ်နှင့်တကွ ဖြစ်ကုန်၏။

ကမ္မဇရူပ်တို့သည်လည်း ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့်တကွဖြစ်ကုန်၏။

ထိုသို့ တကွဖြစ်ကုန်သောရူပ်တို့သည် စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက်ခန့် တည်၍ အမှတ်မရှိ တခုခုသောစိတ်နှင့် ပြိုင်၍ တကွချုပ်ကုန်၏။

ဝိညတ်ဒွေဟူသော စိတ္တဇရူပ်သည် စိတ်နှင့်တကွ ကေဠာဒိ ကေနိရောဓ ဖြစ်၏။

ထိုသို့ စိတ်နှင့် တကွဖြစ်ခြင်း တကွချုပ်ခြင်းရှိ၍ အချို့သော သတ္တဝါတို့ကား ရူပ်နှင့် နာမက္ခန္ဓာ ၄-ပါး သမ္မယုတ်ဖြစ်၏ဟု မှတ်ထင်ကုန်သည်။

အချို့သောသတ္တဝါတို့ကား.... ရူပ်နှင့် နာမက္ခန္ဓာ ၄-ပါးသည် အဟေတုက သဟေတုက အာရမ္မဏ သာရမ္မဏ စသည်တို့၏ အဖြစ်ဖြင့် ဝိပွယုတ်ဖြစ်၏။

အချို့သော သတ္တဝါတို့ကား....သမ္မယုတ် ဝိပွယုတ် နှစ်ပါးလုံးပင် ဖြစ်ကုန်၏။

အချို့သော သတ္တဝါတို့ကား....နှစ်ပါးလုံးမဖြစ်ဟု ပသင်္ဂ ရှိကြကုန်၏။

ဘုရားမြတ်စွာသည်လည်း သတ္တဝါတို့ ပသင်္ဂရှိသောအရာ၌ ရူပ်နှင့် **နာမက္ခန္ဓာ** ဝိပွယုတ်ဖြစ်ကြောင်းကို ဤ **ဓာတုကထာကျမ်း ဆဋ္ဌနယ၊ အနုဗန္ဓနယ သမ္ဘဝ ပဋ္ဌာန်းကျမ်း ဝိပွယုတ္တပစ္စည်း**၌ ဝိပွယုတ် ဖြစ်ကြောင်းကို ဟောတော်မူ၏။

တနည်းကား — ဘုရားတို့မည်သည် သိအပ် သိထိုက်သော တရားကို သိတော်မူကြသည်။

မသိအပ် မသိထိုက်သော တရားကိုလည်း မသိအပ် မသိထိုက်ဟု သိတော်မူကြသည်။

ဤ သမ္မယုတ် ဝိပွယုတ်အရာ၌လည်း သမ္မယုတ် ဖြစ်သင့် မဖြစ်သင့်၊ ဝိပွယုတ်အရာ၌လည်း ဝိပွယုတ် ဖြစ်သင့် မဖြစ်သင့်သည်ကို သိတော်မူသည့်အတိုင်း ဟောတော်မူသည်။

ပသင်္ဂပင် မရှိသော်လည်း သဘာဝမမှန်အတိုင်း ဟောတော်မူသည် ဟု မှတ်ရမည်။ ထိုကြောင့် ရူပ်နှင့် နာမက္ခန္ဓာလေးပါးတို့သည် ဝိပွယုတ် ကေန် ဖြစ်ကုန်၏။

http://www.dhammadownload.com

နိဗ္ဗာန်နှင့် နာမက္ခန္ဓာ လေးပါးတို့သည် ဝိပွယုတ်ကေန်ဆိုသည်မှာ နိဗ္ဗာန်သည် "အာရမ္မဏိကဓမ္မေ နာမေတီတိ နာမံ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်, စေတသိက် ဖြစ်ကုန်သော အာရမ္မဏိက တရားတို့ကို မိမိသို့ အာရုံ ပြုသော အဖြစ်ဖြင့် ညွှတ်စေတတ်သောကြောင့် နာမ် မည်၏။

စိတ် စေတသိက်လည်း နာမ်, နိဗ္ဗာန်လည်း နာမ် ဤသို့နာမ်ချင်းတူ၍ အချို့သော သတ္တဝါတို့ကား သမ္မယုတ် ဖြစ်၏ဟု ထင်မှားကုန်သည်။

အချို့သော သတ္တဝါတို့ကား စိတ်, စေတသိက်တို့သည် အဇ္ဈတ္တိကတရား, နိဗ္ဗာန်သည် ဗဟိဒ္ဓတရားဖြစ်၍ ဝိပွယုတ်ဖြစ်၏ဟု ဝိပွယုတ်အဖြစ်၌ ပသဒ် ရှိကြကုန်၏။

ဤသို့သော အရာ၌ ဝိပွယုတ် ဖြစ်ကြောင်းကို ဘုရားမြတ်စွာလည်း ဟောတော်မူသည်။

ထိုကြောင့် နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါးတို့သည် ဝိပွယုတ် ဧကန် ဖြစ်ကုန်၏။

ဝိပွယုတ်ကေန် ပြီး၏။

နာမက္ခန္ဓာလေးပါးတွင် ဝေဒနာနှင့် ကြင်းသုံးပါး၊ သညာနှင့် ကြင်းသုံးပါး၊ သင်္ခါရနှင့် ကြင်းသုံးပါး၊ ဝိညာဉ်နှင့် ကြင်းသုံးပါးသည် သမ္မယုတ်လည်းဖြစ်၏၊ ဝိပွယုတ်လည်း ဖြစ်၏။

အဘယ်သို့ သမ္မယုတ် ဖြစ်သနည်း –

တကွဖြစ်ခြင်း တကွချုပ်ခြင်း စသော သမ္မယောဂ လက္ခဏာ လေးပါးနှင့် ညီမည်၊ ဘုံ, သန္ဓာန်, ကာလ, ဇာတ်တို့လည်း တူမည်၊ ဤအကြောင်းတို့နှင့် ပြည့်စုံက သမ္မယုတ်ကေန် ဖြစ်၏။

အဘယ်သို့ ဝိပွယုတ် ဖြစ်သနည်း –

သမ္မယောဂလက္ခဏာ လေးပါးနှင့် မညီသော်၎င်း၊ ဘုံကွဲသော်၎င်း၊ သန္ဓာန်ကွဲသော်၎င်း၊ ကာလကွဲသော်၎င်း၊ ဇာတ်ကွဲသော်၎င်း ဝိပွယုတ် ဖြစ်၏။

၁။ ဘုံမှာ ကာမ, ရူပ, အရူပကိုယူ၊
၂။ သန္ဓာန်မှာ သူ့သန္ဓာန်, ငါ့သန္ဓာန်ကိုယူ၊
၃။ ကာလမှာ ပစ္စုပ္ပန်, အတိတ်, အနာဂတ်ကိုယူ၊
၄။ ဇာတိမှာ ကုသိုလ်, အကုသိုလ်, အဗျာကတ, အဟိတ်, သဟိတ် ဇာတ်ကိုယူ။

http://www.dhammadownload.com

ကေဟိစိထုတ်ရာ မှတ်ပုံကား—ကေဟိစိသည် သမ္မယုတ် ကေဟိစိ, ဝိပ္ပယုတ် ကေဟိစိဟု နှစ်ပါး အပြားရှိ၏၊ ဟောပုဒ်သည်လည်း ရူပ်နာမ် နှစ်ပါး အပြားရှိ၏။

ဟောပုဒ်က ရူပ်ဖြစ်လျှင် ကေဟိစိမှာ သမ္မယုတ် မရှိ၊ ဝိပ္ပယုတ် ကေဟိစိသာ ရှိသည်။ ထို ဝိပ္ပယုတ် ကေဟိစိကိုလည်း စေတသိက်ကိုထုတ်။

ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိမှာ သမ္မယုတ် ကေဟိစိ, ဝိပ္ပယုတ် ကေဟိစိအားဖြင့် နှစ်ပါး အပြားရှိ၏။

ထို နှစ်ပါးတို့တွင် သမ္မယုတ် ကေဟိစိကို ရရသမျှသော စေတသိက်ကိုထုတ်၊ ဝိပ္ပယုတ် ကေဟိစိကို သုခုမရူပ် နိဗ္ဗာန်ကိုထုတ်။

ခန္ဓာကထုတ်လျှင် သခါရက္ခန္ဓာ၊ အာယတနက ထုတ်လျှင် ဓမ္မာယတန၊ ဓာတ်က ထုတ်လျှင် ဓမ္မဓာတ်ထုတ်။

ဤ ဆိုအပ်ခဲ့သော မှတ်ပုံ အဓိပ္ပါယ်အတိုင်း ဝေဒနာက္ခန္ဓာ, စက္ခာယတန, စက္ခုဝိညာဏဓာတ်, သမုဒယသစ္စာတို့ကို သမ္မယုက် ဝိပ္ပယုတ် ကေဟိစိ ထုတ်၍ ဟောပုံ ရှုတ်၍ ပြောပါ။

အိမ်မြှောင်စာအချိုးဌ် အဓိပ္ပါယ်ကား—

ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ ဟူသော စကားဌ် ဤ **ဆဋ္ဌနယဌ်** ဟောတော်မူသော ဘရားသည် ရူပ်လည်း ရူပ်သက်သက်၊ **နိဗ္ဗာန်**လည်း နိဗ္ဗာန်သက်သက်၊ နာမ်လည်း နာမ်သက်သက်၊ **အယှက်အတင်မရှိ** ကေဟိစိ ယှဉ်၍ ဟောတော်မူ၏။

ရူပ်နှင့် နိဗ္ဗာန်၊ ရူပ်နှင့် နာမက္ခန္ဓာ လေးပါး၊ နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါး မရောယှက် ဟူလိုသည်။

ဤ **ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ မရောယှက် ဆဋ္ဌမှာ ဟူသော စကား**ဖြင့် ဓမ္မာယတန ဓမ္မဓာတ် ဒုက္ခသစ္စာစသော ရူပ် နိဗ္ဗာန် နာမ်ရောသောပုဒ်တို့ မှတပါး ရှုပက္ခန္ဓာ စသော သက်သက်သောပုဒ်၊ ရူပ် နိဗ္ဗာန် နာမ် မရောသော ပုဒ်တို့ကို ဤ**ဆဋ္ဌနယဌ်** ဟောအပ်သော ပုဒ်တည်းဟု ပြသော **စကား**တည်း။

ရူပ် နိဗ္ဗာန် နာမ်ပင်ရောသော်လည်း၊ **ဝိပ္ပယောရရာ** ဟူသော**စကား**ဌ် **ရူပ်**နှင့် **နာမက္ခန္ဓာ**လေးပါး၊**နိဗ္ဗာန်**နှင့် **နာမက္ခန္ဓာ**လေးပါး**ရောယှက်**သော်လည်း **ဝိပ္ပယုတ်ဖြစ်**၏ ဟူလိုသည်။

ဖြစ်ချုပ်ကယ် တူစွာသည်။ပ။ မုချမှန် တော်လွန်းလှလေး ဟူသော **စကား**ဌ် **အဓိပ္ပါယ်ကား—နာမက္ခန္ဓာ**လေးပါးသည် **သမ္မယောဂလက္ခဏာ**နှင့်**ညီ**သော်ရင်း၊ **ဇာတ်, ကာလ, ဘုံ, သန္တာန်**တူသော်ရင်း ဤ**သို့** **အကြောင်း**နှင့်**ပြည့်**စုံသော် **သမ္မယုတ် ဇကန်ဖြစ်**၏ ဟူလိုသည်။

http://www.dhammadownload.com

ဒုတိယအချိုး

ရူပ် နိဗ္ဗာန် နာမ်သဘောနှင့်၊ ဝိပွယောဂေန်ယူ ဟူသောစကားဌ ရူပ်နှင့် နာမက္ခန္ဓာလေးပါး၊ နိဗ္ဗာန်နှင့် နာမက္ခန္ဓာလေးပါး ဝိပွယုတ် ဧကန်ဖြစ်၏ ဟူလိုသည်။

ပဌမအချိုးဌ ရူပ် နိဗ္ဗာန် နာမ်ပင်ရောသော်လည်း၊ **ဝိပွယောရရာ ဟု** ဆိုခဲ့ပြီးလျက် ဒုတိယအချိုးစကားဌ ရူပ် နိဗ္ဗာန် **နာမ်သဘောနှင့်၊ ဝိပွယောဂေန်ယူ**–ဟု တဖန် ထပ်၍ဆိုခြင်းသည် ဤဆဌနယဌ ဟောတော်မူသောတရားသည် ရူပ် နိဗ္ဗာန် နာမ်ရောယှက်သောအရာ ရှိ၏။

ထိုသို့ပင် ရောယှက်သော်လည်း ဝိပွယုတ် ဖြစ်ကြောင်းကို သာမည**ဆိုသော**စကားဖြစ်သည် ဧကန်ဖြစ်သည်ကို မဆိုခဲ့သေး။ ဤဒုတိယစကားဌကား ဧကန်ယူအပ်သည်၏အဖြစ်ကို ဆိုသောစကားဟု မှတ်အပ်၏။

နာမ် ခန္ဓာ တူကတဲကိုဲ၊ဘုံ သန္ဌာန်ကာလကွဲလို့ဇာတိလဲ မပြိုင်မူ။ ။မှီအာရုံ **တူမဟုတ်သည်၊ ဖြစ်ချုပ်မတူ။ ။သည်နာမ်စုမှာ ဝိပွယုတ်ယူ**—ဟူသော**စကားဌ** နာမက္ခန္ဓာလေးပါးသည် သမ္ပယောဂလက္ခဏာလေးပါးနှင့် မညီသော်ဌင်း၊ ဘုံ သန္ဌာန် ကာလ ဇာတ်ကွဲသော်ဌင်း ဘူမိဝိပွယုတ် **သန္ဌာန**ဝိပွယုတ် ကာလဝိပွယုတ် ဇာတိဝိပွယုတ်ဖြစ်၏ ဟူလိုသည်။

ရူပ်ချင်းထို့တူ နိဗ္ဗာနနှင့်ရူပကွန္ဓ သဘာဝ၀ါ။ ။ဝေဒနာ ဝေဒနာချင်းနှင့်၊ သညာ**ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ**—ဟူသောစကားဌ ရူပ်ချင်းဟု သာမည ဆိုသော စကားဖြစ်၍ လောကီစိတ် ကောသီတိ စေတသိက် ဒေ့ပညာသ ရူပ် အဌဝီသ ဟု ဆိုအပ်သော အပေါင်းဖြစ်သော ပိယရူပ်, သာတရူပ်ကိုဌင်း၊ ရူပနလက္ခဏာရှိသော အစိတ်ဖြစ်သော ရူပ် အဌဝီသကိုဌင်း ယူအပ်၏။

ထိုရူပ်သည် ရူပ်ချင်းချင်း သမ္ပယုတ် ဝိပွယုတ် အလျှင်းမရ၊ ထိုအတူ ရူပ်နှင့် **နိဗ္ဗာန**်လည်း သမ္ပယုတ် အလျှင်းမရ၊ ရူပနလက္ခဏာရှိသော ရူပကွန္ဓာ ဖွဲ့ကောင်းသော ရူပ် အဌဝီသလည်း ရူပ် ရူပ်ချင်းချင်း သမ္ပယုတ် ဝိပွယုတ် အလျှင်းမရ၊ ဝေဒနာ ဝေဒနာချင်း၊ သညာ သညာချင်း၊ သခ်ါရ သခ်ါရချင်း၊ ဝိညာဉ် ဝိညာဉ်ချင်း သမ္ပယုတ် ဝိပွယုတ် ၂-ပါးလုံး မရကောင်း၊ သို့ဖြစ်၍ သမ္ပယုတ် ဝိပွယုတ် အလျှင်းမရရာ ဟူလိုသည်။

ဤ**ဌ ဝေဒနာ ဝေဒနာချင်းနှင့်၊ သ**ညာ**ဝိညာဉ် ဝိညာဉ်ချင်းပ၊ လျှင်းမရရာ** ဟု ဆိုခြင်းသည် **နည်း** ၄၀-ဌ လိမ္မာတော်မူသည်ဖြစ်၍ နာမက္ခန္ဓာ ၄-ပါးဌ **မိဂပဒဝဏ္ဏနနည်း**အားဖြင့်သာ အစ အဆုံးကို ပြတော်မူလေသည်။

သခ်ါရမှာ သနှင့်သာ၊ **သ**ဘောနှစ်ဖြာ ဆံမနှောသည့် ဟူသော **စ**ကားဌ **သ**ခ်ါရကွန္ဓာ ဖွဲ့ကောင်းသော သမုဒယသစ္စာ စသောပုဒ်ကို ဟောသောအခါ

http://www.dhammadownload.com

သမုဒယသစ္စာနှင့် ဓာတုဖြစ်သော ခန္ဓာအလို သမုဒယသစ္စာ ဝေဒနာ သညာမှ စာပါး စေတသိက် ကေနုဝိသ အာယတနဝေတ်အလို သမုဒယသစ္စာ ကြဉ်သော စေတသိက် ကေဝီသကိုသာ ကေဟိစိ ထုတ်လေသည်။

ထိုမှ ကြွင်းသော သခါရ ၃၀-တို့ကို သမ္မယုတ် ဝိပ္ပယုတ် အဖြစ်ဖြင့် ကေဟိစိ မထုတ်။

ဓာတုဖြစ်သော တရားတွင်သာ ထုတ်သောကြောင့် သနှင့် သာ၌ သသည် **သဟအနက်လည်း** ရှိ၏။ သခါရ အကြွင်းရှိသောကြောင့် သ သည် **သေသ** အနက်လည်း ရှိ၏။ တကွဖြစ်သော တရားကိုလည်း ကေဟိစိ ထုတ်အပ်သည်။ ကြွင်းသောတရားကိုလည်း ကေဟိစိ ထုတ်အပ်သည်ဟု သဘောနှစ်ဖြာ မရှိ ကောင်း၊ တကွဖြစ်သော တရားတွင်သာ ကေဟိစိ ထုတ်အပ်၏။ ကြွင်းသော တရားကို ကေဟိစိ မထုတ်အပ် ဟူလိုသည်။

သမ္မဒယာဂ ကေဟိစိမှာ၊ စေတသိခ် ရသမျှကိုသော် ဟူသော စကားဌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိ မှာ သမ္မယုတ်ကို ရရသမျှဖြစ်သော **စေတ**သိက်ကိုသာ ထုတ် ဟူလိုသည်။

ဤ အချိုးဌ လက်ဘဖြစ်၍ ဝါစာသိလိဌ သုခုစ္စာရဏ အကျိုးငှါ ကေဟိစိ ဆိုလိုလျက် ကေဟိစိဟု နိဂ္ဂဟီတန္တနှင့် ဆိုသည်။

ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ပုဒ်ကမူ၊ စေတသိက်ကိုယူ ဟူသောစကားဌ ဟောပုဒ်က ရူပ်ဖြစ်လျှင် ကေဟိစိမှာ သမ္မယုတ်သာ ရှိကုန်၏။ ဝိပ္ပယုတ် ကေဟိစိကို သက်သက်သောရူပ်၊ သက်သက်သော နာမ်၊ သက်သက်**သော** နိဗ္ဗာန် ရောယှက်ခဲ့သော တရားအပေါင်းတို့တွင် **စေ**တသိက် ဒွေပညာ သကိုသာ ထုတ်ရှိ၊ နိဗ္ဗာန်စိတ်တို့ကို မထုတ်လင့် ဟူလိုသည်။

နာမ်ရသည့် ပုဒ်ကမူ၊ မေ့ဓာတ်တူ၊ ရူပ်နိဗ္ဗာန်တည့်လေး ဟူသောစကားဌ ဟောပုဒ်က နာမ်ဖြစ်လျှင် ကေဟိစိဝိပ္ပယုတ်ကို ဓမ္မာယတန ဓမ္မဝေတ်တူဖြစ်**သော** **စေ**တသိက် သုခုမရူပ် နိဗ္ဗာန်တို့တွင် သုခုမရူပ် နိဗ္ဗာန်ကိုသာ ထုတ်၊ **ဒစ**တသိက်ကို မထုတ်လင့်ဟူလိုသည်။

ဓမ္မဓာတ်တူ ဟူသောစကားဖြင့် သြဠာရိကရူပ်ကို စင်ဧ၏။

ဤဆဋ္ဌနယဌ အောက်ဌ ဟောအပ်ပြီးသော ပဌမနယဌကဲ့သို့ မေးအပ်ဖြေအပ်သော တရားအထူးကို မထုတ်မူ၍ သာမညစကားဖြင့် ခန္ဓာအစရှိသော တရား**တို့**၏ ပုစ္ဆာ ဝိသဇ္ဇနာနည်းကို အကျယ်ပြကုန်၏။

ဆဋ္ဌနယချိုး အဖြေ ပြီး၏။

http://www.dhammadownload.com

၇-သတ္တမနယချိုး အပြေ

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္မယုတ်စွက်သည့် ပုဒ်အနေ။ ။သတ်ဝိညာဉ် ဧကေကောရယ်နှင့်၊ နိဿေသံ သမ္ဘယောသည်၊ စေတသိခံ သည် သဘောကိုမှ၊သဗ္ဗညာဏ် ရှင်ပင့်ဂေါ်၊ ဟောပြခဲ့ပေ။ ။နည်းသတ္တမေ၊ သတ်ဝိညာဉ် ဧကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစားကွက်ကျန်။ ။ သည်နှယ်ပုဒ် စေတသိက်ခံကို၊ စိန္တေယျ ရှောင်ကင်းလို့၊ စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို။ ။ဒုတိယ ယေ တေကိုမူ၊ ဝိပ္ပယုတ် ယူ ဆိုပြီးမသွေရှင့်လေး။

အဓိပ္ပါယ်ကား—ဤသတ္တမနယ၌ ဟောအပ်သောပုဒ်ကား စက္ခုဝိညာဉ်၊ ထိုစက္ခုဝိညာဉ်နှင့်ယှဉ်သော စေတသိက်၊ ဤနာမကွန္ဓာတရားသည်သာလျှင် ဟောပုဒ် ဖြစ်သည်။ ရူပ် နိဗ္ဗာန်ရသောပုဒ်သည် ဟောပုဒ်မဖြစ် ဟူလိုသည်။

စိတ်ဝိညာဉ် နာမ်သက်သက်နှင့်၊ သမ္ပယုတ်စွက်သည့် ပုဒ်အနေ ဟူသော စကားဖြင့် မနာယတနစသော စိတ်သက်သက် ရသောပုဒ်၊ ဝေဒနာကွန္ဓာ-စသော စေတသိက်သက်သက် ဖြစ်သောပုဒ်၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာစသော စေတသိက်ရသောပုဒ်ကိုသာ ဤသတ္တမနယ၌ ဟောအပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

ထိုသို့ ဟောပုဒ်ကိုပြသောစကား၌ သမုဒယသစ္စာစသော စေတသိက် သက်သက်ဖြစ်သောပုဒ်၌—

> သမုဒယသစ္စေန ယော ဓမ္မာ သမ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ တေ ဓမ္မာ နကေဟိစိ ခန္ဓေဟိ နကေ-ဟိစိ အာယတနေဟိ နကာဟိစိ ဓာတူဟိ ဝိပ္ပယုတ္တာ ဟူ၍ဝင်း—
>
> ဝိပ္ပယုတ္တောတိ နတ္ထိ ဟူ၍ဝင်း—

ဤသို့ စသည်ဖြင့် ဟောအပ်သည်ရှိသော် သတ်ဝိညာဉ်နှင့် မယှဉ်သော ဇစကသိက်ဖြစ်၍ နကေဟိစိ နတ္ထိသာ ဖြစ်သောကြောင့် မသင့်။

ဝေဒနာကွန္ဓာစသော သတ်ဝိညာဉ်ဓာတ်နှင့်ယှဉ်သော စေတသိက်၊ အဓိ-မောက္ခစသော အလုံးစုံသော မနောဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက်၊ ရဟန်းတို့အား အခိုက်အတန့်အားဖြင့် အာပတ်မလောက်သောကြောင့် အဗ္ဗော ဟာရိက ဆိုသကဲ့သို့ အဓိမောက္ခသည် ဝိစိကိစ္ဆာ နှင့်မယှဉ်သော်လည်း ဝိစိကိစ္ဆာ တည်းဟူသော မနောဝိညာဏဓာတ်တပါးသာ ကြွင်းသောကြောင့် ကျန်သည် ဟု မယူစလောက် အနည်းငယ်သာ ဖြစ်သည်။ "ဤကား စကားချပ်"။

http://www.dhammadownload.com

ဤစေတသိက်စသည်တို့သာ ခန္ဓာ အာယတနဓာတ်ဘို့၌ နေကဟိစိ ရှိသော်လည်း ဓာတ်နှင့် ဝိပွယုတ်ရကောင်းသောကြောင့် ဟောရ၍ ဖြစ်ကောင်းလေသည်။

ထိုသို့ မဟောအပ်သောစေတသိက် ဟောအပ်သော စေတသိက်တို့ကို ပြပြန်လို၍—

> သတ်ဝိညာဉ် ကေကောရယ်နှင့်၊ နိဿသံ သမ္ပယောသည်၊ စေတသိက်ခံ သည်သဘောကိုမှ သဗ္ဗညာဏ် ရှင်ပင်ဂေါ်၊ဟောပြခဲ့ပေ။ ။ နည်း သတ္တမေ၊ သတ်ဝိညာဉ် ကေကနှင့်၊ သမ္ပယုတ္တ ကုန်မဆံ၊ လုံးစား ကျက်ကျန်။ ။သည်ဒုနယ်ပုဒ် စေတသိက်ခံကို၊ စိန္တေယျ ရှောင်ကွင်းလို့ — ဟု မြတ်စွာဘုရား ဟောတော်မူသည်၏ အဖြစ်ကို ပြတော်မူ၏။

ထို စကားအဓိပ္ပါယ်ကား—မြတ်စွာဘုရားသည် သတ္တမနယ၌ စေတသိက်ထဲက ဟောတော်မူသော်လည်း ဝေဒနာကွန္ဓာ စသော သတ္တဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်၊ အဓိမောက္ခ စသော တပါးပါးသော အလုံးစုံသော ဝိညာဉ်နှင့် ယှဉ်သော စေတသိက်ကိုသာ ဟောတော်မူလေသည်။

သမုဒယ မဂ္ဂ စသော တစိတ်တဒေသဖြစ်သော မနောဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက်တို့ကို တလုံးစား တကွက်ကျန် ဆိုသကဲ့သို့ဖြစ်၍ ဟောတော်မမူ၊ ရှောင်ရှား ပယ်၍ ထားတော်မူခဲ့လေသည် ဟူလို။

စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို။ ။ ဒုတိယ ယေ တေ ကိုမူ၊ ဝိပွယုတ်ယူ ဆိုပြုမဲ့ရှင့်လေး ဟူသော စကား၌။

အဓိပ္ပါယ်ကား—ဝေဒနာ စသည်တို့ကနေ၍ ယေ တေ စွဲသောအခါ ထို ဝေဒနာနှင့် သမ္ပယုတ်ဖြစ်သောစိတ် ကျေနနဝုတိ၊ စေတသိက် ကေပညာသကို။

ဘနည်းကား — ထို ဝေဒနာနှင့် သမ္ပယုတ်ဖြစ်သော သညာ သင်္ခါရ ဝိညာဉ်ကိုငင်း, ရှေ့စွဲရင်းဝေဒနာကိုငင်း စွဲတတ်သော ပုဒ်တွင်းသို့ သွတ်သွင်းပြန်၍ ဝိပွယုတ်ကိုစွဲ ဟူလိုသည်။

စွဲရင်းနှင့် သမ္ပယုတ်ကို၊ ယေ တေ အလို ဟူသော စကားဖြင့် ဒုတိယ ယေစွဲသောအခါ ပဌမယေအရ ဟရုားအတွင်းသို့ စွဲရင်းတရုားကိုလည်း သွင်း၍ **စွဲမြန်**အပ်သည်၏ အဖြစ်ကို ပြတော်မူ၏။

ဒုတိယ ယေ တေ ကိုမူ၊ ဝိပွယုတ်ယူ ဆိုပြုမဲ့ရှင့်လေး ဟူသောစကားဖြင့် ပဌမ ယေ ကို သမ္ပယုတ်၊ ဒုတိယ ယေကို ဝိပွယုတ် စွဲအပ်သည်၏အဖြစ်ကို ပြ

http://www.dhammadownload.com

တော်မူ၏။ ဒုတိယ ယေတုင် ဆိုခြားသော်လည်း အဝုတ္ထသိဒ္ဓိနည်းအားဖြင့် ပဌမယေကိုလည်း သမ္မယုတ် စွဲအပ်သည်၏ အဖြစ်ကို သိအပ်၏။

သတ္တမနည်း၌ တေဟိ ဓမ္မေဟိ အစွဲကို ထုတ်ရင်းပုဒ်နှင့် တကွစွဲခြင်းသည် နိယတ် အနိယတ် ဆန့်သကဲ့သို့ ထင်ဘွယ်ရှိ၏။

ထိုသို့ ထင်ဘွယ်ရှိသော်လည်း ပါဠိတော်၌ ထိုသို့သောပုစ္ဆာ၏ ဝိသဇ္ဇနာကို မြင်သဖြင့်ရင်း, "ဣမိနာ နယေန သမ္ဘတ္ထ ပုစ္ဆာယ ဥဒ္ဒရုပဒေနေဝ သဒ္ဓိ ဝိ ဿဇ္ဇိတ္ထာနံ ဝသေန အတ္ထော ဝေဒိတမ္ဘော" ဟူသော အဋ္ဌကထာပါဠိကို မြင်သဖြင့်ရင်း မဆန့်သည်၏အဖြစ်ကို သိအပ်၏။

သတ္တမနယချီး အဖြေ ပြီး၏။

ဂ-အဋ္ဌမနယချီး အဖြေ

ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပွယုတ္တံ။ ။ ကေဝလံ နာမ်ကိုစွဲသော်လည်း၊ သမ္မယုတ္တံ သူတို့ထဲက၊ နိဿသ-အကုန်စွဲကိုမှ၊ ဟောမြဲကေန်။ ။ အဋ္ဌမနည်း သူ့အကြံမှာ၊ ဝိပွယုတ္တံ ယေ စွဲလို့၊ မခက်ခဲ ဖြေစရာ၊ နတ္ထိချည်းပါ။ ။ နည်းမောဃ သည် ပုစ္ဆာမှာ၊ သမ္မယုတ်ရရာ ဟောဘူးရှင့်လေး။ ။

အဓိပ္ပါယ်ကား — **ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပွယုတ္တံ** ဟူသော စကားဖြင့် , နာမကွန္ဓာ ၄-ပါးနှင့် နိဗ္ဗာန်၊ နာမကွန္ဓာ ၄-ပါးနှင့် ရူပ်၊ ဝိပွယုတ် ကေန်ဖြစ်သည်ကိုပြသော စကားတည်း။

အောက် ဆဋ္ဌနယ၌ ဝိပွယုတ် ကေန်ဟု ပြုပြီးလျက် ဤ အဋ္ဌမနယ၌ ပြုပြန်သည်ကား ဤ အဋ္ဌမနယ၌ ဝိပွယုတ် ကေန်ကို မှတ်၍ ယေ ဟု စွဲအပ်သည်၏ အဖြစ်ကြောင့် အစွဲလွယ်စေခြင်းငှါ ပြရသည်။ ယင်းသို့ ပြရခြင်းသည်လည်း နိဒဿန နည်းအားဖြင့်သာ ပြလေသည်။ ဝိပွယုတ်ကေန်ကိုသာ မှတ်အပ်သည် မဟုတ်၊ သမ္မယုတ်, ဝိပွယုတ် ၂-ပါးလုံး မဟုတ်သော တရားကိုင်း၊ ဘူမိဝိပွယုတ်, သန္တာနဝိပွယုတ်, ကာလဝိပွယုတ်, ဇာတိဝိပွယုတ် ဟူသော ဝိပွယုတ် ၄-ပါးကိုင်း မှတ်အပ် စွဲအပ်ကုန်သည်။

တနည်းကား — **ရူပ် နိဗ္ဗာန် နာမ်သက်သက်နှင့်၊ နာမ်ရောယှက် ဝိပွယုတ္တံ** ဟူသော စကားဖြင့် ဤ အဋ္ဌမနယ၌ ဝိပွယုတ်ကေန် ရကောင်းသော ရူပကွန္ဓာ ဝေဒနာကွန္ဓာ အစရှိသောပုဒ်၊ ဇာတိဝိပွယုတ် အစရှိသော ဝိပွယုတ် ရကောင်းသော ကုသလာ ဓမ္မာ အစရှိသော ပုဒ်တို့သည်သာလျှင် ဟောပုဒ် ဖြစ်သည်။

http://www.dhammadownload.com

ဝိပွယုတ်ကေန်မရကောင်းသော ဓမ္မာယတန ဓမ္မဓာတ် ဇီဝိတိန္ဒြေ နာမ်ရုပ် သဋ္ဌာယတန အစရှိသောပုဒ်၊ ဝိပွယုတ် ၄-ပါးတို့ဖြင့် ဝိပွယုတ် မဖြစ်သင့်သော အဗ္ဗတ္တမဟိဒ္ဓါဓမ္မာ အစရှိဆောပုဒ်၊ သမ္မယုတ် ရကောင်းသောပုဒ်တို့ကို မဟော အပ်ဟု ဟောပုဒ်ကို ပြသော စကားတည်း။

ကေဝလံ နာမ်ကိုစွဲသော်လည်း၊ **သမ္မယုတ္တံ** သူတို့ထဲက၊ **နိဿသံ** အကုန်စွဲ ကိုမှ၊ **ဟောမြဲကေန်** ဟူသော စကားဖြင့်—

နိဗ္ဗာန်ကနေ၍ ယေဘုယ်သောအခါ ဝိပွယုတ် ကေန်ဖြစ်သော အလုံးစုံသော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်။

ကုသိုလ်ကနေ၍ ယေဘုယ်သောအခါ ဇာတိဝိပွယုတ် ဖြစ်သော အလုံးစုံသော အကုသိုလ် အဗျာကတ။

အကုသိုလ်ကနေ၍ ယေဘုယ်သောအခါ ကုသိုလ် အဗျာကတ။

အဗျာကတကနေ၍ ယေဘုယ်သောအခါ ကုသိုလ် အကုသိုလ် အလုံးစုံ။

ဘူမိဝိပွယုတ်ဖြစ်သော **ကာမာဝစရ** အစရှိသည်က ယေဘုယ်သောအခါ ရူပ အရူပ လောကုတ္တရာစသည်။

သန္တာနဝိပွယုတ်ဖြစ်သော **အဗ္ဗတ္တာဓမ္မာ** အစရှိသည်က ယေဘုယ်သောအခါ ဗဟိဒ္ဓါဓမ္မာ အစရှိသည်။

ကာလဝိပ္ပယုတ်ဖြစ်သော **အတီတာဓမ္မာ** အစရှိသည်က ယေဘုယ်သောအခါ အနာဂတ် ပစ္စုပ္ပန်တရားတို့ကို နိဿသာ အကြောင်းမရှိအောင် စွဲအပ်သည်၏ အဖြစ်ကို ပြသောစကားတည်း။

အဋ္ဌမနည်း သူ့အကြံမှာ၊ **ဝိပွယုတ္တံ** ယေဘုယ်လို့ ၊ **မခက်ခဲ** ဖြေစရာ၊ **နတ္ထိချည်း ပါ** ဟူသောစကားဖြင့် ဤ အဋ္ဌမနယ၌ ဝိပွယုတ်ကို ယေဘုယ်၊ ယေအရ တရားကို သမ္မယုတ်ဖြစ်သောအခါ ယှဉ်သောတရား မရှိရကား ဝိသဇ္ဇနာ၌ နတ္ထိချည်းသာ နေသည်ဖြစ်၍ မခဲခက် ဟူလိုသည်။

နည်းမောဃ သည်ပုစ္ဆာမှာ၊ **သမ္မယုတ်**ရရာ **ဟောဘူးရှင့်**လေး ဟူသော စကား၌ ဤ အဋ္ဌမနယသည် မောဃဝါရဖြစ်၍ သမ္မယုတ်ရရာ၌ ဟောတော် မမူ ဟူလိုသည်။ ॥ဥဒါန်းဂါထာကို ဆောင်၍ ဟောလေ။॥

အဋ္ဌမနယချိုး အဖြေ ပြီး၏။॥

၉-နဝမနယချိုး အဖြေ

နဝမမှာ **နာမ်**တချို့ ၊ ဟောရန်ဘို့ ပုံသေ။ ॥ယေနှစ်တန် **သမ္မယုတ်**ထဲက၊ **လုည့်**လည်ကာ ပြန်လှန်စွဲ၊ မြဲလှမသွေ။ ॥ဗ**ယေ**စွဲ

http://www.dhammadownload.com

သူ့အနေမှာ၊ စိတ်သေသေ ခန္ဓာရနှင့်၊ ဓာတ် အာယတနဖွဲ့ခါ၊ ဖြေရိုး ကျမ်းလာ။ ။နည်း နဝမ သူ့အချာကို၊ ယုန်ထင်ကာ ကြောင် မမှတ်ပါနှင့်၊ ထုပြတ်လို ကုန်ကုန်သိမ်းပါတော့၊ ကျိန်းသေသဘော။

အဓိပ္ပါယ်ကား— ဤ နဝမနယ၌ ဟောအပ်သောပုဒ်သည် နာမ်ဖြစ်သောပုဒ် သာတည်း။ ရူပက္ခန္ဓာ စက္ခာယတနစသော ရူပ်ဖြစ်သောပုဒ်ကို မဟော။

ဤ နဝမနယ၌ ဟောပုဒ်တို့သည် နာမ်ဖြစ်သော်လည်း သမ္မယုတ်မရကောင်း သော နိဗ္ဗာန်ဟူသော နာမ်အကြောင်းမရှိ၊ သမ္မယုတ်မရကောင်းသော နာမ် ရူပ် သဠာယတန ကုသလာဝမ္မာ အစရှိသောပုဒ်၊ ဤသို့သော ပုဒ်တို့ကို မဟော အပ်ကုန်။

သမ္မယုတ် ရကောင်း ရှိကောင်း ကြောင်းကောင်းသေးသော ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် မနာယတန သတ္တဝိညာဏဓာတ် အစရှိသော ဒေချို့ယော နာမ်ကိုသာ ဟောအပ်၏။

နဝမမှာ နာမ်တချို့၊ ဟောရန်ဘို့ပုံသေ ဟူသောစကားသည် ဟောပုဒ်ကို ပြသော စကားတည်း။

ပေါနှစ်တန် သမ္မယုတ်ထဲက၊ လှည့်လည်ကာ ပြန်လှန်စွဲ၊ မြဲလှမသ ဟူသော စကားဖြင့် ပဌမယေစ္ဆသောအခါ သမ္မယုတ်ဖြစ်သောတရားကိုစွဲ၍ ဒုတိယယေား်ကို သမ္မယုတ်ဖြစ်သော စွဲရင်းကို ပြန်၍စွဲရမည်ဟု ပြသတည်း။

စယေစ္ဆ သူ့အနေမှာ စိတ်သေသေ ခန္ဓာရနှင့်၊ ဓာတ်အာယတနဖွဲ့ခါ၊ ဖြေရိုး ကျမ်းလာ ဟူသောစကားဖြင့် ဒုတိယ ယေအရတရားကို အာဘယ်ခန္ဓာ အာဘယ် အာယတန အာဘယ်ဓာတ်နှင့်ယှဉ်သနည်း ဟု မေးသောအခါ စယေအရတရား၌ ဖြစ်ထိုက်သော ခန္ဓာ အာယတန ဓာတ်ဖွဲ့သည်အတိုင်း ဟူလိုသည်။

နဝမနယချီး အဖြေ ပြီး၏။

၁၀-ဒသမနယချီး အဖြေ

ပေ့ရှုပ်လိမ် နည်းဆယ်ဝမှာ၊ ခက်စရာ့စုပုံ။ ။နည်းဆဋ္ဌ ဟော ရန်ပုဒ်ကိုတဲ့၊ ဟောထုတ်အကုန်။ ။ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံ ဝိပ္ပယုတ်စုံလို့! စယေစ္ဆ ရဆုမှာ၊ ဖြေမြဲ ဝမ္မကာ။ ။သည်နယ မှတ်စရာမှာ၊ ငယ်နိုင်ပါ ခေါင်းမြီးခြုံတည့်လေး။

အဓိပ္ပါယ်ကား—ဤဒသမနယ၌ ဟောပုဒ်ကား ဆဋ္ဌနယက ဟောခဲ့သော ပုဒ်တို့ပင်တည်း ဟူလိုသည်။

http://www.dhammadownload.com

ပေ့ရှုပ်လ်မ် နည်းဆယ်ဝမှာ ဟူသောစကားဖြင့် ဤနယမှာ ဝိပ္ပယုတ်ယေစ့် ရသောပုဒ်များ၌ အရှုပ်ရှုပ် အလိမ်လိမ် ရှိလေရကား ခက်ခဲ၏ ဟူလိုသည်။

နည်းဆဋ္ဌ ဟောရန်ပုဒ်ကိုတဲ့ ဟောထုတ်အကုန် ဟူသောစကားဖြင့် ဟောပုဒ်ကိုပြတော်မူသည်။

ယေနှစ်ဝ လုံးစုံမှာ၊ ဆဋ္ဌပုံဝိပ္ပယုတ်စ့ဲလို့ ဟူသောစကား၌ ယေနှစ်ယေတို့တွင် ပဌမယေကို ဆဋ္ဌနည်း၌ ဟောအပ်သော ဝိပ္ပယုတ်ဖြစ်သောတရားကိုစ့ဲ၍၊ ဒုတိယာယေကိုလည်း ပဌမယေအရတရားနှင့် ဝိပ္ပယုတ်ဖြစ်သော တရားကိုပင်စ့ဲ ဟူလိုသည်။

စယေစ့ဲ ရရာမှာ၊ ဖြေမြဲ ဝမ္မတာ ဟူသောစကား၌ ဒုတိယယေအရ တရားကို ပုစ္ဆာဝိပ္ပယုတ်မေးသောအခါ စယေစ့ဲ၍ ရအပ်သောထရား၌ ဖြစ်ထိုက်သော ခန္ဓာ အာယတန ဓာတ်ရှိသည့်အတိုင်း ဝိပ္ပယုတ် ဝိသဇ္ဇနာကိုပြု ဟူလိုသည်။ ဤနယဥဒါန်းဂါထာမှာ ဆဋ္ဌနယက ဂါထာပင်ဟုဆိုသည်။

ဒသမနယချီး အဖြေ ပြီး၏။

၁၁-ကောဒသမနယချီး အဖြေ

ကောဒသမ ဟောရန်ပုဒ်မှာ၊ စတုတ္ထနည်း တူလုံးစုံ။ ။ယေစ့ဲပါ ရက်ခါသ့ဲ၊ ရှိမ့ဲချက်ကုန်။ ။ဆဋ္ဌနည်းဖြေပုံမှာ၊ ချိန်အာရုံဥာဏ်သွင်းလို့ တရားမင်းမိန့်တော်မှာ ဖြေရိုးကလာ။ ။ညှာတဝ သီးတရာကို၊ လည်ကိုင်ကာ ဆုပ်လိုက်ကဲ့လေး။ ။

အဓိပ္ပါယ်ကား—ဤကောဒသမနယ၌ ဟောပုဒ်သည် စတုတ္ထနယ၌ ဟောခဲ့သော "ဒ္ဒေသစ္စာ ပန္နရသိန္ဒြိယာ" အစရှိသောပုဒ်တို့ပင်တည်း။ ယေစ့ဲသော အခါ၌လည်း စတုတ္ထနယအတိုင်း ခန္ဓာ အာယတန ဓာတ်သုံးပါးလုံး တူသော တရားကိုပင် အကြောင်းမဲ့စ့ဲ၍ ရသောတရား၌ သမ္မယုတ်အဖြစ်ဖြင့်ရင်း၊ ပုစ္ဆာပြု သောအခါ၌လည်း ပညာဖြင့် နှိုင်းချိန်ဆင်ခြင်၍ ဆဋ္ဌနယက ဖြေခဲ့သည့်အတိုင်း "တီဟိ ခန္ဓေဟိ ကေနာယတနေန သမ္မယုတ္တာ" ဟူ၍ရင်း၊ "သမ္မယုတ္တာတိ နတ္ထိ" ဟူ၍ရင်း ဤသို့ အစရှိသည်ဖြင့် တရားမင်း ဖြေတော်မူသော အဖြေဒေတိုင်း ဝိသဇ္ဇနာပြု ဟူလိုသည်။ ဥဒါန်းဂါထာကား စတုတ္ထနယက ဥဒါန်းဂါထာပင်တည်း။

ကောဒသမနယချီး အဖြေ ပြီး၏။

http://www.dhammadownload.com

၁၂-ဒွါဒသမနယချီး အဖြေ

ဆဲ့ခြောက်စတန် သူ့မှုလမှာ၊ နည်းနဝမ တူလုံးစုံ။ ။ယေစ့ပါ တူမ လွတ်သည့်၊ ချွတ်စွပ်သည့်ပုံ။ ။သန့်ဌာန် မြဲကြည်ယုံသည်၊ ဖြေပုံမှာ ပဌမနှင့်၊ ယွင်းမခွထွေလာ၊ မိုးကြိုးပစ်စာ။ ။ခြေသိမ်းခေါင်းပိုက် သူ့အမှာမှာ၊ မှတ်ဘွယ်ရာ လွယ်လွန်းလှလေး။

အဓိပ္ပါယ်ကား — ဒွါဒသမနယ၌ ဟောအပ်သောပုဒ်တို့သည်လည်း အောက်နဝမနယက ဟောခဲ့ပြီးသော "အရူပက္ခန္ဓာ စ စတ္တာရော၊ မနာယတနမေဝစ။ ဝိညာဏဓာတုယော သတ္တ" အစရှိသော ပုဒ်တို့ပင်တည်း။

ယေစ့သောအခါ၌လည်း နဝမနယကဲ့သို့ သမ္မယုတ်ဖြစ်သော တရားကို အကုန်စဲ့၊ ထိုယေစ့ရ ရသော တရား၌ သင်္ဂီတပုစ္ဆာ အသင်္ဂီတပုစ္ဆာ ပြုလုပ်သောအခါ၌လည်း ပဌမနယ အတိုင်း ခန္ဓာ ၁ ပါးရေတွက်အပ်လျှင် "ကေန ခန္ဓေန သင်္ဂီတာ, ကေန ခန္ဓေန အသင်္ဂီတာ" စသည်ဖြင့် ဝိသဇ္ဇနာပြု ဟူလိုသည်။ နဝမနယ ဥဒါန်းဂါထာပင်တည်း။

ဒွါဒသမနယချီး အဖြေ ပြီး၏။

၁၃-တေရသမနယချီး အဖြေ

ပဌမ ဟောရန်ပုဒ်က၊ သြဠာရိပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ်စွဲဗာဝ်သ ဟောကြရသည်။ ။ယေစ့မှု သူ့စိတ်ရည်မှာ၊ နည်းငါးမည့် တူမခွလို့၊ ဆင်ခြနည်း ဖြေသလို၊ ဟောရသကို။ ။တေရသမ သူ့အဆိုမှာ၊ လွယ်မလို ခက်လွန်းလှလေး။ ။

အဓိပ္ပါယ်ကား—ပဌမဟောရန်ပုဒ်ကသြဠာရိပ် စွဲရာ့ရှစ်မည်။ ။ဝိညာဉ်စွဲဗာဝ်သ ဟောကြရသည် ဟူသောစကားဖြင့်ဤ တေရသမနယ၌ ဟောတော်မူ အပ်သောပုဒ်တို့သည် ပဌမနယ၌ ဟောခဲ့သော ရူပက္ခန္ဓာနှင့် ဝိသဇ္ဇနာတူသော ပုဒ် ၂၂-ပုဒ်၊ အရူပဘဝနှင့် ဝိသဇ္ဇနာတူသောပုဒ် ၁၀၈-ပုဒ်အားဖြင့် ပေါင်း ၁၃၀-သောပုဒ်တို့ပင်တည်း။

ရူပက္ခန္ဓာနှင့် ဝိသဇ္ဇနာတူသောပုဒ် ၂၂-ပါးဟူသည်ကာ----ရူပက္ခန္ဓာ ၁-ပါး၊ ဓမ္မာယတန ၁-ပါး၊ ဓမ္မဓာတ် ၁-ပါး၊ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေဟူ၍ ၃-ပါး၊ နာမ်ရူပ်, အသညာဘဝ, ကေဝေါကာရဘဝ, ဇာတိ, ဇရာ, မရဏဟူ၍ ပဋိစ္စ-

http://www.dhammadownload.com

သမ္ပယုတ်၌ ၆-ပါး၊ ရူပိနော ဓမ္မာဟူ၍ စူဠန္တရဒုက်၌ ၁-ပါး၊ အနာရမ္မဏ, နော-စိတ္တ, စိတ္တဝိပ္ပယုတ္တ, စိတ္တသံသဋ္ဌ, စိတ္တသမုဋ္ဌာန, စိတ္တသဟဘု, စိတ္တာနုပရိဝတ္တိ, ဗာဟိရာ, ဥပါဒါဟူ၍ မဟန္တရဒုက်၌ ၉-ပါး ဤသို့လျှင် ၂၂-ပါး ဖြစ်သတည်း။

အရူပဘဝနှင့် ဝိသဇ္ဇနာတူသောပုဒ် ၁၀၈-ပါးဟူသည်ကား—အရူပဘဝ, နေဝသညာနာသညာဘဝ, စတုဝေါကာရဘဝဟု ပဋိစ္စသမုပ္ပါဒ်၌ ၃-ပါး၊ ဣဒ္ဓိ ပါဒ် ၁-ပါး၊ တိက်၌ ကုသလာ ဓမ္မာ အစရှိသော နာမက္ခန္ဓာလေးပါးလုံး ရသောပုဒ်, နာမက္ခန္ဓာလေးပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၄၁-ပါး၊ ဂေါစ္ဆကဒ္ဒ ၄၂-ပါး၊ အရူပိနော ဓမ္မာ, လောကုတ္တရာ ဓမ္မာ ဟူ၍ စူဠန္တရဒုက်၌ ၂-ပါး၊ သာရမ္မဏာ ဓမ္မာဟူ၍မဟန္တရဒုက်၌ ၁-ပါး၊ ပိဋ္ဌိဒုက်၌လည်း နာမက္ခန္ဓာ ၄-ပါးလုံး ရသောပုဒ်, နာမက္ခန္ဓာ ၄-ပါးနှင့်တကွ နိဗ္ဗာန်ရသောပုဒ် ၁၈-ပါး။ ဤသို့လျှင် ၁၀၈-ပါး ဖြစ်သတည်း။

ဤပုဒ်တို့ကိုလည်း ပဋ္ဌမနယ၌ ဟောခဲ့ပြီ၊ ဤတေရသမနယ၌လည်း အောက် ပဋ္ဌမနယက ဟောခဲ့သော ဝိညာဉ်စွဲ ဗာဝီသ၊ သြဠာရိကရူပ်၌ စွဲသော ၁၀၈-ပုဒ်တို့ကို ဟောအပ်၏ဟု ဟောပုဒ်ကို ပြသော စကားတည်း။

ယေစ္ဆဲမှ သူ့စိတ်ရည်မှာ၊ နည်းငါးမည် တူမခွလို့ ဟူသော စကားဖြင့် ယေစ္ဆဲသောအခါ ပဋ္ဌမနယအတိုင်းစွဲ ဟူလိုသည်။

ဆဋ္ဌနည်း ဖြေသလို၊ ဟောရသကို ဟူသော စကားဖြင့် ယေစ္ဆဲသောတရားတို့၌ သမ္ပယုတ် ဝိပ္ပယုတ်မေးသောအခါ ဆဋ္ဌနယအတိုင်း ဖြေ၍ဟောလေ ဟူလိုသည်။

တေရသမနယချီး အဖြေ ပြီး၏။

၁၄-စုဒ္ဓသမနယချီး အဖြေ

စုဒ္ဓသမဟောရန်နည်းမှာ၊ အဋ္ဌမနည်း တူလုံးစုံ။ ။ယေစ္ဆဲပါ
တူမသွေးသည်၊ မြှောမွေးသည်ပုံ။ ။ဖြေရန်ဘို့ တွေ့ကြုံလျှင်၊ ပဌမပုံ
စိတ်ဇောနှင့်၊ သဘောတော် သွေမလှန်၊ မြေလက်ခတ်မှန်။ ။
သိန်းလေးသောင်း နက်စံကို၊ လက်ရှည်ဏ် ခွါလှစ်လို့ ၊ အနှစ်ကယ်
မြေဆီကို၊ ပေးဌသလို။ ။စာသင်ယှဉ်နှ မျှားလူဗိုလ်ကို၊ နှစ်ဆီကိုကျေး
လိုက်ကဲ့လေး။ ။

အဓိပ္ပါယ်ကား—ဤစုဒ္ဓသမနယ၌ ဟောပုဒ်တို့သည် **အဋ္ဌမနယ၌ ဟောခဲ့**
သော ဓမ္မာယတန ဓမ္မဓာတ်စသည်တို့မှတပါး ခန္ဓာငါးပါးအစရှိသော တရား
၆၈၏ အဋ္ဌမနယနှင့် အလုံးစုံတူ၏ ဟူလို။

http://www.dhammadownload.com

ယေစ့ဲသောအခါ၌လည်း အဋ္ဌမနယကဲ့သို့ ဝိပပ္ယဟ်ဖြစ်သော တရားကိုပင်စ့ဲ၊ အဋ္ဌမနယ စ့ဲသကဲ့သို့ပင် မထူးပြီ။

အဋ္ဌမနယယေစ့ဲနှင့် စုဒ္ဓသမယေစ့ဲသည် အမြှောမ့ေးသကဲ့သို့ဖြစ်၍ မထူးဟူလို့။

ယေစ့ဲ၍ ရသောတရား၌ ပုစ္ဆာပြုလုပ်သောအခါ ပဌမနယအတိုင်းပင် ရေတွက်အပ်သော ခန္ဓာ အာယတန ဓာတ် မရေတွက်အပ်သော ခန္ဓာ အာယ-တန ဓာတ် ထိုက်သည့်အတိုင်းဖြေဟူလိုသည်။

ပဌမနယ ဆဋ္ဌနယတို့၌ ယေစ့ဲမရှိ။

ဒုတိယနယ တတိယနယ အဋ္ဌမနယ ကောဒသမနယ ဒွါဒသမနယ ဟေရ-သမနယ စုဒ္ဓသမနယ ဤ ၇-ခုသောနယတို့၌ ယေတခုသာ ရှိသည်။

ထိုမှကြွင်းသော စတုဿနယ ပဉ္စမနယ သတ္တမနယ နာဝမနယ ဒသမနယ ဤ ၅-နယတို့၌ ယေနှစ်ယေသာ ရှိသည်။

စုဒ္ဓသမနယချီး အဖြေ ပြီး၏။

ရှေး တုတ်လှမ်းဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော
ဓာတုကထာချီးနှင့်တကွ ၎င်းအဖြေအကျယ်

အဓိပ္ပါယ် ပြီး၏။

မ.ဖ.သ.စာ ၄၃/ဇ.၁.၂၀၁၀ (၁၀၀၀)ထည်အို